# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း(၁၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (9-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ဆေးကုသဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ဆေးကုသဆောင်များအား သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ ဆေးကုသဆောင်များနှင့်ဝန်ထမ်းအိမ်ရာများ၌ မန္တလေးမြေငလျင်ကြီးလှုပ်ခတ်မှုဖြစ်ပွားစဉ် ထိခိုက်ပျက်စီးခဲ့ရမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံကြီးအတွင်းရှိ ဆေးကုသဆောင်များ၊ အထူးကြပ်မတ်ကုသဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ ခွဲစိတ်ကုသဆောင်များအား လှည့်လည်ကြည့်ရှု၍

**စာမျက်နှာ ၁၈ ကော်လံ ၁**


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊
E-Topup ဖုန်းပြောပြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊
Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊
မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

Myanmar MOBILE MONEY anywhere anytime anyone

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၅ ခုနှစ် ဧပြီ ၉ ရက်
အယ်ဒီတာ့အာဘော်

# မြေငလျင်ဒဏ်ကို အပြန်အလှန်ကူညီဖေးမရင်ဆိုင်ကျော်လွှား

မြန်မာနိုင်ငံ၌ ၂၀၂၅ခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် မန္တလေးမြေငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်ငယ်များလှုပ်ခတ်ခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရသည်။

မန္တလေးမြေငလျင်ကြီးကြောင့် လမ်း၊ တံတား၊ အဆောက်အအုံများထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူတချို့ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသည်။ လက်ရှိတွင်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရှင်းလင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအပြင် တိုင်းရင်းသားပြည်သူများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပြင်းထန်သော မန္တလေးမြေငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတွင် ဧပြီ ၆ ရက် ထိ သေဆုံးသူ ၃၅၁၄ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၀၉ ဦးနှင့် ပျောက်ဆုံးသူ ၂၁၀ ဦးရှိသည်။ အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ဧပြီ ၆ ရက် ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၆၈၆ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ငလျင်ဒဏ်သင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် စေတနာရှင်၊ အလှူရှင်များကပါဝင် လှူဒါန်းလျက်ရှိသည်။ ထိုသို့ လှူဒါန်းရာတွင် ပြည်တွင်းရှိ အနယ်နယ်အရပ်ရပ်မှ စေတနာရှင် တိုင်းရင်းသားပြည်သူများကလည်း အစားအသောက်များချက်ပြုတ်၍ ထမင်း၊ ဟင်းများလှူဒါန်းခြင်း၊ စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကို ကိုယ်တိုင်ကိုယ်ကျသော်လည်းကောင်း၊ အဖွဲ့လိုက်စုပေါင်း၍သော်လည်းကောင်း လုပ်ဆောင်လျက်ရှိသည်။ ပြည်ပနိုင်ငံများကလည်း ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိသည်။

မြန်မာနိုင်ငံတွင် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စသည့်ဘေးအန္တရာယ်များ ကျရောက်သည့်အခါတိုင်း မြန်မာတိုင်းရင်းသားအပေါင်းတို့သည် ဒုက္ခရောက်နေသူများကို အသင်းအဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အင်တိုက်အားတိုက်ကူညီဖေးမကြလေ့ရှိသည်။ "လဲနေသူကိုထူပေးပါ"ဟူသော ဆိုစကားအတိုင်း တစ်ဦးအခက်အခဲကို ကျန်သူများက တတ်စွမ်းသရွေ့လှိုက်လှိုက်လှဲလှဲကူညီဖေးမကြမှုမှာ မြန်မာ့စရိုက်အမှန်ဖြစ်သည်။ ယခု ငလျင်ဒဏ်ကို အလူးအလဲခံနေကြသည့်ကြားကပင် လောကဓံကို အပြုံးမပျက်ကြံ့ကြံ့ခံရင်ဆိုင်ကြသော မြန်မာလူမျိုးတို့သည် ရှေးအစဉ်အဆက်ကတည်းက အခက်အခဲအမျိုးမျိုးကို အပြန်အလှန်ကူညီဖေးမခဲ့ကြသော ချစ်ကြည်စည်းလုံးမှုရှိကြသော မြန်မာ့စိတ်ဓာတ်များကြောင့်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ယခုကဲ့သို့ ကြုံတွေ့ခံစားရသော မန္တလေးမြေငလျင်ကြီးသည် ကြိုတင်ရှောင်လွှဲ၍မရသော သဘာဝဘေးအန္တရာယ်တစ်မျိုးဖြစ်သည်။ ထို့ကြောင့် ငလျင်ဘေးဒဏ်ခံစားနေရချိန်တွင် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ကူညီဖေးမကြ၍ ငလျင်ဘေးဒဏ်ကို လက်တွဲရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ရွှေသာလျောင်းနှင့် ဆည်တော်နံ့ရွှေမုဋ္ဌောစေတီတော်သို့ သွားရောက်ကြည့်ရှု၊ ပြန်လည်ထွက်ခွာကြသည့် ရုရှား၊ လာအိုကူညီကယ်ဆယ်ရေးအဖွဲ့တို့ကိုနှုတ်ဆက်

**မန္တလေး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီ ၇ ရက် ညနေပိုင်းက ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ရှိ ရွှေသာလျောင်းစေတီတော်နှင့် ဆည်တော်နံ့ ရွှေမုဋ္ဌောစေတီတော်သို့ သွားရောက်ပြီး ငလျင်ဘေးဒဏ်ကြောင့် စေတီ၊ ပုထိုးများ၊ သာသနိက အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေသာလျောင်းစေတီတော်သို့ရောက်ရှိပြီး စေတီ၊ ပုထိုးနှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ရွှေသာလျောင်းတောင်တော်ရှိ ကျောက်သေတ္တာစေတီဘုရားထိခိုက်ကွဲအက်နေမှုအခြေအနေနှင့် တောင်ခြေအနီးတစ်ဝိုက် အန္တရာယ်မဖြစ်ပေါ်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုခဲ့ပြီး ဆက်လက်၍ ဆည်တော်နံ့ရွှေမုဋ္ဌောစေတီတော်သို့သွားရောက်ပြီး စေတီတော်နှင့် သာသနိက အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံး ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ထိန်းသိမ်းခြင်းများဆောင်ရွက်သွားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းသွားရန် တာဝန်ရှိသူများကို ပြောကြားပြီး လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် အားကစားကွင်းသို့ရောက်ရှိရာ မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသည့် Humanitarian Assistance and Disaster Relief Committees of the Lao People's Army အဖွဲ့ကိုနှုတ်ဆက်၍အားပေးကူညီမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်သည် ညပိုင်းတွင် မန္တလာသီရိ အားကစားကွင်းသို့ သွားရောက်ပြီး မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသည့် The Russian Rescue Team အဖွဲ့ကိုနှုတ်ဆက်၍ အားပေးကူညီမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကင်းမွန်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မြောင်းမြ ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကင်းမွန်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ကင်းမွန်ပိသာချိန် ၅၂၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကင်းမွန်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်တစ်ပိသာလျှင် ငွေကျပ် ၂၃၀၀၀ မှ ၃၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"မြောင်းမြမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ ပုံမှန်တင်ပို့ ရောင်းချနေတာမှာ မတ်လအတွင်း ကင်းမွန်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိပွဲရုံတွေဆီ ကင်းမွန်တွေအဝင်များပြီး အရင်ကထက် အရောင်းအဝယ် ပိုသွက်လာတယ်။ ကုန်တွေများများတင်ပို့ရောင်းချအားရှိခဲ့တော့ ရေလုပ်ငန်းနဲ့ဆက်စပ်တဲ့ လုပ်ငန်းရှင်တွေ အဆင်ပြေတာ တွေ့ရပါတယ်"ဟု မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။

အဆိုပါကင်းမွန်များကို စနစ်တကျသန့်စင်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကင်းမွန်များအရောင်းအဝယ်ကောင်းလာသည့်အတွက် ကုန်သည်များ၊ ရေလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစားတော်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၄ ဒသမ ၉၁ တင်း ထွက်ရှိ

**ဟုမ္မလင်း ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၉၁ တင်းထွက်ရှိခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၁၅၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ဖို့နဲ့ စားနပ်ရိက္ခာဖူလုံစေဖို့အတွက် စားတော်ပဲသီးနှံ ၁၅၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စားတော်ပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စားတော်ပဲဟာ ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်တဲ့အတွက် ဈေးကွက်ရှိပြီး စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေကြပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် စားတော်ပဲစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ ကူညီရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့တို့ကို နှုတ်ဆက်



**မန္တလေး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဧပြီ ၇ ရက် နံနက်ပိုင်းက မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ ကူညီရှာဖွေကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့တို့အားသွားရောက်နှုတ်ဆက်၍ ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့သည် လူသားချင်းစာနာ ထောက်ထားမှုများဖြင့် မန္တလေးမြို့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Jiao Yue Guo ဦးစီး ၇၅ ဦးပါ Hong Kong, China Search & Rescue Team၊ Mr.Gau Guo Wei ဦးစီး ၁၁၈ ဦးပါ China International Search & Rescue Team၊ Mr.Kyauk Me ဦးစီး ၇၀ ဦးပါ China Search and Rescue တို့ကို ယာယီအခြေပြု မင်္ဂလာမန္တလေးတွင်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံမှ Mr. Igor ဦးစီး ၃၃ ဦးပါ The Republican Special Response Team "ZUBR" of the Ministry for Emergency Situations of The Republic of Belarus အဖွဲ့ကို ယာယီအခြေပြု မန္တလာသီရိ အားကစားကွင်းတွင်လည်းကောင်း ရောက်ရှိပြီး လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ကြပြီး မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသွားကြခြင်းဖြစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွေ့ဆုံနှုတ်ဆက်၍အားပေးကူညီမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့် နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မန္တလေးတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အလှူငွေကျပ် သိန်း ၁၀၀ ကို ဧပြီ ၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက် အကွက် (၃၀၈) နေ ဦးမောင်ကို ၈၇ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဒေါ်အုန်းရင် မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# သံတောင်ကြီးမြို့နယ် ထမုံ(အလယ်/ဥယျာဉ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဧပြီ ၈**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ထမုံ (အလယ်/ဥယျာဉ်) ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ထမုံ (အလယ်/ဥယျာဉ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၈ ဦးကို ရန်ပုံငွေကျပ် ၃၅၀ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# မင်းကင်းမြို့နယ်တွင် နှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်

**မင်းကင်း ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၅၃၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၂၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နှမ်း ၅၃၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ အခုလက်ရှိ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့အနေ အထားမှာရှိတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန် ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် နှမ်းကိုအထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်းမြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရံ့ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဌေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များအပါအဝင် ဒေသရေထွက်ကုန်များကိုတင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် ဖေဖော်ဝါရီလက ငါးရံ့ပိသာ ချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးရံ့ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မတ်လအတွင်းမှာ ငါးရံ့တွေ ရန်ကုန်ဈေးကွက်ထဲကို သိသိသာသာ တင်ပို့မှုကောင်းခဲ့ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အဓိက တင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခုလိုဝယ်ယူမှုကောင်းလာတော့ ငါးရံ့မွေးမြူသူတွေနဲ့ ရေလုပ်သားတွေ အဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဌေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အသေး ၁၀ ပိသာလျှင် ငွေကျပ် ၁၅၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိသာလျှင် ငွေကျပ်၁၇၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိသာလျှင် ငွေကျပ် ၂၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲရုံပိုင်ရှင် ဒေါ်မာမာဌေးထံမှ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ငါးရံ့များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့မှုများပြားခဲ့ခြင်းကြောင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ရေလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ်ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာဌေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံခေတ် ရဟန်းခံအလှူကျောက်စာ

မောင်သာ(ရွှေဟောင်းသုတေသန)

ပုဂံ၊ သက်စိုးတောင်ပေါ်ရှိ ကျောက်စာရုံတွင် စိုက်ထူထားသည့် ကျောက်စာသုံးချပ်ရှိရာ ထိုကျောက်စာများကို ၁၉၂၆ ခုနှစ်တွင် တွေ့ရှိခဲ့ပြီး နောက် ထိန်းသိမ်းထားခဲ့ခြင်းဖြစ်သည်။ ယူနက်စကိုမှ ပညာရှင် ပစ်ချတ်ပြုစုသည့် ပုဂံရှေးဟောင်းအဆောက်အအုံများမှတ်တမ်းစာရင်း(INVENTORY OF MONUMENTS AT PAGAN) အတွဲ(၈)တွင် တုရင်တောင်တန်းပေါ်ရှိ ဘုရားအမှတ် (၂၂၃၃) ၌ ကျောက်စာ ငါးချပ်တွေ့ရှိရသည်ဟု ဖော်ပြထားသည်။ ထိုဘုရားသည် တုရင်တောင်စေတီ၏ အရှေ့တောင်ဘက်တွင်တည်ရှိသည်ဟုလည်း ဖော်ပြထားသည်။

ထိုဘုရားသည် အရွယ်အစား မကြီးမားသည့် တစ်ထပ်လိုဏ်ဘုရားဖြစ်၍ ၁၉၂၆ ခုနှစ်က ပေါ်တော်မူဘုရားဟုအမည်တွင်ခဲ့ကာ ယခုအခါတွင် ဦးဖောင်းဘုရားဖြစ်ကြောင်း ရှေးမြန်မာကျောက်စာလေ့လာချက်စာအုပ်တွင် ဖော်ပြထားသည်။ သက်စိုးတောင်ကျောက်စာရုံသည် ဦးဖောင်းဘုရား၏ အနောက်ဘက်တွင်ရှိ၍ ကျောက်စာရုံအတွင်းရှိ ကျောက်စာတိုင်အမှတ် (၁) သည် ပုဂံခေတ်ကပြုလုပ်ခဲ့သည့် ရဟန်းခံပွဲတစ်ခုကို မှတ်တမ်းတင်ထားသည့် ကျောက်စာဖြစ်သည်။ ထိုကျောက်စာကို ပါမောက္ခလုစ်နှင့် ဦးဖေမောင်တင်တို့ တည်းဖြတ်ထုတ်ဝေခဲ့သည့် မြန်မာတိုင်းရင်းကျောက်စာများ (Inscriptions of Burma) တတိယအုပ်တွင် မင်ကူးထားသည့်ဓာတ်ပုံဖြင့် ဖော်ပြထားသည်။

ကျောက်စာတွင် ရေးထိုးသည့် ခုနှစ်သက္ကရာဇ် မပါရှိသော်လည်း ထိုကျောက်စာကို ခရစ်နှစ် ၁၂၀၀ ပြည့်နှစ်ဝန်းကျင်တွင် ရေးထိုးခဲ့သည်ဟု ပညာရှင်များက ယူဆကြသည်။

ကျောက်စာအလှူရှင်သည် ငါသုဖွေ့စ်ဖြစ်၍ တစ်မျက်နှာထိုးကျောက်စာတွင် စာကြောင်း ၁၉ ကြောင်း ရေးထိုးကာ သူ၏အလှူကို မှတ်တမ်းတင်ခဲ့သည်။ ထိုကျောက်စာကို အငြိမ်းစားသမိုင်းပါမောက္ခဆရာဦးနီတွတ်ကဖတ်ရှုပြီး သုတေသနပြုလုပ်ခဲ့သည်။

**ကျောက်စာရှင်၏ အလှူ ၁၂ ပါး**

ငါသုဖွေ့စ်အမည်ရှိ အလှူရှင်သည် မထေရ်တစ်ပါးဟောကြားသောတရားကို နာယူခဲ့ပြီးနောက် သားနှစ်ယောက်ကို ရဟန်းခံသည့် အလှူကိုပြုလုပ်ခဲ့သည်။

ကျောက်စာတွင်ရေးထိုးထားသည့်စာသားများအရ ငါသုဖွေ့စ်သည် ရတနာသုံးပါးကိုရည်မှန်း၍ ကောင်းမှု ၁၂ မျိုးကို ပြုလုပ်လှူဒါန်းခဲ့သည်။ ထိုကောင်းမှုများသည် ဗုဒ္ဓရုပ်ပွားတော်သုံးဆူ ပြုလုပ်ခြင်း၊ ပုထိုး နှစ်ကြိမ် တည်ထားခြင်း၊ နိဒါန်းစာတစ်ကျမ်း ရေးကူးလှူဒါန်းခြင်း၊ ကျောင်းဆောက်လှူဒါန်းခြင်း၊ ညောင်နှစ်ပင်စိုက်လှူခြင်း၊ ဓမ္မသာလာဇရပ် ဆောက်လုပ်လှူဒါန်းခြင်း၊ ရေကန်တစ်ကန်တူးခြင်း၊ သားနှစ်ယောက်အား ရဟန်းခံပေးခြင်း၊ သင်္ကန်းငါးဆူလှူဒါန်းခြင်း၊ ပရိက္ခရာရှစ်ပါး လှူဒါန်းခြင်း၊ နှစ်စဉ်နှစ်တိုင်း ထီးတံခွန်ပူဇော်ခြင်းနှင့် နေ့စဉ်ဥပုသ်သီလဆောက်တည်ခြင်းတို့ဖြစ်ကြောင်း ဆရာဦးနီတွတ်က ဖော်ထုတ်ရှင်းပြခဲ့သည်။

ထိုအလှူ ၁၂ မျိုးတွင် ငါသုဖွေ့စ်၏ အဓိကအလှူသည် သားနှစ်ယောက်ကို ရဟန်းခံခြင်းဖြစ်သည်။ ရဟန်းခံရှင်ပြုအလှူကိုအကြောင်းပြု၍ ဘုရားရှင်ကိုရည်မှန်းကာ ဗုဒ္ဓဆင်းတုတော်များ၊ ပုထိုးတော်၊ ညောင်နှစ်ပင်နှင့် ထီးတံခွန်တို့ကို လှူဒါန်းခဲ့သည်။ ထို့အတူ တရားတော်ကိုရည်မှန်းကာ နိဒါန်းကျမ်းစာတစ်စောင်ကိုရေးကူးခဲ့ပြီး ဓမ္မသာလာဇရပ်တစ်ဆောင်ကို တည်ဆောက်လှူဒါန်းခဲ့သည်။ သံဃာကိုရည်မှန်းလျက် သံဃာများသီတင်းသုံးရန် ကျောင်းဆောက်ခြင်း၊ ရေကန်တစ်ကန်တူးဖော်ခြင်း၊ သားနှစ်ယောက်ကို ရဟန်းခံပေးခြင်း၊ ပရိက္ခရာရှစ်ပါးလှူဒါန်းခြင်းတို့ကိုပြုလုပ်ခဲ့သည်။ အလှူရှင်သည် ဘုရား၊ တရား၊ သံဃာကိုရည်မှန်းလျက် နေ့စဉ်ဥပုသ်သီလဆောက်တည်ခဲ့သည်။

❖ကျောက်စာတွင် ရေးထိုးထားသည့် စာသားများအရ ငါသုဖွေ့စ်သည် ရတနာသုံးပါးကိုရည်မှန်း၍ ကောင်းမှု ၁၂ မျိုးကိုပြုလုပ်လှူဒါန်းခဲ့သည်။ ထိုကောင်းမှုများသည် ဗုဒ္ဓရုပ်ပွားတော်သုံးဆူပြုလုပ်ခြင်း၊ ပုထိုးနှစ်ကြိမ်တည်ထားခြင်း၊ နိဒါန်းစာတစ်ကျမ်း ရေးကူးလှူဒါန်းခြင်း၊ ကျောင်းဆောက်လှူဒါန်းခြင်း၊ ညောင်နှစ်ပင်စိုက်လှူခြင်း၊ ဓမ္မသာလာဇရပ်ဆောက်လုပ်လှူဒါန်းခြင်း၊ ရေကန်တစ်ကန်တူးခြင်း၊ သားနှစ်ယောက်အား ရဟန်းခံပေးခြင်း၊ သင်္ကန်းငါးဆူ လှူဒါန်းခြင်း၊ ပရိက္ခရာရှစ်ပါး လှူဒါန်းခြင်း၊ နှစ်စဉ်နှစ်တိုင်း ထီးတံခွန်ပူဇော်ခြင်းနှင့် နေ့စဉ်ဥပုသ်သီလဆောက်တည်ခြင်းတို့ဖြစ်ကြောင်း ဆရာဦးနီတွတ်က ဖော်ထုတ်ရှင်းပြခဲ့သည်။ ❖

**ပုဂံခေတ် သီတင်းသည်**

ငါသုဖွေ့စ် နေ့စဉ်ပြုသည့် အလှူသည် ဥပုသ်သီလဆောက်တည်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျောက်စာတွင် (နိယ်ယက်မာခြလေသတာင်သုံဧ) ဟု နေ့ရက်မခြား သီတင်းသုံးကြောင်း ရေးထိုးထားသည်။ ဆရာဦးနီတွတ်က ပုဂံခေတ်တွင် သီတင်းသည်ရှိခဲ့ပြီး နေ့စဉ်ဥပုသ်သီတင်းဆောက်တည်ရာမှ သီတင်းသည်ဖြစ်လာပုံရကြောင်း၊ သီတင်းသည်သည် ကုန်းဘောင်ခေတ်တွင် ဖိုးသူတော်နှင့် သီလသည်ဖြစ်လာပုံရကြောင်း၊ ဖိုးသူတော်သည် ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်နေထိုင်ရာမှ မေးမိုန်ပျောက်ကွယ်ခဲ့ပြီး သီလသည်မှာမူ သီလရှင်အဖြစ် မျက်မှောက်ခေတ်တိုင် တည်ရှိနေကြောင်း သုံးသပ်ခဲ့သည်။

ပုဂံခေတ်သုံးစကားအရ သီတင်းသုံးသည် အမျိုးသားဖြစ်၍ သီတင်းသည်သည် အမျိုးသမီးကို ရည်ညွှန်းခြင်းဖြစ်ကာ ထိုသူတို့သည် ရှစ်ပါးသီလကို ခံယူဆောက်တည်ကြသူများဖြစ်မည်ဟု ခန့်မှန်းနိုင်သော်လည်း အဝတ်အစားသတ်မှတ်ချက် ရှိ၊ မရှိကိုမူ မသိနိုင်ကြောင်း ဆက်လက်ရေးသားခဲ့သည်။

**ငါသုဖွေ့စ်၏ အလှူများ**

သက်စိုးတောင်ပေါ်၌ သဲကျောက်များကို အလွယ်တကူရနိုင်သဖြင့် ငါသုဖွေ့စ်သည် သူလှူဒါန်းလိုသည့် ဗုဒ္ဓဆင်းတုတော်များကို သဲကျောက်ဖြင့်သာ ထုလုပ်ခဲ့ဖွယ်ရှိကာ ဆင်းတုအရွယ်ကိုမူ မခန့်မှန်းနိုင်ခဲ့ပေ။ သို့သော် ပေါ်တော်မူဘုရားအနီးနှင့် မိကျောင်းကန်အနီးတို့မှ ဆင်းတုတော်တစ်ဆူစီကို တွေ့ရှိခဲ့သည်။ ထိုဆင်းတုတော်နှစ်ဆူသည် ငါသုဖွေ့စ်နှင့် သက်ဆိုင်ပုံမရကြောင်း ဆရာဦးနီတွတ်က သုံးသပ်ခဲ့သည်။

ကျောက်စာတွင် ရေးထိုးထားသည့် (ပုထိုဝ်လေနှစ်ဖန်) ဟူသည့် စာသားအရ ပုထိုးကို နှစ်ကြိမ်တည်ခြင်းဟု ယူဆခြင်းသည် ပုထိုးနှစ်လုံးတည်ခြင်းဟု ယူဆခြင်းထက် ပိုမိုသင့်မြတ်ဖွယ်ဖြစ်သည်။ သက်စိုးတောင်ပေါ်တွင် ဦးဖောင်းဂူပုထိုး၊ ပေါ်တော်မူဂူပုထိုးနှင့် မိကျောင်းကန်ဂူပုထိုးတို့အပြင် ဦးခေါင်းတော်ကျိုးနေသည့် ရုပ်ပွားတော်နှစ်ဆူရှိသည့် အရှေ့ဘက်သို့လှည့်သည့် ဂူပုထိုးနှစ်ဆူနှင့် မြောက်ဘက်သို့လှည့်သည့် ဂူပုထိုးတစ်ဆူတို့တည်ရှိသည်။ သို့သော် ထိုပုထိုးများအနက် တစ်ခုခုသည် ငါသုဖွေ့စ်လှူခဲ့သည့် ပုထိုးနှင့်သက်ဆိုင်ခြင်းရှိ၊ မရှိကို မဆုံးဖြတ်နိုင်ပေ။

ဆရာဦးနီတွတ်၏ယူဆချက်အရ ဂူပုထိုးကိုတည်ခဲ့ပြီး အပြီးမသတ်နိုင်ခဲ့ဘဲ ရပ်ခဲ့ပုံရကာ နောင်မှ ဆက်လက်တည်ခဲ့ဟန်ရှိသည်ဟုဆိုသည်။ တစ်နည်းအားဖြင့် ဂူပုထိုးတည်ပြီး အထွတ်မတင်ခဲ့ဘဲ ဒုတိယအကြိမ်တွင် အထွတ်တင်ပြီး အထွတ်တင်ပွဲနှင့် ရှင်ပြုရဟန်းခံပွဲကို ပူးတွဲကျင်းပခဲ့ခြင်းလည်း ဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့သည်။

ငါသုဖွေ့စ်စိုက်လှူခဲ့သည့် ညောင်ပင်နှစ်ပင်မှာမူ ခြေရာခံ၍ မရသေးသကဲ့သို့ (တေစ်နှေစ်မာခြ တံခွန်ထီလေပူဇဝ်၏)ဟုရေးထိုးထားသည့် တံခွန်ထီးလှူဒါန်းမှုကိုလည်း မိမိတည်ခဲ့သည့် ဂူပုထိုးကို နှစ်စဉ်တံခွန်ထီးပူဇော်ခဲ့ကြောင်းကိုသာ မှန်းဆနိုင်မည်ဖြစ်သည်။ (တံခွန်ထီးသည် ထီးပါသော တံခွန်တိုင်ကို ဆိုလိုသည်။ တံခွန်တိုင်ထိပ်တွင် ထီးကိုထည့်သွင်းပြုလုပ်ထားခြင်းဖြစ်ပါသည်။)

ကျောက်စာတွင် ရေးထိုးထားသည့် (နိဒါန်ဧလေတစ်ဂ္လာမ်လေရိဧ)ဟူသည့် စာသားများအရ ငါသုဖွေ့စ်သည် ရဟန်းခံအလှူတွင် နိဒါန်းစာတစ်ကျမ်းကို ရေးကူးလှူဒါန်းခဲ့သည်။ ဗုဒ္ဓဘုရားရှင် မိန့်မြွက်ခဲ့သည့် ပိဋကသုံးပုံ၏ကျမ်းဦးနိဒါန်းသုံးရပ်ကို နိဒါန်းစာဟုဆိုလိုခြင်းဟု ယူဆရဖွယ်ရှိသည်။ ထိုနိဒါန်းစာများကို မည်သည့်အရာပေါ်တွင် မည်သို့ရေးကူးခဲ့ကြောင်းကိုလည်း မှန်းဆရန်မလွယ်ကူခဲ့ပါချေ။

အလှူရှင်ငါသုဖွေ့စ်သည် နေ့စဉ် ဥပုသ်သီလဆောက်တည်သဖြင့် သက်စိုးတောင်ပေါ်ရှိ ရဟန်း၊ သာမဏေ၊ ကပ္ပိယနှင့် ဝေယျာဝစ္စပြုသူများရွတ်ဖတ်ပူဇော်ရန်ကူးယူသည့် နိဒါန်းစာသည် ဘုရားရှိခိုးစာတစ်မျိုးမျိုးလည်းဖြစ်နိုင်ကြောင်းနှင့် မျက်မှောက်ခေတ်တွင် အများစုရွတ်ဖတ်ပူဇော်လေ့ရှိသည့် ဘုရားရှိခိုးကန်တော့ချိုးစာဟု ယာယီမှန်းဆလိုကြောင်း ဆရာဦးနီတွတ်က ရေးသားခဲ့သည်။

ငါသုဖွေ့စ် ဆောက်လုပ်လှူဒါန်းခဲ့သည့်(ဓမ္မသစာရပ်) ဓမ္မသာလာဇရပ်ကို ကျောက်၊ အုတ်၊ သစ် မည်သည့်ပစ္စည်းဖြင့်တည်ဆောက်ခဲ့ကြောင်း၊ အရွယ်အစားမည်မျှရှိကြောင်း မသိနိုင်သော်လည်း ဂူပုထိုးရှေ့တွင် တည်ဆောက်ခဲ့သည့် ဇရပ်ဆောင် သို့မဟုတ် အာရုံခံတန်ဆောင်းဖြစ်ဖွယ်ရှိကြောင်းသာ မှန်းဆနိုင်ပေသည်။

သံဃာများသီတင်းသုံးရန် ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောင်းသည်လည်း မည်သည့်ပုံစံ၊ မည်သည့်အရွယ်ဟု မှန်းဆနိုင်ခြင်းမရှိပေ။ ထို့အတူ သက်စိုးတောင်ပေါ်ရှိ ဂူပုထိုးများအနီးတွင် ကျောင်းအဖြစ်ဆောက်လုပ်ခဲ့သည့် အဆောက်အအုံ အကြွင်းအကျန်အစအနများကို မတွေ့ရှိရချေ။ ထိုကျောက်စာကို သုတေသနပြုလုပ်ခဲ့သူ ဆရာဦးနီတွတ်က ငါသုဖွေ့စ်ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောင်းသည် တောင်သမန်ကျောက်တော်ကြီးဘုရား နံရံပန်းချီတွင်တွေ့ရှိရသည့် ဝါဆိုကျောင်းမျိုးဖြစ်နိုင်ဖွယ်ရှိ၍ ဝါးဖြင့်တည်ဆောက်ခဲ့ဟန်ရှိကြောင်း ယူဆခဲ့သည်။ ထို့အတူ ကျောင်းတည်ရှိခဲ့သည့်နေရာသည် ဂူပုထိုး၏ အနောက်တောင်ဘက်နှင့် တောင်ဘက်တွင် ဖြစ်နိုင်ကြောင်း မှန်းဆခဲ့ပေသည်။

ငါသုဖွေ့စ်တူးဖော်လှူဒါန်းခဲ့သည် ရေကန်သည် ဦးခေါင်းဘုရားရင်ပြင်မှ စီးကျလာသည့် မိုးရေများကို ခံသည့် ကျောက်ကန်ဖြစ်ပြီး ဘုရားတံတိုင်းနှင့် တစ်ဆက်တည်းပြုလုပ်ထားကြောင်း ရှေးမြန်မာကျောက်စာလေ့လာချက်စာအုပ်တွင်ဖော်ပြထားသည်။ ထိုကန်ကို လူအင်အားမည်မျှဖြင့် အချိန်မည်မျှကြာအောင် တူးဖော်ခဲ့ရပုံ၊ အဘယ်ကြောင့် တံတိုင်းနှင့်ကပ်လျက် တူးဖော်ခဲ့ပုံတို့သည် မှတ်တမ်းမှတ်ရာမရှိခဲ့ချေ။ ထို့အတူ နှစ်စဉ်ရေမည်မျှသိုလှောင်နိုင်ပြီး သုံးစွဲသူဦးရေမည်မျှရှိသည်၊ ကန်ရေပြည့်သောနှစ် မည်မျှရှိသည်၊ ကန်တွင်ရေလုံးဝမရသည့်နှစ်မည်မျှရှိသည် စသည်တို့ကို မှန်းဆရန်မလွယ်ကူသော်လည်း ရေကန်တူးဖော်လှူဒါန်းခဲ့သဖြင့် သက်စိုးတောင်ပေါ်တွင် အတိုင်းအတာတစ်ခုထိ အသုံးဝင်ခဲ့မည်ဟု ယူဆနိုင်မည်ဖြစ်သည်။

ကျောက်စာတွင် (သားနှစ်ယောက်လေရဟန်မှုဧ) ဟု ရေးထိုးထားသဖြင့် ငါသုဖွေ့စ်သည် သူ၏သားနှစ်ယောက်ကို ရဟန်းခံပေးခဲ့ကြောင်း ထင်ရှားစွာသိရှိရပေသည်။ ရဟန်းခံသည်ဟုဆိုသဖြင့် သားများသည် အသက် ၁၉ နှစ်ကျော် အရွယ်များဖြစ်ကြမည်ဖြစ်သည်။ ကျောက်စာ၏ အဓိကအကြောင်းအရာသည် သားနှစ်ယောက်ကို ရဟန်းခံအလှူပြုလုပ်သည့်ပွဲဖြစ်သဖြင့် ခေတ်ကာလအလျောက် စည်ကားသိုက်မြိုက်ခဲ့မည်ဟု မှန်းဆနိုင်သည်။

ထိုရဟန်းခံအလှူပွဲတွင် (သင်ကန်ငါဆောလေပိဧ)ဟုရေးထိုးခဲ့ရာ သင်္ကန်းငါးဆူ လှူခဲ့ပုံကို မှတ်တမ်းတင်ခြင်းဖြစ်သည်။ ဆရာဦးနီတွတ်က ပုဂံခေတ်တွင် ဧကသီနှင့်သင်းပိုင်ကို သင်္ကန်းတစ်စုံဟုလည်းကောင်း၊ ဧကသီ၊ သင်းပိုင်နှင့်ဒုကုဋ်ကို သင်္ကန်းတစ်ဆူဟု သတ်မှတ်ခြင်းမျိုးရှိကြောင်း ရှင်းပြခဲ့သည်။ သင်ကန်ငါဆောသည် သင်္ကန်းငါးဆူဖြစ်သဖြင့် သိမ်ဝင်ပဉ္စင်းခံပေးသော ဆရာတော်များကို လှူဒါန်းခဲ့ခြင်းပေလောဟု ကြံဆနိုင်သည်။ သို့သော် ထိုစဉ်က သက်စိုးတောင်တွင် သံဃာဦးရေမည်မျှ သီတင်းသုံးကြောင်း မသိရှိရသဖြင့် မှန်းဆရန်လွယ်ကူမည်မဟုတ်ပါချေ။

ပရိက္ခရာ ရှစ်ပါးလှူဒါန်းသည်ဟု ကျောက်စာတွင် တိုက်ရိုက်ဖော်ပြမထားသော်လည်း(သန်ရယင်ကစသော သပိတ်ကရာအလှူပေဧ)ဟု ဖော်ပြထားရာ သန်လျင်း(ထမ်းစင်)အစရှိသော သပိတ်၊ ကရား(ရေစစ်) အလှူပေး၏ဟုဆိုသဖြင့် ရဟန်းခံရာတွင်ပါရှိရသည့် ပရိက္ခရာရှစ်ပါးပါရှိမည်ဟုယုံကြည်ရသည်။ ပရိက္ခရာရှစ်ပါးသည် ရဟန်းတို့သုံးဆောင်ရသည့် မရှိမဖြစ်အသုံးအဆောင်များဖြစ်ရာ "သင်္ကန်းသုံးရပ်၊ သပိတ်အပ်၊ ပဲခွပ်ရေစစ်၊ ခါးပန်းတစ်"ဟု မှတ်သားကြသည့်အတိုင်း သင်းပိုင်၊ ဧကသီ၊ ဒုကုဋ် (သင်္ကန်းသုံးထည်)၊ သပိတ်၊ အပ်နှင့်အပ်ချည်၊ သင်တုန်းဓား၊ ရေစစ်နှင့် ခါးပန်းကြိုးတို့ဖြစ်သည်။ ပရိက္ခရာရှစ်ပါးတွင်မပါဝင်သည့် သန်လျင်း(ထမ်းစင်)ကိုမူ တောင်ပေါ်ဒေသဖြစ်သဖြင့် ထေရ်ကြီးဝါကြီး ဆရာတော်များ လွယ်ကူသက်သာစွာကြွနိုင်ရန် လှူဒါန်းခြင်းဖြစ်မည်ဟု မှန်းဆနိုင်ပေသည်။

**ဆုတောင်းမေတ္တာပို့ အမျှဝေခြင်း**

ပုဂံခေတ်ထိုးကျောက်စာများအတိုင်း ငါသုဖွေ့စ်ကျောက်စာတွင်လည်း ဆုတောင်းစာကို ရေးထိုးခဲ့သည်။ ကျောက်စာ စာကြောင်းရေ (၇) တွင် (ဤသို့ငါမူသောကာား ငါထိရလိုသောမဟုတ်) ဟု အစချီကာ ရေးထိုးသည့် ဆုတောင်းစာသားများသည် မိမိလှူဒါန်းသည့် အလှူအားလုံးသည် မိမိ၏ ထေရ်တစ်ပါးတည်းရလိုစေခြင်းမဟုတ်ဟု ဆိုလိုသည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၈၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၈၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၂၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၆၈၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ စပါးကေ ၂၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါးကေ ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့နဲ့ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်ကြစေဖို့အတွက် အသိပညာတွေပေးထားပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး မိုးသီးနှံများ ရိတ်သိမ်းအပြီး နွေသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ကြိုတင်ပြင်ဆင်ထားကြရန် နှိုးဆော်ထားကြောင်း သိရသည်။

စပါးကို အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

သူ၏လှူဒါန်းမှုအဖို့ဘာဂကို သိကြားမင်းက စသော ဖြဟ္မာ နတ်တကာတို့လည်း ရကြပါစေ၊ မဟာ ထေရ် စသောသံဃာတကာတို့လည်း ရကြပါစေ၊ မင်းကစသော လူတကာလည်းရကြပါစေ၊ ခြသေ့်က စသော အခြေလေးခုရှိသော သတ္တဝါတကာလည်း ကျွတ်လွတ်ကြပါစေ၊ ဂဠုန်ငှက်မင်းကစသော ငှက်တကာလည်း ကျွတ်လွတ်ကြပါစေ၊ နဂါးမင်းကစသော အသူရာခပ်သိမ်းလည်း ဘုန်းကြီးကြပါစေ၊ ဆရာရှိ ဆရာရှောင်ကစသော ခင်ပွန်းတကာလည်း ဘုန်းကြီး ကြပါစေ၊ အမိအဘကစသော သမီး၊ နှမ ဆွေမျိုးတကာလည်း ဘုန်းကြီးကြပါစေ၊ မယား၊ သားကစသော ကျွန်ယောကျ်ား၊ ကျွန်မိန်းမတကာလည်း ဘုန်းကြီးကြပါစေ၊ ငပိန်ကလာငါးကစသော အခြေမရှိသော သတ္တဝါတကာလည်း ကျွတ်ကြပါစေဟု မေတ္တာပို့သလျက်ဆုတောင်းခဲ့သည်။

ဤကဲ့သို့ အမျှဝေစာမျိုးကို အရိမဒ္ဒနပူရပြည် စတည်သည်မှ ယနေ့တိုင်အောင် ဤတစ်ကြိမ်သာ မှတ်တမ်းအဖြစ် တွေ့ရဖူးပါသည်ဟု ဆရာဦးနီတွတ်က ရေးသားခဲ့သည်။ ထို့အတူ ရေးကျလွန်းခြင်းလော၊ ထူးခြားချက်လော ဝေခွဲမရကြပါဟုလည်း ဆိုခဲ့သည်။

အမျှအတန်းပေးဝေခြင်းကို သိကြားမင်းမှအစပြု၍ ရေသတ္တဝါငါးများထိ ကျယ်ပြန့်စွာ ဖြန့်ဝေခဲ့သည်။ ၎င်းသို့ ကုသိုလ်အဖို့ကို မျှဝေရာတွင် ကျောက်စာတွင်ရေးထိုးထားသည့် ဆရာရှိ၊ ဆရာရှောင် ဟူသည့်စကားလုံးသည် သက်စိုးတောင်ပေါ်တွင်ရှိသည့် ပရလောကသားတို့ ယုံကြည်မြတ်နိုးကိုးကွယ်အားထားရာဖြစ်သော ထွက်ရပ် ပေါက်ပုဂ္ဂိုလ်များကို ရည်ညွှန်းခြင်းဖြစ်မည်ဟု ထိုကျောက်စာကို သုတေသနပြုခဲ့သူ ဆရာဦးနီတွတ်က ရှင်းလင်းရေးသားခဲ့သည်။

နောက်ဆုံးအနေဖြင့် အလှူရှင် ငါသုဖွေ့စ်သည် လူနတ်တကာတို့၏ ဆရာဖြစ်လိုပါ၏ဟု ဆုတောင်းခဲ့သည်။ လူနတ်တကာတို့ဆရာသည် ဘုရားပစ္စေကဗုဒ္ဓါဖြစ်ရလို၏ ဆုတောင်းခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပုဂံခေတ်ကာလတစ်ခုတွင်ပြုလုပ်ခဲ့သည့် ရဟန်းခံပွဲအလှူကို မှတ်တမ်းတင်၍ ထူးခြားစွာမေတ္တာပို့အမျှဝေဆုတောင်းခဲ့သည့် အလှူရှင် ငါသုဖွေ့စ်၏ ကျောက်စာသည် ပုဂံခေတ်၏ ထူးခြားသော အလှူမှတ်တမ်းတစ်ခုအဖြစ် သတ်မှတ်ရမည်သာဖြစ်ပါပေသည်။

**ကိုးကား**

- **သက်စိုးတောင်ကျောက်စာရုံ ကျောက်စာတိုင်အမှတ်(၁)**
- **မြန်မာတိုင်းရင်းကျောက်စာများ(တတိယအုပ်)**
- **ရှေးမြန်မာကျောက်စာလေ့လာချက် အတွဲ(၃)(နီတွတ်)**

## မီးသတိပြုပါ

\- လေပြင်းရယ် တိုက်ခတ်ကျ
ပြင်ဆင်ကြ ဘေးကင်းရာ၊
သစ်ပင်အို အိမ်အိုများ
ရှောင်ရှားနေပါ၊
မီးပလတ် ဖြုတ်လျက်သာ
မီးငြိမ်းကာ သတိပြု၊
အန္တရာယ် ကြိုတင်မရောက်အောင်
စောင့်ရှောက်တွေးရှု။

\- လေပြင်းလာ အချိန်များ
လမ်းပေါ်သွား မပြုရန်၊
ခိုင်ခံ့ရာ နေရာရွေး
ရွှေ့ပေးမြန်မြန်၊
ဓာတ်မီးလည်း မေ့မကျန်
လွယ်ကူမချန် ဆေးဝါးတို့၊
တို့မြန်မာ ပြည်သူအပေါင်း
ကျိုးကောင်းရဖို့။

\- ပျက်စီးရာ အလျင်မသွား
သံသွပ်များ စူးရှမည်၊
ဝိုင်းဝန်းကာ ကူညီကြ
ဖေးမသင့်သည်၊
လေဘေးသင့် ကယ်ဆယ်အမီ
တွဲလက်ညီ ဖြေရှင်း၊
စေတနာ စိတ်နှလုံးနဲ့
ပြုံးပန်းတွေလင်း။ ။

**မောင်မျိုးချစ်(အညာမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အီရန်နှင့်ရုရှားတို့ ရယူထားသည့် မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက် ရုရှားအောက်လွှတ်တော် အတည်ပြု

**မော်စကို ဧပြီ ၈**

ရုရှားနှင့် အီရန်နိုင်ငံတို့ကြား ရယူထားသည့် နှစ် ၂၀ မဟာဗျူဟာမိတ်ဖက်သဘောတူညီချက်ကို ရုရှားအောက်လွှတ်တော်က ယနေ့တွင် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ် ၂၀ မဟာဗျူဟာ မိတ်ဖက် သဘောတူညီချက်ကို ရုရှားသမ္မတပူတင်နှင့် အီရန်သမ္မတ ပီဇက်ရှ်ကီအန်တို့က ယခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

နှစ် ၂၀ မဟာဗျူဟာ မိတ်ဖက် သဘောတူညီချက်သည် အီရန်နှင့် ရုရှားနိုင်ငံတို့ကြား စစ်ရေးဆက်ဆံမှု ပိုမိုအားကောင်းလာမှုကို ကိုယ်စားပြုသည့် သဘောတူညီချက်ဖြစ်သည်။

၎င်းသဘောတူညီချက် အရ စစ်ရေးခြိမ်းခြောက်မှု၊ လုံခြုံရေးခြိမ်းခြောက်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပြုလုပ်နိုင်မည်ဖြစ်သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန် အီရန်-ရုရှား နှစ် ၂၀ မဟာဗျူဟာ မိတ်ဖက်သဘောတူညီချက်ကိုရုရှားအောက်လွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယူကရိန်းစစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အီရန်နှင့် ရုရှားနိုင်ငံတို့ကြား မဟာမိတ်ဆက်ဆံရေးမှာလည်း ရှေးယခင်ကထက် ပို၍ခိုင်မာလာခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO



# အမေရိကန်အစိုးရက ထွက်ခွာခြင်းမရှိသည့် ရွှေ့ပြောင်းဝင်ရောက်သူများကို ဒဏ်ရိုက်မည်

**နယူးယောက် ဧပြီ ၈**

နှင်ထုတ်ခံထားရသည့် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများ အနေဖြင့် အမေရိကန်နိုင်ငံမှ ထွက်ခွာခြင်းမရှိပါက ဒဏ်ကြေးအဖြစ် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၉၉၈ ဒေါ်လာ ချမှတ်ရန် အမေရိကန်အစိုးရက စီစဉ်ထားကြောင်း သိရသည်။

၁၉၉၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ပထမဆုံးအကြိမ် အာဏာသက်ဝင်ခဲ့သော ဥပဒေတစ်ရပ်အရ အမေရိကန်နိုင်ငံမှ ထွက်ခွာခြင်း မရှိသေးသော ရွှေ့ပြောင်း ဝင်ရောက်သူများကို နေ့စဉ် ဒဏ်ငွေရိုက်ရန် အမေရိကန်အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါဒဏ်ကြေးကို ပေးဆောင်ခြင်းမရှိသည့် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများ၏ ပိုင်ဆိုင်မှုများကို သိမ်းယူရန်လည်း အမေရိကန်အစိုးရကစဉ်းစားနေကြောင်း သိရသည်။

အမေရိကန်အစိုးရက နှင်ထုတ်ထားသည့်ရွှေ့ပြောင်းဝင်ရောက်သူများအနေဖြင့် နိုင်ငံအတွင်းမှထွက်ခွာခြင်းမရှိပါက နေ့စဉ် ဒဏ်ငွေရိုက်ခံရမှုအပါအဝင် နောက်ဆက်တွဲအကျိုးဆက်များနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမိမြေလုံခြုံရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

ထိုကဲ့သို့ အမေရိကန်နိုင်ငံမှ ထွက်ခွာခြင်းမရှိသေးသည့် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများကို ဒဏ်ငွေရိုက်ရေး၊ ပိုင်ဆိုင်မှုများ သိမ်းယူရေးတာဝန်ကို အမေရိကန် အကောက်ခွန်ဌာနနှင့် နယ်စပ်လုံခြုံရေးဌာနတို့ကို တာဝန်ပေးရန် အမေရိကန်အစိုးရက စဉ်းစားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဗြိတိန်ဘုရင် ချားလ်-၃ နှင့် ကြင်ယာတော်တို့ အီတလီနိုင်ငံသို့ ရောက်ရှိ



**ရောမ ဧပြီ ၈**

ဗြိတိန်ဘုရင် ချားလ်-၃ နှင့် ကြင်ယာတော်မိဖုရား ကာမီလာတို့သည် ဧပြီ ၇ ရက်တွင် လေးရက်ကြာခရီးစဉ်အဖြစ် အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် ဗြိတိန်ဘုရင် ချားလ်-၃ အတွက် ၁၇ ခုမြောက် တရားဝင် အီတလီခရီးစဉ်ဖြစ်ပြီး ယခုနှစ်အတွက် ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်သည်။

လေးရက်ကြာခရီးစဉ်အတွင်း ဗြိတိန်ဘုရင်ချားလ်-၃ သည် ရောမမြို့ရှိ အီတလီလွှတ်တော်၌ မိန့်ခွန်းပြောကြားရန် စီစဉ်ထားသည်။

ထို့ပြင်ခရီးစဉ်အတွင်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် တွေ့ဆုံဆွေးနွေးရန်လည်း စီစဉ်ထားသည်။

ဗြိတိန်ဘုရင် ချားလ်-၃ သည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အီတလီခရီးစဉ် များတွင်လည်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် တွေ့ဆုံခဲ့ဖူးသည်။

ဗြိတိန်ဘုရင် ချားလ် -၃ နှင့် ကြင်ယာတော် ကာမီလာတို့သည် ဧပြီ ၈ ရက်တွင် အီတလီသမ္မတ ဆာဂျီယို မက်တာရယ်လာနှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တောင်ကိုရီးယားနိုင်ငံက လာမည့် ဇွန် ၃ ရက်တွင် သမ္မတရွေးကောက်ပွဲများ ကျင်းပရန် အစိုးရအဖွဲ့အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်

**ဆိုးလ် ဧပြီ ၈**

လာမည့် ဇွန် ၃ ရက်တွင် သမ္မတရွေးကောက်ပွဲများ ကျင်းပရန် တောင်ကိုရီးယားအစိုးရအဖွဲ့က ယနေ့ အစည်းအဝေးတွင် အတည်ပြု ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။




တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက လွှတ်တော်၏ စွပ်စွဲပြစ်တင်မှုခံထားရသည့် သမ္မတယွန်းဆွတ်ယိုးကို ရာထူးမှဖယ်ရှားခဲ့ပြီးနောက် သမ္မတရွေးကောက်ပွဲများ ကျင်းပရန် တောင်ကိုရီးယားအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးသည် စစ်အုပ်ချုပ်ရေးဥပဒေကြေညာပြဋ္ဌာန်းရန် ကြိုးပမ်းမှုဖြင့် သမ္မတယွန်းဆွတ်ယိုးကို ဧပြီ ၄ ရက်က ရာထူးမှဖယ်ရှားခဲ့သည်။

တောင်ကိုရီးယားတရားဥပဒေများအရ သမ္မတတစ်ဦးကွယ်လွန်ခဲ့လျှင် သို့မဟုတ် ရာထူးမှဖယ်ရှားခံခဲ့ရလျှင် သမ္မတရွေးကောက်ပွဲများကို ရက်ပေါင်း ၆၀ အတွင်း ကျင်းပပေးရမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ ၂၁ ကြိမ်မြောက် ရွေးကောက်ပွဲနေ့အဖြစ် လာမည့် ဇွန် ၃ ရက်ကို သတ်မှတ်မည်ဖြစ်ကြောင်း တောင်ကိုရီးယားယာယီသမ္မတတာဝန်ယူထားသည့် ဝန်ကြီးချုပ် ဟန်ဒက်ဆိုးက ယနေ့တွင် ပြောကြားထားသည်။

ဇွန် ၃ ရက် တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲ၌ အနိုင်ရရန် အလားအလာ အကောင်းဆုံး သမ္မတလောင်းမှာ အတိုက်အခံ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် လီမြောင်ဂျေးဖြစ်နိုင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အမေရိကန်၏ ကုန်သွယ်ရေးအကျပ်ကိုင်မှုများကို အလျှော့ပေးလိမ့်မည်မဟုတ်ကြောင်း တရုတ်သတိပေး

**ပေကျင်း ဧပြီ ၈**

အမေရိကန်အစိုးရ၏ အကျပ်ကိုင်မှုများကို အလျှော့ပေးလိမ့်မည်မဟုတ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ နိုင်ငံတကာသွင်းကုန်များအပေါ် အခွန်စည်းကြပ်ရေးမူဝါဒကြောင့် ကမ္ဘာ့ကုန်သွယ်ရေးစစ်ပွဲ အရှိန်ကောင်းနေချိန်တွင် တရုတ်နိုင်ငံ၏ အဆိုပါသဘောထား ပေါ်ထွက်လာခြင်းဖြစ်သည်။



တရုတ်ထုတ်ကုန်များအပေါ် အခွန်စည်းကြပ်မှု မြှင့်တင်ရန် အမေရိကန်နိုင်ငံက ခြိမ်းခြောက်နေမှုသည် အမှားပေါ် အမှားဆင့်နေခြင်းဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အနေဖြင့် ကုန်သွယ်ရေးအရ အကျပ်ကိုင်မှုများ ဆက်လက်ပြုလုပ်နေပါက တရုတ်နိုင်ငံအနေဖြင့် အဆုံးထိတိုင် ဆက်တိုက်မည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် သတိပေးထားသည်။

တရုတ် ထုတ်ကုန်များကို ရာခိုင်နှုန်း ၁၀၀ ကျော်အထိ အခွန်စည်းကြပ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ခြိမ်းခြောက်ခဲ့ပြီးနောက် တရုတ်ကုန်သွယ်ရေး ဝန်ကြီးဌာန၏ အဆိုပါထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အမေရိကန်အစိုးရ၏ တရုတ်ထုတ်ကုန်များအပေါ် အခွန်စည်းကြပ်မှုကို တရုတ်နိုင်ငံကလည်း အမေရိကန် သွင်းကုန်များအပေါ် အခွန်စည်းကြပ်မှုများ ပြုလုပ်၍ တုံ့ပြန်ထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသား အာကာသအေဂျင်စီက တိုင်ပင်း-၃ အေ ၀၂ ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့



**ပေကျင်း ဇွန် ၈**

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် တိုင်ပင်း-၃ အေ ၀၂ အမည်ရှိ ဂြိုဟ်တုတစ်စင်းကို ဇွန် ၆ ရက်က လွှတ်တင်ခဲ့ကြောင်း ဇွန် ၇ ရက် သတင်းများအရသိရသည်။

တိုင်ပင်း-၃ အေ ၀၂ ဂြိုဟ်တုကို လောင်းမတ်ချ်-၆ ဒုံးပျံဖြင့် တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ရှီးပြည်နယ် တိုင်ယွန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၆ ဒုံးပျံသည် တိုင်ပင်း-၃ အေ ၀၂ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

တိုင်ပင်း-၃ အေ ၀၂ ဂြိုဟ်တုကို မြေပြင်အခြေစိုက် ရေဒါစနစ်များကို အကူအညီပေးရေးအတွက် အဓိက အသုံးချမည်ဖြစ်သည်။

ထို့ပြင် တိုင်ပင်း-၃ အေ ၀၂ ဂြိုဟ်တုသည် အာကာသလေထုလွှာ တိုင်းတာမှုများကိုလည်း ပြုလုပ်ပေးမည်ဖြစ်သည်။

တိုင်ပင်း-၃ အေ ၀၂ ဂြိုဟ်တုမစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၅၆၈ ကြိမ်မြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO


## နေမှထုတ်လွှတ်လိုက်သည့် ကြီးမားပြင်းထန်သော စွမ်းအင်ဆောင်အမှုန်စီးကြောင်းများ ကြာသပတေးဂြိုဟ်ကိုရိုက်ခတ်မှု ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိ

**လန်ဒန် ဇွန် ၈**

နေမှထုတ်လွှတ်လိုက်သည့် ကြီးမားပြင်းထန်သော စွမ်းအင်ဆောင် အမှုန်စီးကြောင်းများ ကြာသပတေးဂြိုဟ်ကို ရိုက်ခတ်မှု သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိခဲ့ကြောင်း ဇွန် ၇ ရက် သတင်းများအရ သိရသည်။

အဆိုပါဖြစ်စဉ်ကို ကတ်စ်တယ်လီစကုပ်၊ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျူနိုအာကာသယာဉ်မှရရှိသော အချက်အလက်များကို အသုံးပြု၍ ဗြိတိန်နိုင်ငံ ရီဒင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော အထက်ပါဖြစ်စဉ်အတွင်း နေ၏စွမ်းအင်ဆောင် အမှုန်စီးကြောင်းများ ရိုက်ခတ်မှုကြောင့် ကြာသပတေးဂြိုဟ် လေထုလွှာအတွင်း ပုံမှန်ထက် အပူချိန်မြင့်မားသော ရောမနယ်မြေကြီးတစ်ခု ပေါ်ထွက်လာခဲ့သည်ဟု ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။



နေ၏ စွမ်းအင်ဆောင်အမှုန်စီးကြောင်း ရိုက်ခတ်မှုကြောင့် နေ၏ လေထုလွှာအတွင်း ပေါ်ထွက်လာသည့် အပူချိန်မြင့်လေထုလွှာနယ်မြေသည် ထိုစဉ်ကာလက ကြာသပတေးဂြိုဟ်၏ ထက်ဝက်ကို ဖုံးလွှမ်းထားခဲ့ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

ကြာသပတေးဂြိုဟ် လေထုလွှာ၏ ပုံမှန်အပူချိန်မှာ ၃၅၀ ဒီဂရီဆဲလ်စီယပ်စ်ထိရှိပြီး နေ၏စွမ်းအင်ဆောင်အမှုန်စီးကြောင်းများ ရိုက်ခတ်ပြီးနောက် ပေါ်ထွက်လာသော အပူချိန်မြင့် လေထုလွှာနယ်မြေ၏ အပူချိန်မှာ ၅၀၀ ဒီဂရီဆဲလ်စီယပ်စ်ထိရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နေ၏စွမ်းအင်ဆောင်အမှုန်စီးကြောင်းများက ကြာသပတေးဂြိုဟ်၏ သံလိုက်စက်ကွင်းကို ဖိညှစ်ခဲ့မှုကြောင့် အထက်ပါနယ်မြေ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Space-X ကုမ္ပဏီက စတားလင့်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို အောင်မြင်စွာ လွှတ်တင်

**ဝါရှင်တန် ဇွန် ၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဇွန် ၆ ရက်က စတားလင့်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဇွန် ၇ ရက် သတင်းများအရ သိရသည်။

စတားလင့်ဂြိုဟ်တု ၂၈ စင်းကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ၁၉ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ပြန်လည် ဆင်းသက်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်မှာ ဆက်လက်ပျံသန်းခဲ့ရာ လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇွန် ၆ ရက် မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ၂၀၂၅ ခုနှစ်၏ ၃၉ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်သည်။

အထက်ပါ ဖယ်လ်ကွန်-၉ မစ်ရှင် ၃၉ ခုအနက် သုံးပုံနှစ်ပုံမှာ စတားလင့်ဂြိုဟ်တု မစ်ရှင်များ ဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## အမျိုးသားများက အမျိုးသမီးများလောက် အကြားအာရုံ ထက်မြက်မှုမရှိ

**လန်ဒန် ဇွန် ၈**

အမျိုးသားများအနေဖြင့် စင်စစ်အားဖြင့် အမျိုးသမီးများလောက် အကြားအာရုံ ထက်မြက်မှုမရှိကြောင်း ဆေးပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇွန် ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များ ဦးဆောင်သော နိုင်ငံတကာ သုတေသန ပညာရှင်များသည် ကမ္ဘာ့နိုင်ငံ အများအပြားမှ လူပေါင်း ၄၅၀ တို့၏ အကြားအာရုံများကို လေ့လာခဲ့ကြသည်။

ယေဘုယျအားဖြင့် လူသားတို့၏ ညာဘက်နားသည် ဘယ်ဘက်နားထက် အကြားအာရုံ ပိုထက်မြက်ပြီး အသက်ရလာသည်နှင့်အတူ အကြားအာရုံလည်း ကျဆင်းလာတတ်သည်ဟု ဆေးပညာရှင်များက နားလည်ထားပြီး ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံတကာသုတေသနပညာရှင်များ ပြုလုပ်ခဲ့သော အထက်ပါ လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ လိင်ကွဲပြားမှုသည်လည်း အကြားအာရုံအပေါ် သက်ရောက်မှုရှိကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အမျိုးသမီးများ၏ အကြားအာရုံသည် အမျိုးသားများထက် နှစ်ဒက်ဆီဘယ် ပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လူများ၏အကြားအာရုံအပေါ် ဒုတိယမြောက် သက်ရောက်မှုအရှိဆုံးအခြေအနေမှာ ပတ်ဝန်းကျင်ဖြစ်ပြီး သစ်တောနယ်မြေများ၌ နေထိုင်သူများသည် အကြားအာရုံ ပိုထက်မြက်ပြီး တောင်ပေါ်ဒေသ နေထိုင်သူများမှာ အကြားအာရုံ ထက်မြက်မှုအနိမ့်ဆုံးအဆင့်တွင် ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## Nitisinone ဆေးက လူ့သွေးကို ခြင်များအတွက် အဆိပ်ဓာတ်အဖြစ်ပြောင်းလဲပေးနိုင်

**ပဲရစ် ဇွန် ၈**

ရှားပါးရောဂါများကို ကုသရာတွင် အသုံးပြုသော ဆေးဝါးတစ်မျိုးသည် လူ့သွေးကို ခြင်များအတွက် အဆိပ်ဓာတ်အဖြစ် ပြောင်းလဲပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၇ ရက်တွင် ပြောကြားသည်။

Nitisinone အမည်ရှိ အထက်ပါဆေးသည် အမိုင်နိုအက်စစ်များ အပြည့်အဝပြိုကွဲမှုကို ဟန့်တားတတ်သည့် ရှားပါးမျိုးဗီဇဖောက်ပြန်မှု ရောဂါများကို ကုသရာတွင် အသုံးပြုသည့်ဆေးဖြစ်သည်။

ပြင်သစ်နိုင်ငံ နော်တာဒိန်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Nitisinone ဆေးပါဝင်နေသည့် သွေးများကို ခြင်များကစုပ်ယူခဲ့ပါက ခြင်များ၏ ဘဝသက်တမ်းတိုတောင်း သွားတတ်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ Nitisinone ဆေးသည် စနစ်တကျအသုံးချပါက ငှက်ဖျားရောဂါ တိုက်ဖျက်ရေး လုပ်ငန်းစဉ်ကို အထောက်အကူ ပြုနိုင်ဖွယ်ရှိကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

အင်းဆက်ပိုးမွှားများကြောင့် ရောဂါများပြန့်ပွားမှုကို တားဆီးနိုင်သည့် နည်းလမ်းတစ်ရပ်မှာ တိရစ္ဆာန်သွေးနှင့် လူ့သွေးကို အထက်ပါအင်းဆက်များအတွက် အဆိပ်ရှိသည့်သွေးအဖြစ် ပြောင်းလဲထားရေးဖြစ်ကြောင်း ပြင်သစ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်တွင် ဒုတိယအသက်ငယ်ဆုံး ကစားသမားအဖြစ် မွန်ဂါ မှတ်တမ်းဝင်

လန်ဒန် ဧပြီ ၈

လက်စတာအသင်းက နယူးကာဆယ်အသင်းကို သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့သည့် ပရီးမီးယားလိဂ် အမှတ်ပေးပွဲစဉ်တွင် လက်စတာအသင်းအတွက် ပထမဆုံးပွဲထွက် ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရခဲ့သည့် လူငယ်ကစားသမား မွန်ဂါသည် အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယအသက်ငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် အသက်ငယ်ဆုံး ပွဲထွက်ခွင့်ရရှိခဲ့သည့် ကစားသမားမှာ အာဆင်နယ်အသင်း တောင်ပံကစားသမား နဝမ်နာရီက အသက် ၁၅ နှစ် ၁၈၁ ရက်ဖြင့် ပွဲကစားခွင့်ရရှိခဲ့ပြီး အသက်ငယ်ဆုံး ကစားသမားအဖြစ် ရပ်တည်လျက်ရှိပြီး ယခုအခါ မွန်ဂါက အသက် ၁၅ နှစ် ၂၇၁ ရက်ဖြင့် ပွဲထွက်ကစားခွင့်ရခဲ့သောကြောင့် ဒုတိယမြောက် အသက်ငယ်ဆုံး ကစားသမားဖြစ်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် လူငယ်ကစားသမား မွန်ဂါသည် ပွဲကစားချိန် ၇၄ မိနစ်အရောက်တွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ရသော်လည်း ၎င်းအနေဖြင့် အသက် ၁၈ နှစ်အောက်ကစားသမား ဖြစ်သည့်အတွက် အွန်လိုင်းလောင်းကစား စပွန်ဆာအင်္ကျီကို ဝတ်ဆင်ရမည်ဖြစ်သောကြောင့် ၎င်းအနေဖြင့် စပွန်ဆာမပါသည့်အင်္ကျီဖြင့် ပါဝင်ကစားခဲ့ကြောင်း သိရသည်။

လက်စတာ အသင်းသည် အဆိုပါပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ် ရှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ပြီး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ပြီး အသင်းအနေဖြင့် ပွဲစဉ် ၃၁ ကစားအပြီးတွင် ရမှတ် ၁၇ မှတ်သာ ရရှိခဲ့သဖြင့် တန်းဆင်းဇုန်မှလွတ်မြောက်နိုင်ရန် ရမှတ် ၁၅ မှတ်ထိ လိုအပ်နေကြောင်း သိရသည်။

Ref : Espn

Trs : ML



## အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဘာစီလိုနာအသင်းမှ လူငယ်တိုက်စစ်မှူး ယာမယ်ကို ပြောင်းရွှေ့ကြေး ယူရို ၂၇၅ သန်းဖြင့်ခေါ်ယူရန် ကြိုးပမ်းလာခဲ့ပြီး အပြောင်းအရွှေ့ဖြစ်မြောက်ခဲ့ပါက ဥရောပဘောလုံးသမိုင်းတွင် ပြောင်းရွှေ့ကြေးအများဆုံး ကစားသမားဖြစ်လာနိုင်ကြောင်း သိရသည်။
- အာဆင်နယ်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ဆုံးဖြတ်ထားသည့် ကွင်းလယ်ကစားသမား ပါတေးကို ဘာစီလိုနာအသင်းက ခေါ်ယူရန် ချိတ်ဆက်နေကြောင်း သိရသည်။
- မန်ယူအသင်းနှင့် ချဲလ်ဆီးအသင်းတို့က အစ်ဗစ်ချ်အသင်းမှ ဒီလက်ကို စာချုပ်ဖျက်သိမ်းကြေးပေးချေပြီး အပြိုင်ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

ML

# ဆောက်သမ်တန်အသင်း နည်းပြရာထူးမှ ဂျူရစ်နုတ်ထွက်ကြောင်း ကြေညာ



လန်ဒန် ဧပြီ ၈

ဆောက်သမ်တန် အသင်း အနေဖြင့် စပါးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် တန်းဆင်းခဲ့ရပြီးနောက် နည်းပြ ဂျူရစ်အနေဖြင့် အသင်းမှ နုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

နည်းပြဂျူရစ်သည် ဆောက်သမ်တန်အသင်းကို ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက စတင်တာဝန်ယူခဲ့ပြီး အသင်းနှင့် ၁၈ လ စာချုပ် ချုပ်ဆိုခဲ့သော်လည်း ၎င်းအနေဖြင့် အသင်းကို တန်းဆင်းဇုန်မှလွတ်မြောက်အောင် စွမ်းဆောင်နိုင်ခြင်းမရှိဘဲ အမှတ်ပေးပြိုင်ပွဲ ၁၄ တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်သာ စွမ်းဆောင်နိုင်ခဲ့ပြီး ပြိုင်ပွဲပြီးဆုံးရန် ခုနစ်ပွဲအလိုတွင် အသင်းအနေဖြင့် ပရီးမီးယားလိဂ်မှ အစောဆုံး တန်းဆင်းခဲ့ရကြောင်း သိရသည်။

ထို့နောက် နည်းပြဂျူရစ်အနေဖြင့် စာချုပ်သက်တမ်း တစ်နှစ်ကျော် ကျန်ရှိနေသေးသော်လည်း အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့သောကြောင့် လက်ရှိတွင် ဆောက်သမ်တန်အသင်းကို ဆိုင်မွန်ရက်ခ်က ယာယီနည်းပြအဖြစ် တာဝန်ယူမည်ဖြစ်ကာ လက်ထောက်နည်းပြအဖြစ် ကစားသမား လယ်လာနာက တာဝန်ယူသွားမည်ဖြစ်သည်။

ဆောက်သမ်တန် အသင်းသည် နည်းပြဂျူရစ် မထွက်ခွာမီကတည်းက လာမည့်နှစ်ဘောလုံးရာသီတွင် ချန်ပီယံရှစ်ပြိုင်ပွဲ၌ အကောင်းဆုံး ပြင်ဆင်မှုများ ပြုလုပ်ရန်စီစဉ်ခဲ့ပြီး နည်းပြသစ်အဖြစ် ဟတ်ဒါဖီးလ်နှင့် နေ့ဝှစ်အသင်း နည်းပြဟောင်း ဝက်ဂ်နာကိုခန့်အပ်ရန် ဦးစားပေးပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : Sky sports

Trs : ML

# မွန်တီကာလိုတင်းနစ်ပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် မျက်ဒဗျက်က ကာချန်နော့ဖ်ကို အနိုင်ရရှိ

ရောမ ဧပြီ ၈

ပြင်သစ်နိုင်ငံ မိုနာကိုမြို့နှင့် နယ်မြေချင်းထိစပ်နေသော ရိုကွီဘရန်းကပ်မာတင် ဒေသတွင် ကျင်းပနေသည့် မွန်တီကာလိုတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမားများဖြစ်ကြသည့် မျက်ဒဗျက်နှင့် ကာချန်နော့ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၇-၅၊ ၄-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်နှင့် ကာချန်နော့ဖ်တို့သည် ချန်ပီယံဆုကို စိန်ခေါ်နိုင်သည့် ပြိုင်ပွဲဝင်များဖြစ်ကြသော်လည်း ၂၀၂၅ ခုနှစ်အတွင်း အောင်မြင်မှုမရသေးသည့် ကစားသမားနှစ်ဦး၏ ယခုနှစ်အတွင်း စွမ်းဆောင်ထားနိုင်သည့် ရမှတ်များပေါ်မူတည်၍ မဲခွဲမှုပြုလုပ်ခဲ့ရာတွင် ပထမအဆင့်၌ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ မျက်ဒဗျက်အနေဖြင့် ကာချန်နော့ဖ်အား နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရရှိရန် နီးစပ်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အမှားတချို့ ရှိခဲ့သည့်အတွက် ပြန်လည်ရှုံးနိမ့်ခဲ့ရပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် နောက်ဆုံးပွဲစဉ်တွင် အမှားအနည်းဆုံးဖြစ်အောင် ထိန်းကစားသွားနိုင်ခဲ့သည့် မျက်ဒဗျက်က ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့သည်။




မျက်ဒဗျက်က “ဒီပြိုင်ပွဲဝင်ဖို့အတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်ဖြစ်ခဲ့တယ်။ လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့စဉ်က အခုပထမအဆင့်မှာ ကစားနိုင်ခဲ့တဲ့ပုံစံထက် ပိုကောင်းအောင် ကစားနိုင်ခဲ့တယ်။ လေ့ကျင့်တုန်းကထက်တောင် ပိုကောင်းအောင် မကစားနိုင်ခဲ့ဘူးဆိုရင်တော့ သိပ်ပြီး အလားအလာမကောင်းပါဘူး။ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့တဲ့အတွက်တော့ ဝမ်းသာဂုဏ်ယူပါတယ်ဟု”ပြောကြားခဲ့သည်။

မျက်ဒဗျက်သည် ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား မူလာနှင့် ဆက်လက်ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# လာမည့်နွေရာသီတွင် ဒေါ့မွန်အသင်းမှ ထွက်ခွာမည်ဟု တောင်ပံတိုက်စစ်ကစားသမား ဂစ်တန့်စ် ပြောကြား

ဘာလင် ဧပြီ ၈

ဒေါ့မွန်အသင်းတွင် ခြေစွမ်းပြကစားနေသည့် တောင်ပံတိုက်စစ်ကစားသမား ဂစ်တန့်စ်က လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာမည်ဟု ဆုံးဖြတ်ထားသဖြင့် ပရီးမီးယားလိဂ်နှင့် အခြားထိပ်သီးအသင်းများကခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

အသက် ၂၀ ရှိ တိုက်စစ်မှူး ဂစ်တန့်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ဒုတိယရာသီဝက်ကာလတွင် အသင်းနှင့် ပုံမှန်ပွဲကစားခွင့်ရရှိရန် ခက်ခဲနေသဖြင့် လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိသည်။



၎င်းသည် ဒေါ့မွန်အသင်းနှင့် လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသဖြင့် ဒေါ့မွန်အသင်းက ကစားသမားအနေဖြင့် အသင်းမှထွက်ခွာလိုပါက ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ အနည်းဆုံး ပေးချေရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး လက်ရှိတွင် ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းက ခေါ်ယူရန် ကစားသမားနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလကတည်းက တောင်ပံကစားသမား ဂစ်တန့်စ်ကို ဆန်ချိုရှ်နေရာတွင် အစားထိုးရန် ဆုံးဖြတ်ခဲ့ပြီး ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ အခြားဥရောပထိပ်သီးအသင်းများနှင့် ယှဉ်ပြိုင်နေရသဖြင့် ခေါ်ယူရန် အခက်တွေ့ခဲ့သော်လည်း ယခုအခါ လူငယ်ကစားသမား ဂစ်တန့်စ်ကို ခေါ်ယူရန် လက်ဦးမှုရယူနိုင်မည့် အခွင့်အရေးများရှိလာပြီး အသင်းမှ မူဒရစ်၊ မက်ဒူခီတို့ကိုလည်း ပြန်လည်ရောင်းချရန် ပြင်ဆင်နေကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ရှစ်ပွဲဆက် သွင်းဂိုးမရရှိဘဲ ရှုံးနိမ့်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် လက်စတာအသင်းမှတ်တမ်းဝင်



လန်ဒန် ဧပြီ ၈

လက်စတာ အသင်းသည် နယူးကာဆယ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှစ်ပွဲဆက် သွင်းဂိုးမရရှိခဲ့ဘဲ ရှုံးနိမ့်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

လက်စတာအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည် တန်းတက်လာနိုင်ခဲ့သော်လည်း နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ပြန်လည်တန်းဆင်းရရန် နီးစပ်နေခြင်းဖြစ်သည်။

လက်စတာအသင်းသည် ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့်အတွက် နည်းပြစတိဗ်ကော့ပါးကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်အဖြစ် နစ္စတယ်ရွိုင်းကို ခန့်အပ်ခဲ့သော်လည်း နည်းပြနစ္စတယ်ရွိုင်း လက်အောက်တွင်လည်း ရလဒ်များ ဆက်လက်ဆိုးရွားနေဆဲဖြစ်ပြီး နောက်ဆုံးကစားခဲ့သည့် ပရီးမီးယားလိဂ် ၁၇ ပွဲတွင် တစ်ပွဲသာအနိုင်ရရှိခဲ့ပြီး ၁၅ ပွဲထိ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အလားတူ နောက်ဆုံးကစားခဲ့သည့် ပရီးမီးယားလိဂ် ရှစ်ပွဲတွင်လည်း အဲဗာတန်အသင်း၊ အာဆင်နယ်အသင်း၊ ဘရန့်ဖို့ဒ်အသင်း၊ ဝက်စ်ဟမ်းအသင်း၊ ချဲလ်ဆီးအသင်း၊ မန်ယူအသင်း၊ မန်စီးတီးအသင်းနှင့် နယူးကာဆယ်အသင်းတို့ကို ဆက်တိုက် ရှုံးနိမ့်ခဲ့ပြီး သွင်းဂိုး တစ်ဂိုးမှ မရရှိခဲ့ခြင်းဖြစ်သည်။

လက်စတာအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် ၃၁ အပြီးတွင် ရမှတ် ၁၇ မှတ်ဖြင့် အဆင့် ၁၉ နေရာတွင် ရပ်တည်နေပြီး အဆင့် ၁၇ နေရာမှ ဝုဗ်အသင်းနှင့် ရမှတ် ၁၅ မှတ်ထိ ကွာဟနေသောကြောင့် တန်းဆင်းရရန် နီးစပ်နေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## ဘီဗိုလ်က WBC လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကိုစွန့်လွှတ်ရန်ဆုံးဖြတ်ခဲ့သောကြောင့် ဘီနာဗီဒက်ဗ် ချန်ပီယံဖြစ်လာ

နယူးယောက် ဧပြီ ၈

လိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံ ရုရှား လက်ဝှေ့သမား ဘီဗိုလ်သည် WBC လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံအတွက် လက်ရှိချန်ပီယံ ခါးပတ်ကိုကာကွယ်ရန် သတ်မှတ်ကာလရောက်ရှိလာ၍ စိန်ခေါ်ခွင့်ရှိသူ အမေရိကန်လက်ဝှေ့သမား ဘီနာဗီဒက်ဗ်နှင့် ထိုးသတ်ရမည်ဖြစ်သော်လည်း ဘီဗိုလ်သည် ကနေဒါနိုင်ငံသားခံယူထားသည့် ရုရှားလက်ဝှေ့သမား ဘီတာဘီယက်ဗ်နှင့် လိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဘွဲ့အတွက် တတိယမြောက်စိန်ခေါ်ပွဲထိုးသတ်သွားရန် စီစဉ်နေသည့်အတွက် ဘီနာဘီဒက်ဗ်နှင့် ထိုးသတ်သွားရန် ဆန္ဒမရှိသေးကြောင်း ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် စည်းမျဉ်းအရ ဘီဗိုလ်သည် WBC လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ရပြီး ဘီနာဘီဒက်ဗ်က ကမ္ဘာ့ချန်ပီယံခါးပတ်အား ဆက်ခံခွင့်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘီနာဘီဒက်ဗ်က "ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်ရထားတဲ့ ကျွန်တော့်အတွက် ဒီနည်းလမ်းနဲ့တော့ ကမ္ဘာ့ချန်ပီယံခါးပတ်ကို မယူလိုပါဘူး။ လက်ရှိကမ္ဘာ့ချန်ပီယံနဲ့ထိုးသတ်ပြီး စွမ်းဆောင်ရည်အရ ကမ္ဘာ့ချန်ပီယံ ဖြစ်ခွင့်ရတာကိုပဲ လိုချင်တာပါ။ ဒါပေမဲ့ တစ်ဖက်က ထိုးသတ်ဖို့ ဆန္ဒမရှိတဲ့အတွက် ကျွန်တော်ဘာမှ မတတ်နိုင်ပါဘူး။ သေချာတာတစ်ခုကတော့ ကျွန်တော်အခု ကမ္ဘာ့ချန်ပီယံ တစ်ယောက်ဖြစ်နေပါပြီ။ ဒီခါးပတ်ကိုလိုချင်တဲ့ လက်ဝှေ့သမားတွေ အနေနဲ့ ကျွန်တော့်ကို စိန်ခေါ်လို့ရပါပြီ။ အကောင်းဆုံး ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲထိုးသတ်သွားဖို့က ကျွန်တော့်ရဲ့ ဦးစားပေးဆန္ဒပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## နစ်ကိုးဝီလျှံက အာဆင်နယ်အသင်းထက် ဘာစီလိုနာအသင်းကိုသာ ပြောင်းရွှေ့ကစားဖွယ်ရှိနေ



မက်ဒရစ် ဧပြီ ၈

ဘီလ်ဘာအိုအသင်း လူငယ်တောင်ပံကစားသမား နစ်ကိုးဝီလျှံက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းထက် ဘာစီလိုနာအသင်းကိုသာ ပြောင်းရွှေ့ကစားဖွယ်ရှိနေကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ နစ်ကိုးဝီလျှံသည် လာမည့်နွေရာသီ ကစားသမားအပြောင်း အရွှေ့ကာလတွင် ဘီလ်ဘာအိုအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားပြီး ၎င်းကို အာဆင်နယ်အသင်းက လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် ကြိုးပမ်းနေသော်လည်း ၎င်းကိုယ်တိုင်က စပိန်အသင်းဖော် လမိုင်းယာမယ်ရှိနေသည့် ဘာစီလိုနာအသင်းကိုသာ ပြောင်းရွှေ့ကစားဖွယ်ရှိသည်။

နစ်ကိုးဝီလျှံနှင့် လမိုင်းယာမယ်တို့သည် ပြီးခဲ့သည့် ယူရို ၂၀၂၂ ပြိုင်ပွဲတွင် စပိန်အသင်း ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည့်အပြင် ၎င်းတို့နှစ်ဦးကြား ကောင်းမွန်သည့် ဆက်ဆံရေးကောင်းများ ရှိနေသည့်အတွက် အခြားအသင်းများထက် ဘာစီလိုနာအသင်းကိုသာ ပြောင်းရွှေ့ ကစားဖွယ်ရှိခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း နစ်ကိုးဝီလျှံကို ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက ကြိုးပမ်းခဲ့ပြီး နစ်ကိုးဝီလျှံကိုယ်တိုင်က ဘီလ်ဘာအိုအသင်းတွင် တစ်ရာသီ ဆက်လက်ကစားလိုသည့်အတွက် အပြောင်းအရွှေ့ မဖြစ်မြောက်ခဲ့သော်လည်း လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ထပ်မံခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

နစ်ကိုးဝီလျှံ၏ စာချုပ်ဖျက်သိမ်းကြေးမှာလည်း ယူရို သန်း ၆၀ သာရှိသည့်အတွက် ဘာစီလိုနာအသင်းက အခြားအသင်းများနှင့်အပြိုင် စာချုပ်ဖျက်သိမ်းကြေးပေးချေကာ ကမ်းလှမ်းရန် ပြင်ဆင်နေပြီး နစ်ကိုးဝီလျှံကလည်း အခြားအသင်းများ၏ ကမ်းလှမ်းမှုများကိုငြင်းပယ်၍ လမိုင်းယာမယ်နှင့် တွဲဖက်ကစားရန် ဘာစီလိုနာအသင်းကိုသာ ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

## ဘိုင်ယန်မြူးနစ်အသင်းက ဆာနေးကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးရန် ကမ်းလှမ်း



ဘာလင် ဧပြီ ၈

ဘိုင်ယန်မြူးနစ် အသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဝါရင့်တောင်ပံကစားသမား ဆာနေးကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိ ဆာနေးသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က မန်စီးတီးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းက နောက်ထပ်သုံးနှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဘိုင်ယန်မြူးနစ်အသင်းက စာချုပ်သစ်အတွက် ကမ်းလှမ်းမှုတစ်စုံတစ်ရာမရှိသောကြောင့် ဆာနေးက ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှ ထွက်ခွာရန်စီစဉ်ထားပြီး ဘာစီလိုနာအသင်းနှင့် အာဆင်နယ်အသင်းတို့က အပြိုင်ကမ်းလှမ်းရန် ပြင်ဆင်နေသော်လည်း ဘိုင်ယန်မြူးနစ် အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဆာနေးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၁၂ ပွဲထိ ပါဝင်ကစားထားကာ ၅၉ ဂိုး သွင်းယူထားပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၃၇ ပွဲတွင် ၁၁ ဂိုး သွင်းယူထားပြီး ဂိုးဖန်တီးမှု လေးကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

## စကော့တီရှက်ဖလာက The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်ရန် ပစ်မှတ်ထားလျက်ရှိ

နယူးယောက် ဧပြီ ၈

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်ရှိ နာမည်ကြီး Augusta National Golf Club တွင် ကျင်းပမည့် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ တစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်မည့် စကော့တီရှက်ဖလာသည် ပြိုင်ပွဲကျင်းပမည့် ဂေါက်ကလပ်တွင် ဧပြီလ ၇ ရက်မှစ၍ လေ့ကျင့်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် စကော့တီရှက်ဖလာအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် ရုန်းကန်ရလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံးသော ချန်ပီယံဆုကိုလည်းကောင်း၊ The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဘွဲ့အား ကာကွယ်နိုင်သည့် ကစားသမားအဖြစ်လည်းကောင်း မှတ်တမ်းဝင်နိုင်ရန်အတွက် ပစ်မှတ်ထားနေကြောင်း သိရသည်။

CBS Sports သတင်းဌာနမှ ဝါရင့် ဂေါက်သီးရိုက်အားကစားသတင်းတင်ဆက်သူ ဂျင်မ်နန့်ဇ်က "ဒီနှစ် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲမှာတော့ စကော့တီရှက်ဖလာနဲ့ မက်အီလ်ရွိုင်းတို့ နှစ်ယောက်ကသာ ချန်ပီယံကို စိန်ခေါ်နိုင်မဲ့ အဓိကပြိုင်ပွဲဝင်နှစ်ဦးဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ တိုက်ဂါးဝုဒ်ကတော့ သေချာပေါက် ပြိုင်ပွဲဝင်နိုင်တော့မှာမဟုတ်ပါဘူး။ လက်ရှိချန်ပီယံဖြစ်တဲ့ စကော့တီကတော့ ပြိုင်ပွဲဝင်ဖို့အတွက်တောင် ပြင်ဆင်နေပါတယ်။ ၂၀၂၅ ခုနှစ်အတွင်း အောင်မြင်မှုမရသေးတဲ့ စကော့တီဟာ The Masters မှာ လက်ရှိချန်ပီယံကိုကာကွယ်နိုင်ဖို့ အကောင်းဆုံးကြိုးစားသွားလိမ့်မယ်လို့ ကျွန်တော်မြင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ငလျင်ဘေးကို ကြိုတင်မြော်တွေး ဆောင်ရွက်ထားကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြီး ၁၈ ကြိမ် အနက် ၁၉၁၂ ခုနှစ် မေလ ၁၃ ရက်တွင်လှုပ်ခတ်ခဲ့သည့် ပြင်းအား ၈ ရစ်ချ်တာစကေးရှိ မေမြို့ငလျင်သည်အပြင်းထန်ဆုံးဖြစ်ပြီး ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ မန္တလေးမြေငလျင်ကြီးသည် ဒုတိယအပြင်းထန်ဆုံးဖြစ်သည်။ မြန်မာနိုင်ငံ၏ အလယ်ဗဟိုတစ်လျှောက်တွင် လှုပ်ရှားမှုရှိနေသည့် ပြတ်ရွေ့ကြောကြီးသည် တောင်နှင့်မြောက်တန်းလျက် ကျောရိုးကြီးသဖွယ်တည်ရှိလျက်ရှိရာ အနာဂတ်ကာလတွင်လည်း အင်အားအလွန်ပြင်းထန်သောငလျင်ကြီးများ လှုပ်ခတ်နိုင်သဖြင့် ကြိုတွေး၊ မြော်တွေးပြင်ဆင်ထားရန် လိုအပ်သည်။

**နောက်ဆက်တွဲငလျင်များ**

အင်အားအသင့်အတင့် ငလျင်များလှုပ်ခတ်ပြီးချိန်တွင် နောက်ဆက်တွဲငလျင်ကြီးများ လှုပ်ခတ်တတ်သည့်သာဓကများ ရှိခဲ့ဖူးသည်။ ထို့ကြောင့် ထပ်မံလှုပ်ခတ်လာနိုင်သည့် ငလျင်အန္တရာယ်များကို ကြိုတင်မြော်တွေးကာ ပြင်ဆင်မှုများပြုလုပ်ထားသင့်သည်။ အထူးသဖြင့် အထပ်မြင့်အဆောက်အအုံများနှင့်သက်တမ်းကြာမြင့်နေပြီဖြစ်သော အဆောက်အအုံများတွင် နေထိုင်သူများသည် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပေသည်။ မိသားစုဝင်များကိုလည်း ငလျင်လှုပ်ခတ်လာလျှင် လုပ်ဆောင်သင့်သည့် အချက်များကို ကြိုတင်ရှင်းလင်းပြောကြားထားရန် လိုအပ်သည်။

**ငလျင်ဆိုသည်မှာ**

ငလျင်ဆိုသည်မှာ ကမ္ဘာ့မြေလွှာထုများ အချင်းချင်းပွတ်တိုက်ခြင်းကြောင့် ကမ္ဘာ့မြေမျက်နှာပြင် ရုတ်တရက် တုန်ခါမှုဖြစ်ပွားခြင်းကို ခေါ်ဆိုသည်။ ငလျင်၏အောက်ခြေမူလအမှတ်ကို ဆုံချက်ဟု ခေါ်ဆိုပြီး ဆုံချက်အထက်မျက်နှာပြင်ကို ငလျင်ဗဟိုချက်ဟု သတ်မှတ်ပါသည်။ ငလျင်ဗဟိုချက်သည် ကမ္ဘာ့မြေမျက်နှာပြင်အပေါ်ယံတွင် တည်ရှိနေမည်ဆိုလျှင် ထိခိုက်ဆုံးရှုံးမှုများပြားလေ့ရှိသည်။ ထို့ကြောင့် ငလျင်အင်အားအပြင် ငလျင်ဗဟိုပြုမှုအတိမ်၊ အနက် အပေါ်တွင်မူတည်၍လည်း ထိခိုက်ဆုံးရှုံးမှုကွဲပြားလေ့ရှိသည်။

ငလျင်လှုပ်ခတ်မှုသက်သက်သည် လူနှင့်တိရစ္ဆာန်များ၏အသက်ကို ခြိမ်းခြောက်မှုနည်းပါးသော်လည်း နောက်ဆက်တွဲဖြစ်စဉ်များဖြစ်သည့် အဆောက်အအုံပြိုကျမှု၊ မီးလောင်မှု၊ ဆူနာမီရေလှိုင်းရိုက်ခတ်မှုနှင့်မီးတောင်ပေါက်ကွဲမှုများသည် လူသားတို့၏အသက်အန္တရာယ်ကို အကြီးအကျယ်ထိခိုက်စေလျက်ရှိသည်။

ထိုသို့ ငလျင်လှုပ်ခတ်မှု နောက်ဆက်တွဲဖြစ်စဉ်များကို တတ်နိုင်သမျှရှောင်ရှားနိုင်ရန်အတွက် အဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်အောင် စနစ်တကျတွက်ချက်၍ တည်ဆောက်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးစနစ်များ တပ်ဆင်အသုံးပြုခြင်း၊ ကြိုတင်သတိပေးစနစ်များ တပ်ဆင်ခြင်းနှင့် ကယ်ဆယ်ရွှေ့ပြောင်းရေးအစီအစဉ်များရေးဆွဲခြင်းတို့ကို ဆောင်ရွက်ထားသင့်ပါသည်။

**ကြိုတင်ခန့်မှန်း၍မရနိုင်**

မည်သည့်အချိန်၊ မည်သည့်နေရာတွင်အင်အားမည်မျှဖြင့် ငလျင်လှုပ်ခတ်မည်ဟု မည်သူမျှခန့်မှန်းတွက်ချက်နိုင်စွမ်းမရှိသေးပါ။ ငလျင်၏ အင်အားကို လှုပ်ခတ်ပြီးချိန်မှသာ တိုင်းတာနိုင်ကြသည်။ သို့သော် သုတေသနမှတ်တမ်းများအရ အနှစ် ၈၀ မှ ၁၀၀ အတွင်း၌ အင်အားပြင်းသောငလျင်ကြီးများ လှုပ်ခတ်တတ်သည်ဟု ပညာရှင်များက သုံးသပ်ခန့်မှန်းထားကြသည်။ မြန်မာနိုင်ငံတွင်လည်း ရှေးနှစ်ပေါင်းများစွာက ငလျင်ကြီးများလှုပ်ခတ်ခဲ့ဖူးသဖြင့် ငလျင်အန္တရာယ်ကို ကြိုတင်မြော်တွေးကာ ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပေသည်။

**ကမ္ဘာတစ်ဝန်းတွင်လှုပ်ခတ်ခဲ့သည့် ထိခိုက်ဆုံးရှုံးမှုများသောငလျင်ကြီးများ**

ကမ္ဘာပေါ်တွင် ငလျင်များအကြိမ်ကြိမ်လှုပ်ခတ်ခဲ့ပြီးဖြစ်သည်။ ၎င်းတို့အနက် ထိခိုက်ဆုံးရှုံးမှုများသော ငလျင်ကြီးတချို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၁၅၅၆ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် တရုတ်နိုင်ငံ၌လှုပ်ခတ်ခဲ့သည့် ပြင်းအား ၈ ရစ်ချ်တာစကေးရှိ ရှန်ဇီငလျင်ကြောင့် လူဦးရေ ၈၃၀၀၀၀ ကျော် သေဆုံးခဲ့သည်။

(၂) ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၁၂ ရက်တွင် ဟေတီနိုင်ငံ၌လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ရစ်ချ်တာစကေးရှိ ငလျင်ကြောင့် လူဦးရေ ၃၁၆၀၀၀ သေဆုံးခဲ့သည်။

(၃) အေဒီ ၅၂၅ ခုနှစ် မေလတွင် တူကီယဲနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ရစ်ချ်တာစကေးရှိ အန်တီးယော့ငလျင်ကြောင့် လူဦးရေ ၂၅၀၀၀၀ ကျော် သေဆုံးခဲ့သည်။

(၄) ၁၉၈၈ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု၌ လှုပ်ခတ်ခဲ့သည့် ပြင်းအား ၆ ဒသမ ၈ ရစ်ချ်တာစကေးရှိ အာမေးနီးယားငလျင်ကြောင့် လူဦးရေ ၂၅၀၀၀ ကျော် သေဆုံးခဲ့သည်။

(၅) ၁၉၇၆ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် တရုတ်နိုင်ငံ၌လှုပ်ခတ်ခဲ့သော ပြင်းအား ၇ ဒသမ ၅ ရစ်ချ်တာစကေးရှိ တန်ရှန်းငလျင်ကြောင့် လူဦးရေ ၂၄၀၀၀၀ ကျော် သေဆုံးခဲ့သည်။

(၆) ၁၁၃၈ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ဆီးရီးယားနိုင်ငံ၌ လှုပ်ခတ်ခဲ့သော ပြင်းအား ၈ ဒသမ ၅ ရစ်ချ်တာစကေးရှိ အလက်ပိုငလျင်ကြောင့် လူဦးရေ ၂၃၀၀၀၀ ကျော် သေဆုံးခဲ့သည်။

(၇) ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ဖြစ်ပွားခဲ့သည့် ပြင်းအား ၉ ဒသမ ၁ ရစ်ချ်တာစကေးရှိ အိန္ဒိယသမုဒ္ဒရာ ဆူနာမီကြောင့် လူဦးရေ ၃၀၀၀၀၀ ခန့် သေဆုံးခဲ့သည်။

(၈) ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၆ ရက်တွင် တရုတ်နိုင်ငံ၌ လှုပ်ခတ်ခဲ့သော ပြင်းအား ၈ ဒသမ ၅ ရစ်ချ်တာစကေးရှိ ဟိုင်ယွမ် ငလျင်ကြောင့် လူဦးရေ ၂၀၀၀၀၀ ကျော် သေဆုံးခဲ့သည်။

(၉) အေဒီ ၈၅၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် အီရန်နိုင်ငံ၌ လှုပ်ခတ်ခဲ့သော ပြင်းအား ၇ ဒသမ ၉ ရစ်ချ်တာစကေးရှိ ဒမ်ဂန် ငလျင်ကြောင့် လူဦးရေ ၂၀၀၀၀၀ ကျော် သေဆုံးခဲ့သည်။

(၁၀) ၈၉၃ ခုနှစ် မတ် ၂၃ ရက်တွင် အီရန်နိုင်ငံ၌လှုပ်ခတ်ခဲ့သော အာဒဘီငလျင်ကြောင့် လူဦးရေ ၁၅၀၀၀၀ ကျော် သေဆုံးခဲ့သည်။

(၁၁) ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်တွင် ဂျပန်နိုင်ငံ၌ လှုပ်ခတ်ခဲ့သော ပြင်းအား ၉ ဒသမ ၁ ရစ်ချ်တာစကေးရှိ တိုဟိုကူငလျင်နှင့် ဆူနာမီကြောင့် လူဦးရေ ၁၅၇၀၀၀ ကျော် သေဆုံးခဲ့သည်။

**❖ မည်သည့်အချိန်၊ မည်သည့်နေရာတွင် အင်အားမည်မျှဖြင့် ငလျင်လှုပ်ခတ်မည်ဟု မည်သူမျှ ခန့်မှန်းတွက်ချက်နိုင်စွမ်းမရှိသေးပါ။ ငလျင်၏အင်အားကို လှုပ်ခတ်ပြီးချိန်မှသာ တိုင်းတာနိုင်ကြသည်။ သို့သော် သုတေသနမှတ်တမ်းများအရ အနှစ် ၈၀ မှ ၁၀၀ အတွင်း၌ အင်အားပြင်းသောငလျင်ကြီးများလှုပ်ခတ်တတ်သည်ဟု ပညာရှင်များကသုံးသပ်ခန့်မှန်းထားကြသည်။ မြန်မာနိုင်ငံတွင်လည်း ရှေးနှစ်ပေါင်းများစွာက ငလျင်ကြီးများလှုပ်ခတ်ခဲ့ဖူးသဖြင့် ငလျင်အန္တရာယ်ကို ကြိုတင်မြော်တွေးကာ ပြင်ဆင်မှုများပြုလုပ်ထားသင့်ပေသည်။ ❖**

(၁၂) ၁၉၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဂျပန်နိုင်ငံ၌လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၉ ရစ်ချ်တာစကေးရှိ ကန်တိုငလျင်ကြောင့် လူဦးရေ ၁၄၂၈၀၀ ခန့် သေဆုံးခဲ့သည်။

(၁၃) ၁၉၀၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အီတလီနိုင်ငံ၌ လှုပ်ခတ်ခဲ့သော မက်ဆီနာငလျင်ကြောင့် လူဦးရေ ၁၂၀၀၀၀ ကျော် သေဆုံးခဲ့သည်။

(၁၄) ၁၉၄၈ ခုနှစ် အောက်တိုဘာတွင် တာ့ခ်မင်နစ္စတန်နိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၃ ရစ်ချ်တာစကေးရှိ အက်ဂါဘတ်ငလျင်ကြောင့် လူဦးရေ ၁၁၀၀၀၀ ခန့် သေဆုံးခဲ့သည်။

(၁၅) ၁၂၉၀ ပြည့်နှစ် စက်တင်ဘာ ၂၇ ရက်တွင် တရုတ်နိုင်ငံ၌ လှုပ်ခတ်ခဲ့သော ပြင်းအား ၆ ဒသမ ၈ ရစ်ချ်တာစကေးရှိ ချိုင်လီငလျင်ကြောင့် လူဦးရေ ၁၀၀၀၀၀ ခန့် သေဆုံးခဲ့သည်။

(၁၆) ၁၆၆၇ ခုနှစ် နိုဝင်ဘာလတွင် အဇာဘိုင်ဂျန်နိုင်ငံ၌ လှုပ်ခတ်ခဲ့သော ရှာမခီ ငလျင်ကြောင့် လူဦးရေ ၁၀၀၀၀၀ ခန့် သေဆုံးခဲ့သည်။

(၁၇) ၁၇၅၅ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ပေါ်တူဂီနိုင်ငံ၌လှုပ်ခတ်ခဲ့သော ပြင်းအား ၈ ဒသမ ၉ ရစ်ချ်တာစကေးရှိ လစ္စဘွန်း ငလျင်ကြောင့် လူဦးရေ ၅၀၀၀၀ ခန့် သေဆုံးခဲ့သည်။

**ထိခိုက်ပျက်စီးသေဆုံးမှုများပြား**

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတွင် သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးစာရင်းမှာ ၃-၄-၂၀၂၅ ရက် ၁၈၀၀ အချိန်ထိ သေဆုံးသူ ၃၁၄၅ ဦး၊ ဒဏ်ရာရသူ ၄၅၈၉ ဦးနှင့် ပျောက်ဆုံးသူ ၂၂၁ ဦးရှိသည်။ ပျက်စီးမှုစာရင်းမှာ ၂-၄-၂၀၂၅ ရက် ၁၈၀၀ အချိန်ထိ လူနေအိမ် ၂၁၇၈၃ လုံး၊ ရုံးဌာနအဆောက်အအုံ ၈၀၅ လုံး၊ ဝန်ထမ်းအိမ်ရာ ၁၁၅ လုံး၊ စာသင်ကျောင်း ၁၀၄၁ ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်း ၉၂၁ ကျောင်း၊ ဘုရားစေတီအဆူပေါင်း ၁၆၉၀၊ အခြားဘာသာရေးအဆောက်အအုံ ၃၁၂ လုံး၊ ဆေးရုံ၊ ဆေးခန်း ၄၈ လုံး၊ စပါးနှင့်အခြားသီးနှံ ၄၅ ဧကတို့ရှိခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ငွေကြေးနှင့် အချိန်များစွာပေးရမည်ဖြစ်သည်။ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများစွာလည်း လိုအပ်လျက်ရှိသည်။

**အားပေးနှစ်သိမ့်မှုများလို**

ငလျင်ဒဏ်သင့်ပြည်သူများသည် များစွာစိတ်ထိခိုက်လျက်ရှိသဖြင့် အားပေးနှစ်သိမ့်မှုများ လုပ်ဆောင်ပေးသင့်သည်။ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ သွားရောက်ကာ အားပေးနှစ်သိမ့်မှုများနှင့် လှူဒါန်းမှုများလုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် စေတနာရှင်ပြည်သူများကလည်း ရက်ရက်ရောရောလှူဒါန်းလျက်ရှိသဖြင့် များစွာအားတက်မိသည်။ ငလျင်လှုပ်ခတ်မှုဇုန်အတွင်းကျရောက်ခဲ့သော ဒေသတချို့တွင် အချို့သောပြည်သူများသည် လက်ရှိအချိန်ထိ ညဘက်တွင် အိမ်ထဲ၌ အနားမယူနိုင်ကြသေးပေ။

**ငလျင်ဘေးကို ကြိုတင်မြော်တွေးဆောင်ရွက်ထားကြပါစို့**

မျက်မှောက်ကာလတွင် ပုံမှန်မဟုတ်သောရာသီဥတုကြောင့် ကမ္ဘာ့နိုင်ငံအားလုံးသည် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို နှစ်စဉ်ကြုံတွေ့နေကြရသည်။ ထိုသို့ မြေငလျင်လှုပ်ခတ်မှုအပါအဝင် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် မဟာဗျူဟာတစ်ရပ် ချမှတ်ထားသင့်ပေသည်။ အင်အားပြင်းငလျင်များ ထပ်မံလှုပ်ခတ်လာနိုင်သဖြင့် အရည်အသွေးညံ့ဖျင်းသော အထပ်မြင့်အဆောက်အအုံများနှင့် ရှေးဟောင်းအဆောက်အအုံများတွင်နေထိုင်သော ပြည်သူများသည် ငလျင်အရေးအတွက် ကြိုတင်မြော်တွေးတွက်ဆထားသင့်ပြီဖြစ်သည်။ အထူးသဖြင့် ငလျင်ဒဏ်မခံနိုင်သောအဆောက်အအုံများတွင် နေထိုင်သောပြည်သူများအနေဖြင့် သတိထား၍ နေထိုင်စေချင်ပါသည်။

ဆိုရလျှင် မျက်မှောက်ကာလတွင်ပုံမှန်မဟုတ်သောရာသီဥတုကြောင့် သဘာဝဘေးအန္တရာယ်များကို ခပ်စိပ်စိပ်ကြုံတွေ့လာရသည်။ ရေကြီး၊ မိုးခေါင်၊ မုန်တိုင်း၊ ရေလျှံ၊ မီးလောင်စသည့်ဘေးအန္တရာယ်များကို ကြိုတင်တွက်ချက်ခန့်မှန်းနိုင်စွမ်းရှိသော်လည်း ငလျင်လှုပ်ခတ်မှုဘေးအန္တရာယ်ကို မည်သူမျှခန့်မှန်းနိုင်စွမ်းမရှိကြပေ။ ထို့ကြောင့်အဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်သည်ထိ တွက်ချက်ဆောက်လုပ်ထားခြင်းသည် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။ ငလျင်အန္တရာယ်ကို မည်သူမျှကြိုတင်တွက်ချက်နိုင်ခြင်းမရှိသေးသဖြင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် အနာဂတ်တွင် ကြုံတွေ့လာရနိုင်သည့် ငလျင်ဘေးအန္တရာယ်အတွက် အကောင်းဆုံးကြိုတင်ပြင်ဆင်ထားနိုင်ရန် အကြံပြုတိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**
- **Top 10 Deadliest Earthquakes in the History of the World » Selftution**
- **The 20 largest recorded earthquakes in history | Live Science**

# မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)က စစ်ကိုင်းမင်းကွန်း(မိုးမိတ်ကုန်းမြေ)ရှိ တိပိဋကကျောင်းတော်ကြီးသို့ ဆွမ်းဆန်တော်အိတ် ၂၀ နှင့် ငွေကျပ်သိန်း ၁၀၀ လှူဒါန်း



**ရန်ကုန် ဧပြီ ၈**

မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)က စစ်ကိုင်းမင်းကွန်း (မိုးမိတ်ကုန်းမြေ)ရှိ တိပိဋကကျောင်းတော်ကြီးသို့ ဆွမ်းဆန်တော်အိတ် ၂၀ နှင့် ငွေကျပ် သိန်း ၁၀၀ ကို ဧပြီ ၇ ရက်က သွားရောက် လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ဗဟို အလုပ်အမှုဆောင် ပတ္တမြားကေခိုင်ထံမှ သိရသည်။

ထိုကဲ့သို့ လှူဒါန်းရာတွင် စစ်ကိုင်းမင်းကွန်း (မိုးမိတ်ကုန်းမြေ)ရှိ တိပိဋကကျောင်းတော်ကြီးသို့ အလှူငွေကျပ်သိန်း ၁၀၀၊ ဆန်အိတ်၂၀၊ Royal D ကတ် ၁၀၀၊ ရေသန့်ကတ် ၁၀၀၊ သင်္ကန်းအစုံ ၃၀ တို့ကို မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)မှ လှူဒါန်းခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းမင်းကွန်း (မိုးမိတ်ကုန်းမြေ)က ပြိုကျပျက်စီးသွားခဲ့တဲ့ တိပိဋကကျောင်းတော်ကြီးကို သွားရောက်ပြီးတော့ အလှူငွေကျပ်သိန်း ၁၀၀၊ ဆန်အိတ် ၂၀၊ Royal D ကတ် ၁၀၀၊ ရေသန့်ကတ် ၁၀၀၊ သင်္ကန်းအစုံ ၃၀ တို့ကို လှူဒါန်းခဲ့ပါတယ်။ မန္တလေးမှာ ဖွင့်လှစ်ထားတဲ့ ကယ်ဆယ်ရေး စခန်းမှာလဲ လျော်ဘေးသင့်ပြည်သူ လူဦးရေ ၁၀၀၀ ကျော်အတွက် စတုဒိသာ လှူဒါန်းမှုတွေကို ဘယ်နေ့ ဘယ်ရက်ထိ၊ ဘယ်လောက်ပမာဏထိ လှူမယ်လို့ ကန့်သတ်ထားခြင်းမရှိဘဲ လှူဒါန်းနေပါတယ်"ဟု ပတ္တမြားကေခိုင်က ပြောပြသည်။

လက်ရှိတွင် မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)မှ မန္တလေးမြို့ စိန်ပန်းသံနောက် အလက (၃၃) ပတ္တမြားရပ်အတွင်း ဖွင့်လှစ်ထားသည့် ကူညီကယ်ဆယ်ရေးစခန်းတွင် လာရောက်ခိုလှုံနေထိုင်သူများ အဆင်ပြေစေရန် ဝီရိယမင်းသား ဝင်းနောင်က မိုးလုံလေလုံ ကဇာတ်ရုံကြီးကို ကုသိုလ်ဖြစ် ဆောက်လုပ်ပေးထားကြောင်းသိရသည်။ ASH

# Netflix ၏ Narnia ဇာတ်ကား၌ မင်းသမီး မာရီစထရစ် ပါဝင်သရုပ်ဆောင်ဖွယ်ရှိ

**နယူးယောက် ဧပြီ ၈**

Netflix ကုမ္ပဏီ၏ Narnia ဇာတ်ကားသစ်၌ အော်စကာဆုရ မင်းသမီး မာရီစထရစ် ပါဝင်သရုပ်ဆောင်ဖွယ်ရှိသည်ဟု ဧပြီ ၇ ရက် သတင်းများတွင် ရေးသားတင်ပြထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Narnia ဇာတ်ကား၌ ပါဝင်ရေးအတွက် မင်းသမီး မာရီစထရစ်သည် Netflix ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

Narnia ဇာတ်ကားသစ်တွင် မင်းသား ဒန်နီယယ်စရိတ်လည်း ပါဝင်သရုပ်ဆောင်ဖွယ်ရှိသည်ဟု သတင်းများ ပေါ်ထွက်လျက်ရှိကြောင်း သိရသည်။

Narnia ဇာတ်ကားကို ကမ္ဘာကျော် အမျိုးသမီးဒါရိုက်တာ ဂရီတာဂျားဝစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ စီအက်လူးဝစ်၏ ဆဋ္ဌမမြောက် Narnia ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Narnia ဇာတ်ကားသစ် စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# သရုပ်ဆောင် နန်းဆုရတီစိုး၊ တေးသံရှင် ဝိုင်းစုခိုင်သိန်းနှင့် ရုပ်ရှင်သရုပ်ဆောင်များ၊ အလှူရှင်များက ငလျင်ဒဏ်သင့်ပြည်သူများသို့ စားသောက်ကုန်နှင့်အဝတ်အထည်များ လှူဒါန်း

**ရန်ကုန် ဧပြီ ၈**

သရုပ်ဆောင် နန်းဆုရတီစိုး၊ တေးသံရှင် ဝိုင်းစုခိုင်သိန်းနှင့် ရုပ်ရှင်သရုပ်ဆောင်များ၊ စေတနာရှင် အလှူရှင်များက နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ ငလျင်ဒဏ်သင့်ပြည်သူများသို့ စားသောက်ကုန်နှင့် အဝတ်အထည်များကို ဧပြီ ၇ ရက်က သွားရောက် လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် နန်းဆုရတီစိုးထံမှ သိရသည်။

သရုပ်ဆောင် နန်းဆုရတီစိုး၊ တေးသံရှင် ဝိုင်းစုခိုင်သိန်း၊ သရုပ်ဆောင် အလင်းရောင်နှင့် ရုပ်ရှင်သရုပ်ဆောင်များ၊ စေတနာရှင် အလှူရှင်များက မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပျဉ်းမနားမြို့နှင့် ပျော်ဘွယ်မြို့များရှိ သဘာဝဘေး မြေငလျင်ဒဏ်သင့်ပြည်သူများ သို့ စားသောက်ကုန်နှင့် အဝတ်အထည်များကို သွားရောက်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



"နန်းဆုက မတည်ငွေကျပ် သိန်း ၂၀၀ မတည်ပြီး သူငယ်ချင်း အနုပညာရှင်တွေ၊ အလှူရှင်တွေ စေတနာရှင်တွေရဲ့ အလှူငွေနဲ့ အဝတ်အထည်နဲ့ စားသောက်ကုန်တွေကို မန္တလေး၊ စစ်ကိုင်း၊ ပျဉ်းမနား၊ ပျော်ဘွယ်မြို့တွေကို သွားရောက် လှူဒါန်းနေပါတယ်"ဟု နန်းဆုရတီစိုးက ပြောပြသည်။

သရုပ်ဆောင် နန်းဆုရတီစိုး၊ တေးသံရှင် ဝိုင်းစုခိုင်သိန်းနှင့် ရုပ်ရှင်သရုပ်ဆောင်များ စေတနာရှင် အလှူရှင်များအနေဖြင့် မန္တလေး မြေငလျင်ဘေးဒဏ်သင့် မန္တလေး၊ စစ်ကိုင်း၊ ပျဉ်းမနား ပျော်ဘွယ်မြို့ရှိ ပြည်သူများသာမက အခြား ငလျင်ဘေးဒဏ်သင့်မြို့များသို့လည်း ဆက်လက်သွားရောက် လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# Dreaming of You ဇာတ်ကား၌ မင်းသမီး လော်ရင်လာဗီးရား ပါဝင်ထား

**နယူးယောက် ဧပြီ ၈**

Dreaming of You အမည်ရှိ အချစ်ဟာသဇာတ်ကားသစ်တွင် မင်းသမီး လော်ရင်လာဗီးရား ပါဝင်သရုပ်ဆောင်ထား ကြောင်း ဧပြီ ၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး လော်ရင်လာဗီးရားနှင့် အတူ မင်းသား ဂျက်ကတ်ဖာတီနှင့် အီယန်ရှော့တို့လည်း ပါဝင်ထားကြောင်း သိရသည်။

Dreaming of You ဇာတ်ကားသည် စိတ်ဖိအားဝင်နေသော လူငယ်တစ်ဦး၏ အချစ်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျက်မက်ကတ်ဖာတီက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကပင် ရေးသားပေးထားကြောင်း သိရသည်။

Dreaming of You ဇာတ်ကားအတွက် ထုတ်လုပ်သူများအဖြစ် ဘက်ဂတ်ဂရင်းဘတ်နှင့် ဂျက်မက်ကတ်ဖာတီတို့က တာဝန်ယူထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ယခုနှစ် ဧပြီ ၁၅ ရက်တွင် အွန်လိုင်းစနစ်ဖြင့် စတင်ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ခေါင်မိုးမဲ့အိမ်ရုပ်သံဇာတ်လမ်းတွဲကို ဧပြီ ၁၀ ရက်မှစတင်ကာ CANAL + ZAT LENN နှင့် CANAL + APP မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် ဧပြီ ၈**

ဧပြီ ၁၀ ရက်မှစတင်ကာ Canal + ZATLENN Channel အခပေး ရုပ်သံလိုင်းနှင့် Canal + App မှ ထုတ်လွှင့်မည့် ခေါင်မိုးမဲ့အိမ် ရုပ်သံဇာတ်လမ်းတွဲကို ဧပြီ ၁၀ ရက်မှစတင်ကာ အပတ်စဉ်တနင်္လာနေ့မှသောကြာနေ့ထိ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် နေထက်လင်းထံမှ သိရသည်။

Canal Plus Myanmar FG နှင့် FG Series Production တို့ ပူးပေါင်းရိုက်ကူးထုတ်လုပ်သည့် ခေါင်မိုးမဲ့အိမ် ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို အေးကြည်သာဟန်၊ ကျော်ကျော်ထွန်း၊ သန္တာဝေနှင့် အေးမြတ်ချိုတို့က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ပြည်သစ်နိုင်က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"စိတ်ရှင်းကောင်းပြီး အနေအေးတဲ့ လူအများနဲ့ခပ်ကင်းကင်းနေတတ်တဲ့ ဦးနေမင်းသာ နေရာက ပါဝင်ထားပါတယ်။ ဒ့ါပြင် မှတ်ဉာဏ်တွေ ပျောက်ဆုံးနေတဲ့ အဖေတစ်ယောက်ပေါ့။ ကိုယ့်ရဲ့အတိတ်က မှားယွင်းနေတဲ့ အမှန်တရားတွေကို ပြန်လည်ရှာဖွေတဲ့ အခါ ဖြစ်ပေါ်လာတဲ့ မိဘနဲ့သားသမီးကြားက သဘောထားကွဲလွဲမှုတွေကို ဇာတ်အိမ်ဖွဲ့ရိုက်ထားတာပါ"ဟု သရုပ်ဆောင် နေထက်လင်းက ပြောပြသည်။

ခေါင်မိုးမဲ့အိမ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် နေထက်လင်း၊ သူထူးစံ၊ ဟိန်းရာဇာ၊ သာထက်ဉာဏ်ဇော်၊ ဆက်ယွန်းတွယ်တာ၊ ဟန်နာ၊ စုထက်လှိုင် စသည့် အနုပညာရှင်များစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing inspects medical wards at Nay Pyi Taw People's Hospital (300-bed) damaged by the earthquake




Senior General Min Aung Hlaing inspects damage caused by the earthquake at Nay Pyi Taw People's Hospital (300-bed).

**Nay Pyi Taw April 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Council Joint Secretary General Ye Win Oo and party, this evening inspected loss and damage at the medical wards and staff housings of Nay Pyi Taw People's Hospital (300-bed) caused by Mandalay earthquake.

The Senior General and party viewed round damaged parts of medical wards, special intensive care units, staff housings, and operation theatres in the compound of the hospital where the Union Minister for Health and officials conducted the Senior General round the buildings.




Senior General Min Aung Hlaing inspects damage caused by the earthquake at Nay Pyi Taw People's Hospital (300-bed).

In his response to the clarification, the Senior General stressed the need to systematically examine damage and loss with the assistance of construction experts to repair necessary buildings and demolish dangerous buildings for construction of new buildings. It is necessary to coordinate reconstruction measures among construction engineers and water and power supply officials to systematically calculate construction of buildings with resilience of possible natural disasters. According to scrutiny over collapsed buildings in the earthquake, it is necessary to take lessons of dreadful loss in past events which officials did not construct the buildings in line with the set standards. As such, officials need to supervise construction of buildings systematically.

As Nay Pyi Taw People's Hospital (300-bed) bears a large number of loss and damage at buildings caused by the earthquake, medical treatments are being given to patients at Zeyathiri Township Hospital (50-bed) temporarily.

100

# Shwebo Township completes harvest of more than 2,000 acres of onions



A farmer harvesting onions.

**Shwebo April 8**

According to records from the Shwebo Township Agriculture Department, the onion harvest from 2,345 acres of farmland planted during the winter cropping season has been completed in Shwebo Township, Sagaing Region.

During the winter cropping period, up to 2,345 acres of onions were cultivated in Shwebo Township. The harvesting of these onion fields began in January of this year, and as of today, 100 per cent of the acreage has been harvested. The average yield per acre was recorded at 4,478.93 baskets.

"The winter cropping season in Shwebo Township saw the cultivation of 2,345 acres of onions. As of now, the entire acreage has been fully harvested. The onion farming process followed the usual practices, and efforts were made to connect farmers with good market opportunities," said U San Oo, the head of the Shwebo Township Agriculture Department.

The township's Agriculture Department has assisted onion farmers by facilitating market connections for better prices, providing technical guidance on storage to prolong shelf life, promoting Good Agricultural Practices (GAP) methods, and ensuring high-quality onion production.

Onion farmers in the region reportedly earn around 1.8 million kyats per acre, with an average yield of 5,000 baskets per acre.

In Sagaing Region, onions are widely cultivated, with the major onion-producing townships being Monywa, Yinmabin, ChaungU, Shwebo, and Myaung.

206

# Chairman of National Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivers address at the farewell ceremony held in honor of the emergency rescue teams from China



Vice-Senior General Soe Win addresses the farewell ceremony in honour of the emergency rescue teams from China.

**Nay Pyi Taw April 8**

A farewell ceremony held in honor of the Chinese emergency rescue teams from People's Republic of China that would return to their country after completion of the rescue and relief undertakings in Myanmar that sustained losses due to the severe earthquake jolted on 28 March and aftershocks was held at Taboung grounds, Nay Pyi Taw this morning. Chairman of National Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win expressed thanks and delivered a speech to honour the teams.

Also present were union minister committee members, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, officials of Chinese Embassy and Military Attache Office in Myanmar, heads of department, the Chinese emergency rescue teams and officials.

First, the Vice-Senior General and attendees observed a one-minute silence as an indication of sympathy and empathy for loss of life, limbs and property due to the occurrence of the severe earthquake on 28 March 2025.

In his speech, the Vice-Senior General said the 7.7 magnitude earthquake that struck on 28 March this year caused a lot of losses and damages. Up to now, a total of 96 aftershocks followed.

As an expression of empathy and condolences, a week-long National Day of Mourning from 31-3-2025 to 6-4-2025 was declared and the State Flag was flown at half-mast during the week.

The earthquake had destroyed 48,834 homes, 3094 monasteries and nunneries, 2045 schools, 2171 department/office buildings, 148 bridges, and 5275 pagodas, and caused 3550 human fatalities and 4814 injuries, while 160 went missing during the time from 28 March to 7 April.

Till today, international emergency rescue teams including the ones from China, could find and rescue 653 persons alive and pulled out 700 dead bodies. Prime Minister Senior General Min Aung Hlaing, the Vice-Senior General and officials are visiting civil servant victims and civilian victims of the disaster to boost their mental strength and provide support to the rescuers.

Systematically trained and set up rescue and relief teams of Myanmar are carrying out their work day and night at the earthquake-hit areas, while international rescue and relief aid is flowing into the country together with the support teams and medial teams that are joining hands with their local counterparts.

China is the first to send four rescue teams, with a total strength of 265, to Nay Pyi Taw. The Vice-Senior General thanked China for sending a 118-member China International Search and Rescue Team (CISAR) (Beijing), comprising seven rescue dogs to Mandalay, an 89-member Chinese Blue Sky Search and Rescue, and a 51-member Hong Kong China Search Rescue Team within 72 hours during 29 and 30 March.

The four Chinese rescue teams, comprising 265 members and seven rescue dogs arrived in Nay Pyi Taw on March 29. Three teams went to Mandalay and one left behind in Nay Pyi Taw to conduct search, rescue and relief undertakings in cooperation with members of Myanmar Fire Service Department, local volunteers, Tatmadaw members and Myanmar Police Force members in the relevant areas.

In Nay Pyi Taw, the 37-member Yunnan Province Mining and Tunnel Search and Rescue Team has been conducting search and rescue operations since 7 p.m. on March 29, 2025, at Pinlon Hospital in Ottarathiri Township. Utilizing advanced search and rescue equipment, they exerted maximum effort, successfully rescuing a woman alive at 5 a.m. on March 30, 2025. Continuing their efforts into the evening, they also recovered the bodies of two deceased women, demonstrating their dedication.

In Zabuthiri Township, the team conducted search and rescue operations in various buildings. On April 3, they painstakingly recovered the bodies of two deceased individuals from buildings numbered 1338 and 2376. In total, the Yunnan Search and Rescue Team rescued one person alive and recovered four deceased individuals, earning special gratitude on behalf of the families affected by the earthquake disaster.

Within the Nay Pyi Taw Council Area, the Yunnan Search and Rescue Team, led by Mr. Mu Shu Yuan, collaborated with Myanmar's Fire Brigade, using modern high-tech equipment to conduct operations. Similarly, a 15-member team from the Yunnan Health Commission and Medical Emergency Department, led by Mr. Feng Zeli, supported medical efforts at Nay Pyi Taw's 1,000-bed General Hospital.


Vice-Senior General Soe Win presents a documentary photo album to a Chinese rescue team member.


Vice-Senior General Soe Win presents a commemorative gift to a Chinese rescue team member.


Vice-Senior General Soe Win presents a gift to a Chinese rescue team member.

*See Page 14*

# Head of Republic of Tatarstan of the Russian Federation sends message of condolence to SAC Chairman Prime Minister Senior General for loss and damage in powerful Mandalay earthquake

**Nay Pyi Taw April 8**

On March 28, 2025, following the powerful Mandalay earthquake that caused extensive damage, numerous casualties, and many injuries, Mr. Rustam Minnikhanov, Head of the Republic of Tatarstan of the Russian Federation, sent a message of condolence to Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister of Myanmar, expressing loss and damage and loss of lives and injuries in the powerful Mandalay Earthquake on 28 March 2025.

The message expresses deep sorrow over the powerful earthquake that struck your country. It conveys genuine sympathy from our side to all those affected by the consequences of this disaster, as well as to all the people of Myanmar. It mentions that support is being extended to all rescue teams and the injured. The message also highlights that during such times, human solidarity demonstrates his ability to overcome all challenges. Lastly, it conveys heartfelt condolences and shares in the grief and sorrow of Your Excellency and the people of Myanmar over the losses endured. 100

**Esteemed Senior General,**

Please accept my sincere condolences in connection with the devastating earthquake that hit your country. We sympathize deeply with the people of Myanmar—with all those who have been affected by the consequences of this disaster.

I express my support for all the rescue teams and volunteers who work without tire to help the injured. Human solidarity demonstrated these days will help overcome all the hardships and advertises.

We share the anguish over these losses and mourn together with you and the people of Myanmar.

Rustam N Minnikhanov
Head of the Republic of Tatarstan
28 March 2025

*From Page 13*

Additionally, in coordination with the Ministry of Health's Rapid Response Teams, they conducted water sample testing and disease prevention activities across townships, for which special thanks are extended.

Simultaneously, additional teams arrived in Mandalay: the China International Search and Rescue Team (CISAR) from Beijing with 118 members and 7 search dogs, the Chinese Blue Sky Search and Rescue Team with 89 members, and the Hong Kong China Search and Rescue Team with 51 members. From March 30 to April 7, 2025, they tirelessly conducted search and rescue operations, earning heartfelt appreciation from the affected families for their efforts.

As a result of these efforts, three individuals were rescued alive: two from the completely collapsed SKY Villa building and one from the Golden Country Hotel. Amid the extensive destruction in Mandalay, the teams faced immense challenges but managed to recover the remains of 51 individuals from SKY Villa, 5 from Win Star Hotel, 4 from Paragon Hotel, 1 from Golden Country Hotel, 2 from Great Wall Hotel, and 1 from a residence at the intersection of 26th and 81st Streets, for which gratitude is expressed on behalf of the families.

Overall, Chinese rescue teams in Nay Pyi Taw and Mandalay rescued 4 people alive and recovered 64 deceased individuals, working tirelessly day and night with humanitarian compassion to hand over the remains to their families. On behalf of the State Administration Council, the affected families, and the National Disaster Management Committee, heartfelt thanks and appreciation are extended for these efforts, which will be remembered.

During this natural disaster in Myanmar, the Chinese government and people demonstrated exemplary neighborly friendship and kinship, providing timely search and rescue operations and medical care through mobile clinics. To date, they have delivered 447.69 tons of relief supplies, with an additional 110 tons expected today. This selfless support, driven by empathy and compassion without any preconditions, is deeply appreciated, and efforts are underway to systematically distribute these supplies to every affected individual. Special gratitude is extended to the government of the People's Republic of China, led by President Xi Jinping, the rescue teams from Beijing, Hong Kong, and Yunnan, and the Chinese Ambassador to Myanmar, H.E. Ms. Ma Jia, along with embassy staff, for their unwavering support, which will remain etched in the memory of Myanmar's people.

Subsequently, Vice-Senior General Soe Win presented certificates of honor and commemorative gifts to the China Search and Rescue Team, China International Search and Rescue Team, and China Search and Rescue Team (Hong Kong). Representatives from each team accepted these on their behalf.

Following the ceremony, Vice-Senior General Soe Win hosted the Chinese rescue teams with a meal, personally greeting each member and presenting them with gifts.

These Chinese rescue teams achieved operations up to Assessment, Search & Rescue Level 4 (ASR Level 4) out of five levels, completing their mission and preparing to depart. The People's Republic of China will continue to provide necessary relief supplies and technical assistance for Myanmar's post-earthquake reconstruction efforts. 100

# Xinhua Headlines: Global markets plunge as "reciprocal tariffs" spark fears on Black Monday

**Washington April 8**

Major stock indexes across the globe plunged sharply on Monday, as investors dumped riskier assets amid mounting fears over U.S. President Donald Trump's sweeping tariffs.

Panic sentiments took hold of the market once trading opened in the morning. The day of April 7, with similarities to the 1987 stock market crash, is being seen as another "Black Monday" by analysts and the media.

Washington's controversial new set of tariffs has stirred tensions since its announcement on Wednesday, hitting global markets hard, sparking backlash from other countries and drawing widespread criticism from economists and investors.

Major markets across the globe witnessed a turbulent day.

Three major benchmarks of the U.S. stock market met with major setbacks on Monday.

The S&P 500 Index, which is composed of 500 leading companies listed in the United States, dived as much as 21.41 percent from its record high on Feb. 19 and entered the technical territory of the bear market in the morning session.

As of 9:40 a.m. Eastern time (1340 GMT), the Dow Jones Industrial Average lost 2.63 percent, the S&P 500 shed 3.14 percent, and the Nasdaq Composite Index dropped by 3.85 percent.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရန်က GPS နှင့် ဆက်သွယ်ရေး Jamming ပြုလုပ်မှုတို့ဖြင့် အမေရိကန်စစ်လေယာဉ်များနှင့် ရေကြောင်းစစ်ဆင်ရေးများကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိ



အီရန်နိုင်ငံသည် အားကောင်းသော GPS နှင့် ဆက်သွယ်ရေး Jamming ပြုလုပ်မှုတို့ဖြင့် အမေရိကန် စစ်လေယာဉ်များနှင့် ရေကြောင်းဆိုင်ရာ စစ်ဆင်ရေးများကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိကာ အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများ ပိုမိုပြင်းထန်လာကြောင်း Army Recognition သတင်းဌာနက ဇွန် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ကာကွယ်ရေးနှင့် ထောက်လှမ်းရေးအရာရှိများ၏ ပြောကြားချက်အရ အီရန်နိုင်ငံသည် ဂြိုဟ်တုသွားလာမှုကို အနှောင့်အယှက်ပေးနိုင်မည့် မြေပြင်အခြေစိုက် Jamming စနစ်များကို အသက်သွင်းထားပြီး ဝေဟင်ပလက်ဖောင်းများနှင့် ကွပ်ကဲမှုဌာနချုပ်များကြားဆက်သွယ်ရေး ချိတ်ဆက်မှုများကိုအနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း သိရသည်။

ဤလုပ်ဆောင်ချက်သည် RC-135 Rivet Joint အချက်ပြထောက်လှမ်းရေးလေယာဉ်များ၊ E-8C Joint STARS မြေပြင်ထောက်လှမ်းရေး ပလက်ဖောင်းများနှင့် MQ-9 Reaper မောင်းသူမဲ့လေယာဉ်များအပါအဝင် အမေရိကန်လေတပ်၏ ထောက်လှမ်းရေးစနစ်များအပေါ် သက်ရောက်မှုများရှိနေပြီဖြစ်သည်။ ၎င်းစနစ်အားလုံးသည် အနှောင့်အယှက်ကင်းသော GPS အချက်ပြမှုများနှင့် ပြိုင်ဆိုင်မှုပြင်းထန်သော လေပိုင်နက်အတွင်း ထိရောက်စွာလည်ပတ်နိုင်ရန် ဒေတာလင့်ခ်များပေါ်တွင် ကြီးကြီးမားမား မှီခိုနေရသည်။

ပြီးခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်း အီရန်နိုင်ငံသည် အီလက်ထရွန်နစ်စစ်ဆင်ရေး စွမ်းရည်များကိုနိုင်ငံခြားမှ ဝယ်ယူဖြည့်တင်းမှုများနှင့် ပြည်တွင်းဆန်းသစ်တီထွင်မှု နှစ်ခုလုံးမှတစ်ဆင့်ဆက်တိုက်တိုးချဲ့လုပ်ဆောင်လာခဲ့ပြီး ဤမျှအရေးကြီးသောနယ်ပယ်တွင် ဒေသတွင်း ထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။

အစ္စလာမ္မစ်သမ္မတနိုင်ငံသည် ရန်သူတပ်ဖွဲ့များ အသုံးပြုနေသောရေဒါများ၊ ဆက်သွယ်ရေးလင့်ခ်များ၊ GPS အချက်ပြမှုများနှင့် ဂြိုဟ်တုလမ်းကြောင်းပြခြင်းတို့ကို ဟန့်တားပိတ်ဆို့နိုင်သည့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များကို တီထွင်ထုတ်လုပ်ခဲ့သည်။

အီရန်နိုင်ငံသည် ရန်သူ့ထောက်လှမ်းရေး ပလက်ဖောင်းများကိုလှည့်ဖြားရန် သို့မဟုတ် ပိတ်ဆို့တားဆီးရန် ရည်ရွယ်သည့် ဆိုက်ဘာအီလက်ထရွန်နစ် စစ်ဆင်ရေး၊ ပေါင်းစပ်နည်းပညာများပါ ပိုင်ဆိုင်ထားသည်။ အီရန် အီလက်ထရွန်နစ်စက်မှုလုပ်ငန်း (IEI)နှင့် IRGC တပ်ဖွဲ့တို့၏ ကိုယ်ပိုင်သုတေသနတပ်၊ ဌာနများအပါအဝင် အီရန်ကာကွယ်ရေးစက်မှုလုပ်ငန်းက အီလက်ထရွန်နစ်စစ်ဆင်ရေးနယ်ပယ်တွင် တွန်းအားပေးလုပ်ဆောင်လာခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုများကို ကျော်လွှားရန် ကြိုးပမ်းခဲ့ကြသကဲ့သို့ အနောက်နိုင်ငံထုတ် နည်းပညာများကို အတုခိုး၍ ပြည်တွင်းဒီဇိုင်းများဖြင့် ပေါင်းစပ်ထုတ်လုပ်ထားကြခြင်းဖြစ်ကြောင်း သိရသည်။

အီရတ်၊ ဆီးရီးယား၊ လက်ဘနွန်နှင့် ယီမင်ရှိ စစ်ရိပ်သန်းနေသောနေရာများသည် အီရန်၊ အမေရိကန်နှင့် မဟာမိတ်နိုင်ငံများ၏ ပထဝီဝင်နိုင်ငံရေး ကစားကွက်များဖြင့် မတည်မငြိမ်ဖြစ်လျက်ရှိရာ နည်းပညာ ထိပ်တိုက်တွေ့ဆုံမှုများပါ တွေ့မြင်လာ ကြရပြီဖြစ်သည်။

အီရန်နိုင်ငံ၏ တန်ပြန်လုပ်ဆောင်မှုများကိုကျော်လွှားရန် လေကြောင်းစောင့်ကြည့်ထောက်လှမ်းခြင်းနှင့် လမ်းကြောင်းပြခြင်းဆိုင်ရာ ခံနိုင်ရည်စွမ်းအားများ အားကောင်းလာစေရန် နောက်ထပ်အဆင့်မြှင့်တင်မှုများကို အမေရိကန်ဘက်က လုပ်ဆောင်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Breaking New: Iran Deploys Electronic Warfare Systems in Persian Gulf and Strait of Hormuz to Disrupt U.S. Stealth Aircraft** ကို ဘာသာပြန်ဆိုထားပါသည်။

## အက်စ်တိုနီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည်များကိုကြားဖြတ်ဟန့်တားနိုင်သည့် တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များဝယ်ယူရန် စီစဉ်နေ

အက်စ်တိုနီးယားနိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ရုရှားနိုင်ငံထံမှ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်လာနိုင်မှုများအပေါ်စိုးရိမ်၍ ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်သည့် တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်များဝယ်ယူရန် စီစဉ်နေသည်ဟု Army Recognition သတင်းဌာနက ဇွန် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုနှစ် ဇွန် ၃ရက် အက်စ်တိုနီးယားနိုင်ငံပိုင် ရုပ်သံလွှင့်ဌာန ERR ၏ ထုတ်ပြန်ချက်များအရ ရုရှားနိုင်ငံထုတ် Iskander-M ကဲ့သို့သော မြန်နှုန်းမြင့် ပဲ့ထိန်းဒုံးကျည် တိုက်ခိုက်မှုများမှ ကာကွယ်ရန် ဒီဇိုင်းထုတ်ထားသည့် ခိုင်မာအားကောင်းသော ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်တွင် ယူရိုတစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံ၍ အက်စ်တိုနီးယားအစိုးရသည် မည်သည့်စနစ်ကို ရွေးချယ်ဝယ်ယူသင့်သည်အပေါ် အကဲဖြတ်ဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ရုရှားနိုင်ငံ၏ Iskander-M ပဲ့ထိန်းဒုံးကျည်စနစ်သည် မည်သည့်လေကြောင်းရန် ကာကွယ်ရေးကွန်ရက်အတွက်မဆို ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ဤတာတိုပစ် ပဲ့ထိန်းဒုံးကျည်သည် ၎င်း၏ထိပ်ဖူးအား အမြင့်ကီလိုမီတာ ၅၀ ထိပစ်လွှတ်နိုင်ပြီး အထက်လေထုအလွှာကိုဖြတ်ကျော်ကာ တစ်နာရီလျှင် ကီလိုမီတာ ၈၀၀၀ အလျင်နှုန်းဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်သည်။ ပစ်မှတ်ကို တိုက်ခိုက်သည့် နောက်ဆုံးအဆင့်တွင် ဒုံးကျည်သည် ရန်သူ့ခံစစ်စနစ်များမှ ကြားဖြတ်တိုက်ခိုက်ခံရမှုကိုရှောင်လွှဲရန် ရုတ်ခြည်း သို့မဟုတ် ကြိုတင်မှန်းဆ၍မရသော ပျံသန်းစစ်ဆင်မှုများကို တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။

ထိုသို့သော ဒုံးကျည်ခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် အက်စ်တိုနီးယားနိုင်ငံသည် ဥရောပထုတ် SAMP/T၊ အမေရိကန်ထုတ် Patriot နှင့် အစ္စရေးနိုင်ငံထုတ် David's Sling လေကြောင်းရန်ကာကွယ်ရေးစနစ်တို့ကို အနီးကပ်လေ့လာဆန်းစစ် အကဲဖြတ်နေကြောင်း သိရသည်။

ဤစနစ်များကိုဝယ်ယူရန် ရွေးချယ်ရာတွင် အက်စ်တိုနီးယားနိုင်ငံသည် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များနှင့် ကုန်ကျစရိတ်များကို ချိန်ဆရုံသာမက မဟာဗျူဟာမြောက်ချိန်ညှိမှု၊ NATO အဖွဲ့၏ ကာကွယ်ရေးအခြေခံအဆောက်အအုံနှင့် ပေါင်းစည်းမှုနှင့် ရေရှည်အသုံးပြုနိုင်မှုတို့ကိုလည်း ထည့်သွင်းစဉ်းစားနေခြင်းဖြစ်သည်။ ရုရှားနိုင်ငံထံမှ ခေတ်မီဆန်းပြားသော ဒုံးကျည်ခြိမ်းခြောက်မှု အထူးသဖြင့် သမားရိုးကျ လေကြောင်းရန်




ကာကွယ်ရေးစနစ်များကို အလျင်နှုန်း၊ အမြင့်ပေနှင့် ခန့်မှန်းလို့မရနိုင်သော ပျံသန်းတိုက်ခိုက်လာသည့် Iskander-M ဒုံးကျည်ကဲ့သို့စနစ်များကြောင့် အက်စ်တိုနီးယားနိုင်ငံ၏ အချုပ်အခြာအာဏာကို လုံခြုံစေရေး၊ အရပ်ဘက်နှင့် စစ်ဘက် အခြေခံအဆောက်အအုံများ ကာကွယ်ရေးအတွက် အရေးကြီးသော ဆုံးဖြတ်ချက်တစ်ရပ်လည်း ဖြစ်သည်။

ဤအဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များထဲမှတစ်ခုကို ဝယ်ယူဖြည့်တင်းရန် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အက်စ်တိုးနီးယားနိုင်ငံသည် ယုံကြည်ရလောက်ပြီး ခံနိုင်ရည်ရှိသော ဟန့်တားစွမ်းရည်တစ်ရပ်ကိုထူထောင်ရန် ရည်မှန်းထားပြီး ဥရောပတိုက်ကာကွယ်ရေး၏ တိုးတက်ပြောင်းလဲမှုများကြားတွင် အမျိုးသားနှင့်ဒေသတွင်းလုံခြုံရေးကို အားဖြည့်ပေးနေမည်ဖြစ်ကြောင်း သိရသည်။

Flash News: Estonia Plans €1 Billion Investment in Long-Range Defense Missile Systems to Counter Russian Threats ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်နိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံစဉ်။

☆ **ကျောဖုံးမှအဆက်**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့်စစ်သံရုံးတို့မှတာဝန်ရှိသူများ၊ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကျေးဇူးတင်ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့မှုများ များစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ယနေ့အချိန်ထိ နောက်ဆက်တွဲငလျင် ၉၆ ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ အဆိုပါဖြစ်စဉ်အပေါ် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားကြလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်မှ ၂၀၂၅ ခုနှစ် ဧပြီ ၆ ရက်ထိ ၇ ရက်တိုင်တိုင် သတ်မှတ်ကြေညာခဲ့ပြီး ထိုရက်များအတွင်း နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူကြရန် ကြေညာဆောင်ရွက်ခဲ့ကြောင်း။

မြေငလျင်လှုပ်ခတ်မှုကြောင့် နိုင်ငံတစ်ဝန်းလူနေအိမ်ပေါင်း ၄၈၈၃၄ အိမ်၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၃၀၉၄ ကျောင်း၊ စာသင်ကျောင်း ၂၀၄၅ ကျောင်း၊ ဌာနဆိုင်ရာ ရုံး၊ အဆောက်အအုံ ၂၁၇၁ လုံး၊ တံတား ၁၄၈ စင်း၊ ဘုရားစေတီ ၅၂၇၅ ဆူ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှ ၂၀၂၅ ခုနှစ် ဧပြီ ၇ ရက်ထိ သေဆုံးသူ ဦးရေ ၃၅၅၀၊ ဒဏ်ရာရရှိသူ ၄၈၁၄ ဦး၊ ပျောက်ဆုံးသူဦးရေ ၁၆၀ ရှိခဲ့ကြောင်း။

ယခုကဲ့သို့ သေဆုံးဒဏ်ရာရသူများကို တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ အရေးပေါ် ကူညီကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက နှင့် ဆေးအဖွဲ့များစေလွှတ်ပြီး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း။

တရုတ်နိုင်ငံအနေဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ လေးဖွဲ့ စုစုပေါင်းအင်အား ၂၆၅ ဦးကို အစောဆုံးနှင့်ပထမဆုံးအနေဖြင့် နေပြည်တော်ကိုစေလွှတ်ပေးခဲ့သည်ကို တွေ့ရ ရာမြို့နယ်များရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံလုပ်အားပေးပြည်သူများ၊ တပ်မတော်သားများအပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်စွာတွေ့မြင်ရကြောင်း။

၂၃၇၆ ၌ သေဆုံးသူ နှစ်ဦးတို့၏ ရုပ်အလောင်းများကိုလည်း ခက်ခက်ခဲခဲရှာဖွေထုတ်ယူပေးခဲ့ပြီး ယူနန်ရှာဖွေကယ်ဆယ်ရေးအဖွဲ့အနေဖြင့် စုစုပေါင်းအသက်ရှင်လျက် တစ်ဦး၊ သေဆုံးသူ လေးဦးအား ရှာဖွေထုတ်ယူပေးနိုင်ခဲ့သည့်အတွက် ငလျင်ဘေးဒုက္ခရောက်ခဲ့ရသည့်မိသားစုများကိုယ်စား အထူးပင်ကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ရှာဖွေကယ်ဆယ်ရေးနှင့် အထောက်အကူပြုအဖွဲ့မှ Mr.Mu Shu Yuan ဦးဆောင်သည့် ယူနန်ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ခေတ်မီနည်းပညာစွမ်းအားမြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများဖြင့် ပူးပေါင်းဆောင်ရွက်သကဲ့သို့ Mr.Feng Zeli ဦးဆောင်သည့် ယူနန်ကျန်းမာရေးကော်မရှင်နှင့် Medical Emergency Department တို့မှ အဖွဲ့ဝင် ၁၅ ဦးကလည်း နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးရှိ ဆေးကုသမှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန၏ Rapid Response Team အဖွဲ့များနှင့်ပူးပေါင်းပါဝင်ကာ မြို့နယ်အလိုက် ရေနမူနာစစ်ဆေးခြင်းအပါအဝင် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရသည့်အတွက်လည်း



တရုတ်နိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားကျင်းပစဉ်။

ယနေ့ထိ အသက်ရှင်လျက်လူဦးရေ ၆၅၃ ဦး ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူဦးရေ ၇၀၀ ကိုလည်း ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် မိမိတို့တာဝန်ရှိသူများအနေဖြင့်လည်း မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများထံကိုလည်း စိတ်ဓာတ်ခွန်အားဖြစ်စေရေး သွားရောက်အားပေးခဲ့သကဲ့သို့ ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများကိုလည်း စဉ်ဆက်မပြတ်သွားရောက်အားပေးခဲ့ပါကြောင်း။

ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများတွင် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို မိမိနိုင်ငံမှ စနစ်တကျဖွဲ့စည်းလေ့ကျင့်ပေးထားသည့် ကူညီကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက နေ့ည ဆောင်ရွက်ပေးခြင်းအပြင် နိုင်ငံတကာမှလည်း ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ အရေးပေါ်ကူညီကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့များ ကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၉ ရက်မှ မတ် ၃၀ ရက်ထိ မန္တလေးမြို့ပေါ်သို့ China International Search and Rescue Team (CISAR)(Beijing)မှ တပ်ဖွဲ့ဝင်အင်အား ၁၁၈ ဦး နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ခွေးခုနစ်ကောင်၊Chinese Blue Sky Search and Rescue တပ်ဖွဲ့ဝင် အင်အား ၈၉ ဦးနှင့် Hong Kong China Search and Rescue Team တပ်ဖွဲ့ဝင် ၅၁ ဦးကိုလည်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံက ၇၂ နာရီ မတိုင်မီ စေလွှတ်ပေးခဲ့မှုအပေါ်လည်း များစွာကျေးဇူးတင်ပါကြောင်း။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် ငလျင်လှုပ်ခတ်ပြီးနောက် မတ် ၂၉ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေသို့ တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ လေးဖွဲ့ စုစုပေါင်းအင်အား ၂၆၅ ဦးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ခွေး ခုနစ်ကောင်ရောက်ရှိပြီးနောက် ၎င်းအနက် မန္တလေးမြို့သို့ သုံးဖွဲ့၊ နေပြည်တော်တွင် တစ်ဖွဲ့ အသီးသီးတာဝန်ခွဲဝေ၍ သက်ဆိုင်

နေပြည်တော်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးကြသည့် ယူနန်ပြည်နယ် သတ္တုတွင်းနှင့် ဥမင်လိုဏ်ခေါင်း Search and Rescue Team ၃၇ ဦး အနေဖြင့် ၂၀၂၅ ခုနှစ် မတ် ၂၉ ရက် ည ၇ နာရီမှစ၍ ဥတ္တရသီရိမြို့နယ်ရှိ ပင်လုံဆေးရုံ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အဆင့်မြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၅ ခုနှစ် မတ် ၃၀ ရက် နံနက် ၅ နာရီတွင် အမျိုးသမီးတစ်ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ပြီး ညနေပိုင်းတွင်လည်း ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့သောကြောင့် သေဆုံးသူ အမျိုးသမီး နှစ်ဦး၏ရုပ်အလောင်းများကိုလည်းရှာဖွေထုတ်ယူပေးနိုင်ခဲ့ကြောင်း။

ဇမ္ဗူသီရိမြို့နယ်တွင်ရှိသည့်တိုက်များတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ဧပြီ ၃ ရက်တွင် တိုက်အမှတ် ၁၃၃၈၊ အထူးပင်ကျေးဇူးတင်ရှိကြောင်း။

တစ်ချိန်တည်းမှာပင် မန္တလေးမြို့သို့ ထပ်မံရောက်ရှိလာသည့် China International Search and Rescue Team (CISAR) (Beijing)မှ တပ်ဖွဲ့ဝင်အင်အား ၁၁၈ ဦး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ခွေး ခုနစ်ကောင်၊ Chinese Blue Sky Search and Rescue တပ်ဖွဲ့ဝင် အင်အား ၈၉ ဦးနှင့် Hong Kong China Search Rescue Team တပ်ဖွဲ့ဝင်အင်အား ၅၁ ဦးတို့ကလည်း ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၇ ရက်ထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်အပင်ပန်းခံပြီး ဆောင်ရွက်ပေးခဲ့သည်ကိုတွေ့ရှိရသည့်အတွက် ဘေးဒုက္ခရောက်ခဲ့ကြရသည့် မိသားစုများကိုယ်စား များစွာဝမ်းမြောက်မိပါကြောင်းနှင့် ကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း။

ထိုသို့ ဆောင်ရွက်ပေးခဲ့သည့်အတွက် မြေပြင်တွင် လုံးဝပြိုလဲကျနေသည့် SKY Villa အဆောက်အအုံထဲမှ နှစ်ဦး၊ Golden









အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်နိုင်ငံကယ်ဆယ်ရေးအဖွဲ့များဖြစ်သည့် China Search and Rescue Team၊ China International Search and Rescue Team နှင့် China Search and Rescue Team(Hong Kong) တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်များပေးအပ်စဉ်။

Country Hotel ထဲမှ တစ်ဦး စုစုပေါင်း သုံးဦးတို့ကို အသက်ရှင်လျက်ရှာဖွေကယ်ဆယ်နိုင်ခဲ့သည့်အတွက် မိသားစုများကိုယ်စား ကျေးဇူးတင်ရှိမှုကို ပြောကြားလိုကြောင်း၊ ပျက်စီးခဲ့မှုအလွန်များပြားသည့် မန္တလေးမြို့အတွင်းတွင် အရေးပေါ်ကူညီကယ်ဆယ်ရေးများကို ခက်ခက်ခဲခဲဆောင်ရွက်ကြရင်း SKY Villa မှ ၅၁ ဦး၊ Win Star Hotel မှ ငါးဦး၊ Paragon Hotel မှ လေးဦး၊ Golden Country Hotel မှ တစ်ဦး၊ Great Wall Hotel မှ နှစ်ဦးနှင့် ၂၆ x ၈၁ လမ်းရှိ လူနေအိမ်မှ တစ်ဦးတို့၏ သက်မဲ့ခန္ဓာများကိုလည်းရှာဖွေထုတ်ယူပေးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

တရုတ်နိုင်ငံရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့များအနေဖြင့် နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် စုစုပေါင်း အသက်ရှင်လျက် လေးဦး၊ သေဆုံးသူ ၆၄ ဦးတို့ကို လူသားချင်းစာနာထောက်ထားမှုစိတ်ထားဖြင့် နေ့၊ ညမပြတ်အားသွန်ခွန်စိုက်ကြိုးပမ်းရှာဖွေထုတ်ယူကာ သက်ဆိုင်ရာမိသားစုဝင်များထံ အပ်နှံပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုယ်စား၊ ဘေးဒုက္ခရောက်ရှိခဲ့ကြသည့် မိသားစုများကိုယ်စား၊ အမျိုးသားအဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကိုယ်စား မိမိအနေဖြင့် အမှတ်တရနှင့် အထူးပင်ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရချိန်တွင် အိမ်နီးချင်းကောင်းပီသစွာနှင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုပီသစွာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများကို အချိန်နှင့် တစ်ပြေးညီရှာဖွေကယ်ဆယ်ပေးနိုင်ခြင်း၊ Mobile Clinic ဖြင့် ဆေးကုသပေးခြင်းများအပြင် ယနေ့ထိ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်း တန်ချိန် စုစုပေါင်း ၄၄၇ ဒသမ ၆၉ တန်ကို တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများက ပေးပို့ခဲ့ပြီး ယနေ့တွင်လည်း တန် ၁၁၀ ထပ်မံရောက်ရှိမည်ဟု သိရပါကြောင်း၊ ယခုကဲ့သို့ အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းပီသစွာဖြင့် မည်သည့်နှောင်ဖွဲ့မှုမျှမရှိဘဲ လူသားချင်းစာနာထောက်ထားမှုစိတ်ထား၊ ကိုယ်ချင်းစာစိတ်ထားအပြည့်အဝဖြင့် မိမိတို့နိုင်ငံရှိ ငလျင်ဘေးဒုက္ခရောက်ရှိကြရသည့် ပြည်သူများအပေါ် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများပေးပို့မှုအပေါ် လှိုက်လဲစွာကျေးဇူးတင် ဝမ်းမြောက်ပါကြောင်းနှင့် ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးဒုက္ခရောက်သူ ပြည်သူတစ်ဦးချင်းစီ၏ လက်ဝယ်အရောက် စနစ်တကျပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်းကိုလည်း ဖြည့်စွက်ပြောကြားလိုပါကြောင်း၊ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့နှင့် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ ပေးပို့ပါသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ His Excellency Mr. Xi Jinping ဦးဆောင်သောအစိုးရအဖွဲ့၊ တရုတ်နိုင်ငံ ပေကျင်း၊ ဟောင်ကောင်နှင့် ယူနန်ပြည်နယ်တို့မှ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Her Excellency Ms. Ma Jia နှင့်တကွ သံရုံးအဖွဲ့ဝင်များအားလုံးကို အထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ပြည်သူများအားလုံးက ကူညီကယ်ဆယ်ထောက်ပံ့မှုများအတွက် အမြဲပင်အမှတ်ရနေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တရုတ်နိုင်ငံကယ်ဆယ်ရေးအဖွဲ့များဖြစ်သည့် China Search and Rescue Team၊ China International Search and Rescue Team နှင့် China Search and Rescue Team (Hong Kong)တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ရာ အဖွဲ့များကိုယ်စား ကိုယ်စားလှယ်တစ်ဦးစီက လက်ခံရယူကြသည်။

အခမ်းအနားအပြီးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တရုတ်နိုင်ငံကယ်ဆယ်ရေးအဖွဲ့ကို စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး တစ်ဦးချင်းကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါတရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှု စံသတ်မှတ်ချက်(Assessment, Search & Rescue Level-ASR Level) အဆင့်ငါးခုအနက် အဆင့်(၄)(ASR Level 4)ထိ ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုအခါ ၎င်းတို့၏ တာဝန်များပြီးဆုံး၍ ပြန်လည်ထွက်ခွာခြင်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများနှင့် နည်းပညာအကူအညီများကို ဆက်လက်ကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်နိုင်ငံကယ်ဆယ်ရေးအဖွဲ့ကို တစ်ဦးချင်းရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ရာဇဝင်တွင်တဲ့ PDF တို့ရဲ့ယုတ်မာမှု”** ခေါင်းစဉ်ဖြင့် ၉-၄-၂၀၂၅ ရက်(**ယနေ့**)မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“သဘာဝဘေးကြောင့် စားဝတ်နေရေးကစလို့ အရာအားလုံးခက်ခဲနေချိန်မှာ ဖောက်ခွဲဖျက်ဆီးရေးတွေကိုလုပ်နိုင်သေးတဲ့ အကြမ်းဖက်သမားတွေရဲ့ စိတ်ယုတ်မာများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၉၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ဆေးကုသဆောင်များ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးစဉ်။





ငလျင်ဒဏ်ကြောင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

ရှေ့ဖုံးမှအဆက်

ငလျင်ဒဏ်ကြောင့် အဆောက်အအုံ ထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့မှုများကို ဆောက်လုပ်ရေးပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ ပြုပြင်၍ရနိုင်သည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်း၊ ပြုပြင်၍မရနိုင်သည့် အန္တရာယ်ရှိ အဆောက်အအုံများကို ဖြိုချဖျက်ဆီး၍ အသစ်ပြန်လည် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများဆောက်လုပ်ရာတွင် အဆောက်အအုံ တည်ဆောက်မှုတာဝန်ခံ အင်ဂျင်နီယာများ၊ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေ၊ မီးပိုင်းဆိုင်ရာ တာဝန်ခံများအနေဖြင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်း၍ စနစ်တကျ တည်ဆောက်သွားရန် လိုအပ်မည်ဖြစ်ပြီး ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးဒဏ် ခံနိုင်ရေးအတွက်လည်း ထည့်သွင်းတွက်ချက်ဆောက်လုပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်တွင် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများကို စိစစ်ခဲ့မှုများအရ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ဆောက်လုပ်ခဲ့ခြင်း မရှိသဖြင့် ယခုကဲ့သို့ ပေးဆပ်မှုတန်ဖိုးများ ကြီးမားခဲ့ရခြင်းဖြစ်သည်ကို သင်ခန်းစာ ဖော်ထုတ်ရရှိခဲ့ရကြောင်း၊ ထို့နောက် အဆောက်အအုံများ တည်ဆောက်ရာတွင် တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ဆေးကုသဆောင်များ၌ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ များပြားခဲ့သဖြင့် ဆေးရုံကို ဇေယျာသီရိမြို့နယ် ခုတင်(၅၀၀) ဆံ့ ပြည်သူ့ဆေးရုံသို့ ယာယီပြောင်းရွှေ့ဖွင့်လှစ်၍ ဆေးဝါးကုသမှုများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဥာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေ့ါသွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေ့ါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဝန်ထမ်းအိမ်ရာများနှင့် ယာယီရွှေ့ပြောင်းနေရာများကို ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဝန်ထမ်းအိမ်ရာများနှင့် ယာယီရွှေ့ပြောင်းနေရာများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် အင်အားပြင်းငလျင်သင့်ခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနေထိုင်သည့် ဝန်ထမ်းအိမ်ရာများနှင့် ယာယီရွှေ့ပြောင်းထားရှိသည့်နေရာသို့ သွားရောက်ကြည့်ရှု၍ ဝန်ထမ်းမိသားစုဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဌာနမှ စစ်ဆေးရေးအဖွဲ့များ၏ ပြန်လည်နေထိုင်ရန်သင့်ကြောင်း သတ်မှတ်ချက်အရ အိမ်ရာများ၌ ပြန်လည်နေထိုင်လျက်ရှိသော ဝဏ္ဏသိဒ္ဓိအိမ်ရာ တိုက်(၁၊ ၂၊ ၃ နှင့် ၄)တို့ရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဝန်ထမ်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ သောက်သုံးရေရရှိရေး၊ စားသောက်မှုအဆင်ပြေစေရေးတို့အတွက် တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဌာနမှ စစ်ဆေးရေးအဖွဲ့များ၏ ပြန်လည်နေထိုင်ရန်မသင့်ကြောင်း သတ်မှတ်ထားသည့် ပိတောက်အိမ်ရာ တိုက်(၆၀၃)၊ (၇၅၅)၊ (၇၅၆)နှင့် ဧက(၁)ထောင်အိမ်ရာ တိုက်(၁၃၉၄)တို့ရှိ ဝန်ထမ်းနှင့် မိသားစုဝင်များကို ယာယီရွှေ့ပြောင်းနေထိုင်ရန် နေရာချထားပေးသည့် နယ်မြေခံသင်တန်းကျောင်းသို့ သွားရောက်၍ ဝန်ထမ်းများနှင့် မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဝန်ထမ်းများအတွက် သောက်သုံးရေဖူလုံစွာရရှိရေး၊ စားသောက်မှုအဆင်ပြေစေရေး၊ ဆေးဝါးကုသပေးရေး၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့အတွက် တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ရန်မှာကြား၍ မိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)

# ဩစတြေးလျအစိုးရမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများရောက်ရှိ

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုလမ်းဖွင့်ပေးထားပြီးဖြစ်ရာ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဩစတြေးလျအစိုးရက လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။



ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဩစတြေးလျအစိုးရက လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိစဉ်။

အဆိုပါပစ္စည်းများမှာ ဆိုလာမီးအိမ်များ၊ အိမ်သုံးပစ္စည်းများနှင့် ဆေးဝါးများ ၃၇၄၁၅ Kg ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးမှ Changed Affaires ဖြစ်သူ Ms.Angela Jane Corcoran၊ ရန်ကုန်မြို့ရှိ WFP ရုံးမှ Deputy Country Director ဖြစ်သူ Ms. Sheela Matthewတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပေးပြီး လှိုင်သာယာမြို့နယ် ဘီအိုစီဝင်းရှိ WFP သိုလှောင်ရုံသို့ ဆက်လက်သယ်ဆောင်သွားကြောင်း သတင်းရရှိသည်။ (မဝ၁)

# ဒုတိယဥက္ကဋ္ဌတာဝန် ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၂၈/၂၀၂၅**
၁၃၈၆ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ် ဧပြီလ ၈ ရက်)

## ဒုတိယဥက္ကဋ္ဌတာဝန် ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့နှင့်အညီ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်စေလျက်ရှိပါသည်။ ယခုအခါ အထွေထွေရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်လာသည့်အားလျော်စွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအား ပိုမိုအထောက်အကူပြုနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌတာဝန် ပေးအပ်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ရတနာပုံနေ့စဉ်သတင်းစာထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက် (တနင်္ဂနွေနေ့)မှ ဧပြီ ၁၈ ရက် (သောကြာနေ့) ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်(စနေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမန္တလေးမြေငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အကြီးအကဲ Mr. Rustan Minnikhanov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၈**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းမန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အကြီးအကဲ Mr.Rustan Minnikhanov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာ ဆက်လက်ပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်၏နိုင်ငံကို အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သည့်အပေါ် လွန်စွာဝမ်းနည်းမိပါကြောင်း၊ မိမိတို့အနေဖြင့် ယခုဘေးအန္တရာယ်၏ အကျိုးဆက်ကြောင့် ထိခိုက်နစ်နာသူများအားလုံးနှင့် မြန်မာပြည်သူများအားလုံးကို အမှန်တကယ်စာနာကြောင်း၊ မိမိအနေဖြင့် ကယ်ဆယ်ရေးအဖွဲ့များအားလုံးနှင့် ဒဏ်ရာရရှိသူများအားလုံးကို ထောက်ခံလျက်ရှိကြောင်း၊ ယခုကာလအတွင်း လူသားအချင်းချင်းစည်းလုံးမှုများသည် ကြုံတွေ့နေရသည့် အခက်အခဲများအားလုံးကို ကျော်လွှားနိုင်ကြောင်းကို ပြသလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဆုံးရှုံးမှုများနှင့် ဝမ်းနည်းကြေကွဲမှုများကို အဆွေတော်နှင့် မြန်မာပြည်သူများနှင့်အတူ ဝမ်းနည်းပူဆွေးလျက်ရှိကြောင်းဖြင့် ဖော်ပြထားကြောင်း သတင်းရရှိသည်။

(၅၀၁)

**အဆွေတော် ဗိုလ်ချုပ်မှူးကြီး**

အဆွေတော်၏ နိုင်ငံကို အင်အားပြင်းထန်သည့်ငလျင် လှုပ်ခတ်ခဲ့သည့်အပေါ် လွန်စွာဝမ်းနည်းမိပါကြောင်း ပြောကြားလိုပါသည်။ မိမိတို့အနေဖြင့် ယခုဘေးအန္တရာယ်၏ အကျိုးဆက်ကြောင့် ထိခိုက်နစ်နာသူများအားလုံးနှင့် မြန်မာပြည်သူများအားလုံးကို အမှန်တကယ်စာနာကြောင်း ပြောကြားလိုပါသည်။

မိမိအနေဖြင့် ကယ်ဆယ်ရေးအဖွဲ့များအားလုံးနှင့် ဒဏ်ရာရရှိသူများကို ကူညီရန်အတွက် မပင်မပန်း ဆောင်ရွက်ပေးနေသည့် လုပ်အားပေးသူများအားလုံးကို ထောက်ခံလျက်ရှိကြောင်း ဖော်ပြလိုပါသည်။ ယခုကာလအတွင်း လူသားအချင်းချင်းစည်းလုံးမှုများသည် ကြုံတွေ့နေရသည့်အခက်အခဲများအားလုံးကို ကျော်လွှားနိုင်ကြောင်းကို ပြသလျက်ရှိပါသည်။

မိမိတို့အနေဖြင့် ဆုံးရှုံးမှုများနှင့် ဝမ်းနည်းကြေကွဲမှုများကို အဆွေတော်နှင့် မြန်မာပြည်သူများနှင့်အတူ ဝမ်းနည်းပူဆွေးလျက်ရှိကြောင်း ပြောကြားလိုပါသည်။

**ရုစတန် မီနီခါနော့ဗ်**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်သို့ ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းသော စေတနာရှင်၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ငလျင်ဘေးသင့်ဒေသများအတွက် စေတနာရှင် အလှူရှင်များ လှူဒါန်းသည့် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို လက်ခံရယူစဉ်။

**နေပြည်တော် ဧပြီ ၈**

ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ စေတနာရှင်၊ အလှူရှင်များက တြိဂံဒေသတိုင်းစစ်ဌာနချုပ်သို့ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ဆက်သွယ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် သီလဓမ္မကုန်းသာ တောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ၏ ဦးဆောင်မှုဖြင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ၊ သောက်ရေသန့်ဘူးများ၊ အသင့်စား အစားအသောက်များ၊ ထောက်ပံ့ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများကို ဆက်သွယ်လှူဒါန်းကြသည်။

အဆိုပါငလျင်ဘေးသင့် ပြည်သူများအတွက် ဆက်သွယ်လှူဒါန်းမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးပို့ခဲ့သည်။ ယနေ့တွင် ငွေကျပ် ၄၂၇ သိန်းကျော်တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို လက်ခံရရှိပြီး ရရှိထားသော ထောက်ပံ့ပစ္စည်းများကို ငလျင်ဘေးသင့်ဒေသများသို့ ရောက်ရှိနိုင်ရေး ကူညီပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားလိုသူများ ၂၀၂၅ ခုနှစ် မေ ၉ ရက် နောက်ဆုံးထား၍ လျှောက်ထားကြရန် အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**
၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက်

၁။ နိုင်ငံရေးပါတီတစ်ရပ်တည်ထောင်လိုသူ အနည်းဆုံး ၁၅ ဦးက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(က)နှင့်အညီ ပါတီတည်ထောင်ခွင့်များ လျှောက်ထားလာမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုလျက်ရှိပါသည်။

၂။ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများကို ဒီဇင်ဘာလအတွင်းတွင် ကျင်းပရန်ရှိပါသဖြင့် နိုင်ငံရေးပါတီတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း၊ ပါတီများ ပူးပေါင်းလျက် ပါတီတစ်ခုတည်းအဖြစ် တည်ထောင်ခြင်းလုပ်ငန်းများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအမီ ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း၊ မဲဆွယ်စည်းရုံးခြင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန်အတွက် အချိန်လုံလောက်စွာရရှိစေရန်အလို့ငှာ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားလိုသူများသည် ၂၀၂၅ ခုနှစ် မေ ၉ ရက် နောက်ဆုံးထား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားကြရန် အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**


# ဗီယက်နမ်အစိုးရမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ ရောက်ရှိ

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဗီယက်နမ်အစိုးရမှ လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါပစ္စည်းများမှာ ရွက်ဖျင်တဲ၊ အစားအစာ၊ ဆေးနှင့် ဆေးပစ္စည်းများ ၂၂၁၃၉ Kg ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ တာဝန်ရှိတို့က ကြိုဆိုနှုတ်ဆက်ကြပြီး Department of Fire Fighting and Rescueing မှ Lieutenant General၊ Director General Ngyyen Tuan Ang က လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းထံ Department of Fire Fighting and Rescueing မှ Lieutenant General၊ Director General Ngyyen Tuan Ang က ဗီယက်နမ်အစိုးရမှ လှူဒါန်းသည့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများကို ပေးအပ်စဉ်။



# အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်




ရန်ကုန် ဧပြီ ၈

ရဟန်းရှင်လူပြည်သူများ ဘေးအန္တရာယ်ကင်းစေရန် ရည်ရွယ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ကိုးပါးတို့က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ယနေ့ည ၆ နာရီခွဲမှ စတင်၍ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသောဆရာတော်ကြီး ကိုးပါးတို့သည် ဧပြီ ၈ ရက်မှဧပြီ ၁၆ ရက်ထိ(၁၃၈၆ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်နေ့မှ တန်ခူးလပြည့်ကျော် ၄ ရက်ထိ)ကိုးရက်တိုင်တိုင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း ဘေးအန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်၍ အဆိုပါရက်များတွင် အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




## ၂၀၂၅ ခုနှစ် ဧပြီ ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၁၀၀၀၀ကျပ်။ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ငလျင်ဒဏ်ကြောင့် မန္တလေးမြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး၏ ထီးတော်ရှိ စိန်ဖူးတော်မြေခါ၊ ဌာပနာပစ္စည်းများအား လုပ်အားပေးဆောင်ရွက်နေသည့် တပ်မတော်သားများနှင့် ဝန်ထမ်းများက ရှာဖွေတွေ့ရှိပြီး တာဝန်ရှိသူများထံ ပြန်လည်အပ်နှံ





ငလျင်ဒဏ်ကြောင့် မန္တလေးမြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး၏ထီးတော်ရှိ စိန်ဖူးတော်မြေခါ၊ ဌာပနာပစ္စည်းများအား လုပ်အားပေးဆောင်ရွက်နေသည့် တပ်မတော်သားများနှင့် ဝန်ထမ်းများက ရှာဖွေတွေ့ရှိပြီး တာဝန်ရှိသူများထံ ပြန်လည်အပ်နှံစဉ်။

နေပြည်တော် ဧပြီ ၈

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးမြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မကိုဋ်တော်စောင်းသွားခြင်း၊ ရွှေသားထီးတော်ကြီး အနောက်ဘက်စောင်းသွားခြင်း၊ စိန်ဖူးတော်မြေခခြင်းများအပြင် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူသော ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး၏ အရပ်လေးမျက်နှာရှိ စမြင်များ၊ တန်ဆောင်းနေရာများနှင့် နေရာအချို့တွင်လည်း ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ပြိုကျပျက်စီးသွားမှုများကြောင့် မဟာမုနိရုပ်ရှင်တော်၏ ရင်ပြင်တော်၌ တပ်မတော်သားများက ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိများနှင့် ပူးပေါင်း၍ စက်ယန္တရားများ၏ အကူအညီရယူကာ အပျက်အစီးများအား အားသွန်ခွန်စိုက်ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်စဉ် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်ထိ ကျောင်းတော်ကြီး၏ အနောက်ဘက်ရင်ပြင်တော်ရှိ အဆောက်အအုံအပျက်အစီးများကြားမှ ရတနာပစ္စည်း ၁၅၂ မျိုး(၃၈ ကျပ်သား၊ ၄ ပဲ၊ ၄ ရွေး)နှင့် (အတွင်း)စိန်ဖူးတော်ကိုလည်းကောင်း၊ ဧပြီ ၂ ရက်တွင် ရတနာပစ္စည်း ၁၅၂ မျိုး (၂၇ ကျပ်သား၊ ၄ ပဲ၊ ၇ ရွေး)နှင့်(အပြင်)စိန်ဖူးတော်(အောက်ခြမ်း)ကိုလည်းကောင်း၊ ဧပြီ ၃ ရက်တွင် ရတနာပစ္စည်း ၈၃ မျိုး (၁၀ ကျပ်သား၊ ၁၁ ပဲ၊ ၄ ရွေး)ကို လည်းကောင်း၊ ဧပြီ ၄ ရက်တွင် ရတနာပစ္စည်း ၂၉၅ မျိုး(၄၂ ကျပ်သား၊ ၉ ပဲ၊ ၆ ရွေး)နှင့် အပြင်စိန်ဖူးတော်(အပေါ်ခြမ်း)(စိန် ၇ ရတီပါ)ကိုလည်းကောင်း၊ ဧပြီ ၅ ရက်တွင် ရတနာ ပစ္စည်း ၂၆၄ မျိုး(၄၇ ကျပ်သား၊ ၁၅ ပဲ၊ ၅ ရွေး)ကိုလည်းကောင်း၊ ဧပြီ ၆ ရက်တွင် ရတနာပစ္စည်း ၈၄မျိုး(၁၄ ကျပ်သား၊ ၂ ပဲ၊ ၃ ရွေး)ကိုလည်းကောင်း၊ ဧပြီ ၇ ရက်တွင် ရတနာပစ္စည်း ၁၂၄ မျိုး (၁၈ ကျပ်သား၊ ၁၄ ပဲ၊ ၂ ရွေး)ကို လည်းကောင်း၊ ဧပြီ ၈ ရက်တွင် ရတနာပစ္စည်း ၆၄ မျိုး(၇ ကျပ်သား၊ ၅ ပဲ)ကိုလည်းကောင်း ယနေ့အထိ စုစုပေါင်း ရတနာပစ္စည်းမျိုးစုံ ၁၂၅၀ (၂၀၇ ကျပ်သား၊ ၃ ပဲ၊ ၇ ရွေး)တို့ကို တွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူများက ဘုရားကြီးဂေါပကထံသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီးဖြစ်ကြောင်းသိရသည်။

မဟာမုနိရုပ်ရှင်တော်၏ စိန်ဖူးတော်သည် မြန်မာသက္ကရာဇ် ၁၂၆၀(ခရစ်နှစ် ၁၈၉၈)ခုနှစ်တွင် မင်းဆွေမင်းမျိုး မဟာရာဇာစော်ဘွားကြီး၏ ကောင်းမှုတော်ဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၂၈၀(ခရစ်နှစ် ၁၉၁၈)ခုနှစ်တွင် ညောင်ရွှေစော်ဘွားကြီးနှင့် မဟာဒေဝီတို့က ပြန်လည်ပြုပြင်ပူဇော်ခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၃၆၄ (ခရစ်နှစ် ၂၀၀၂) ခုနှစ်တွင် မဟာမုနိရုပ်ရှင်တော်၏စိန်ဖူးတော်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် အများပြည်သူများကောင်းမှုဖြင့် ပြန်၍ ပြုပြင်ပူဇော်ခဲ့သည်။

၁၈၅၂ ခုနှစ် ပုဂံမင်းနှင့် မယ်တော်၊ နှမတော်တို့က မကိုဋ်တော်၊ စလွယ်တော်နှင့် ဒုတင်တော်၊ စုလျားတော်တို့ကို လှူဒါန်းခဲ့သည်။ ၁၉၀၂ခုနှစ်တွင် ရွှေမကိုဋ်တော်အား ပြန်လည်ပြုပြင်ပြီး ရွှေသားချိန် ၁၁၉၉ ကျပ်သား ၁ မူး နှင့် စိန်၊ ပတ္တမြား၊ နီလာ၊ ရတနာ မျိုးစုံ ၉၄၀ စီခြယ်သော မကိုဋ်တော်အားလှူဒါန်းခဲ့ကြောင်း သမိုင်းမှတ်တမ်းအရ သိရှိရသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် မဟာမုနိရုပ်ရှင်တော်၏ မကိုဋ်တော်၊ စိန်ဖူးတော်နှင့် ရွှေသားထီးတော်ကြီး တည့်မတ်ရေးလုပ်ငန်းများ၊ မဟာမုနိကျောင်းတော်ကြီးပြုပြင်ရေးလုပ်ငန်းများအား အမြန်ဆုံးဆောင်ရွက်နိုင်ရေးအပြင် သာသနိကအဆောက်အအုံများပြုပြင်ရေးလုပ်ငန်းများကို မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ ကြီးကြပ်မှုတို့ဖြင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တာဝန်ရှိသူများထံ ပြန်လည်အပ်နှံမှုနှင့်ပတ်သက်ပြီး ယခုလိုပဲကြားသိရပါတယ်-

**ဦးမြဝင်း (ဥက္ကဋ္ဌ)**
**မဟာမုနိရုပ်ရှင်တော်**
**ဂေါပကအဖွဲ့**




"မြန်မာနိုင်ငံမှာ လှုပ်ခတ်သွားတဲ့ ငလျင်ဘေးနဲ့ပတ်သက်ပြီး မဟာမုနိမှာ ထိခိုက်ပျက်စီးမှုအခြေအနေတွေကတော့ ၂၈ ရက် နေ့လယ် ၁၂ နာရီ မိနစ် ၅၀ မှာ ငလျင်စတင်လှုပ်ခတ်ပါတယ်။ ပထမအကြိမ်မှာတော့ ငလျင်ကသိပ်မပြင်းသေးတဲ့အတွက် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးရဲ့ ဂန္ဓကုဋိတိုက်အတွင်းကနေ သုဝဏ္ဏပါသာဒရွှေကျောင်းတော်ကြီးရဲ့ အပေါ်က ပန်းဆွဲတို့ အရန်စေတီတို့ထီးတော်တို့ဟာ ငလျင်လှုပ်ခတ်မှုကြောင့် မြေခပါတယ်။ ဒုတိယအကြိမ်မှာ ပိုမိုပြင်းထန်စွာလှုပ်ခတ်တဲ့အတွက် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးရဲ့ ဘုံခုနစ်ဆင့်မှာတင်ထားတဲ့ ထီးတော်ထိပ်က စိန်ဖူးတော်မြေခပါတယ်။ အဲ့ဒီနေ့က တပေါင်းလကွယ်နေ့လည်းဖြစ်တယ်။ ရဟန်းရှင်လူပြည်သူ၊ ဘုရားဖူးတွေလဲ စည်ကားနေတဲ့အချိန်ဖြစ်တဲ့အတွက် စောင်းတန်းလေးသွယ်၊ မဟာမုနိဘုရားကြီးရဲ့ သုဝဏ္ဏပါသာဒရွှေကျောင်းတော်ကြီးဟာလည်း တိုင်ပေါင်း ၁၃၂ တိုင်ရှိတယ်။ ကုန်းတွေလည်း ကုန်းပေါင်း မြောက်မြားစွာရှိပါတယ်။ ငလျင်ဒုတိယအကြိမ် လှုပ်ခတ်တဲ့အချိန်မှာ ကုန်းတွေကအင်္ဂတေတွေ ပြုတ်ကျပါတယ်။ တချို့တစ်ဝက်ဆိုရင်လည်း ကုန်းတွေက ရှေးအုတ်တွေနဲ့လုပ်ထားတာဖြစ်တဲ့အတွက် အနည်းအကျဉ်းကပေါက်ထွက်လာပါတယ်။ အဲ့ဒါကြောင့် ၃၁ ရက်မှာ နေပြည်တော်က ပညာရှင်အင်ဂျင်နီယာ ဦးကျော်လွင်ဦး ရောက်လာပါတယ်။ သူကကြည့်ပြီးတော့ ထီးတော်က အမြန်ဆုံးလုပ်ဆောင်လို့ရနိုင်တယ်ဆိုပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌဆီကို ဖုန်းနဲ့အဆက်အသွယ်လုပ်တော့ သူကိုယ်တိုင်ကြည့်ပြီးမှ ဒါကိုအမြန်ဆုံးဆောင်ရွက်ပေးပါမယ်ဆိုတာကို ပညာရှင်များနှင့် ကျွန်တော်တို့ ဂေါပကအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သာသနာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး အားလုံးရဟန်းရှင်လူပြည်သူ ဖူးမြော်နိုင်အောင် သုဝဏ္ဏပါသာဒရွှေကျောင်းတော်ကြီးကို မဟာမုနိကိန်းဝပ်စံပယ်တဲ့ ဂန္ဓကုဋိတိုက်ရော၊ အပေါ်ဘုံခုနစ်ဆင့်မှာတည်ထားတဲ့ ထီးတော်တွေနဲ့ ငှက်မြတ်နားတော်တွေ၊ စိန်ဖူးတော်တွေလည်းအကုန်ရှာဖွေပြီး ကျွန်တော်တို့ တည့်မတ်ပြီးမှ အမြန်ဆုံးပညာရှင်နဲ့ ပူးပေါင်းပြီးမှ ကျွန်တော်တို့ လုပ်ငန်းများကို ဆက်လက်ပြီးထိန်းသိမ်းစောင့်ရှောက် အောင်မြင်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ အောင်မြင်လည်း အောင်မြင်မှာပါ။ အားလုံးသဒ္ဓါတရားနဲ့ လုပ်မယ်ဆိုရင် မအောင်မြင်နိုင်စရာမရှိပါဘူး။ တစ်နေ့တည်းနဲ့ လုပ်လို့မရဘူး။ လုပ်ငန်း ပြီးမြောက်အောင်မြင်အောင် ပညာရှင်များနဲ့ငွေရေးကြေးရေး လူအား၊ ငွေအား၊ သဒ္ဓါအား၊ အကြံဉာဏ်အားတွေ ပူးပေါင်းပြီးဆောင်ရွက် သွားမယ်ဆိုရင် အမြန်ဆုံးပြီးမြောက်မယ်လို့ ပြောကြားလိုပါတယ်"ဟု ပြောသည်။ **(၅၀၁)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ငလျင်ကယ်ဆယ်ရေးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် စဉ့်ကိုင်မြို့နယ် စိတ္တရကျေးရွာမှ ငလျင်ဒဏ်သင့်ပြည်သူများကို အလှူငွေနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၈**

၂၀၂၅ခုနှစ် မတ် ၂၈ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတားအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကေလာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ငလျင်ဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။ထို့နောက် ကေလာကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်အား ဖူးမြော်၍ အလှူငွေများဆက်ကပ်လှူဒါန်းပြီး ဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုကြသည်။ ၎င်းနောက် သာလေးကျေးရွာအုပ်စု နန်းဟူးကျေးရွာရှိ ဖောင်တော်ဦးဘုရားသို့ သွားရောက်၍ ဘုရားရင်ပြင်တော်၌ စကျင်ကျောက်များ ခင်းကျင်းထားရှိမှု၊ စေတီတော် ပြန်လည်တည်ဆောက်မည့် အခြေအနေများအား ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် နန့်ပန်ကျေးရွာအုပ်စု နောင်ကန် ဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်၍ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါဘုန်းတော်ကြီးကျောင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။ ဆက်လက်၍ နမ့်ပန်ကျေးရွာ ဟိုတယ်ဇုန်လှေဆိပ်၌ လည်းကောင်း၊ ကေလာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌လည်းကောင်း၊ နန်းဟူးကျေးရွာ ဖောင်တော်ဦးဘုရား၌ လည်းကောင်း စုစုပေါင်း ငါးကောင်ရေ ၅၀၀၀၀ အား စုပေါင်းငါးများ လွှတ်ပေးခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ မဟာစေတီကြီးဘုရားနှင့်အရန်စေတီတော်များ၊သာသနိကအဆောက်အအုံများ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အပျက်အစီးများ စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စေတီတော်ကြီး၏ဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ပြိုကျပျက်စီးခဲ့သည့် စေတီတော်ကြီးနှင့် အရန်စေတီတော်များ၊ သာသနိက အဆောက်အအုံများအား ပြန်လည်ဖယ်ရှား ရှင်းလင်းရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင် စေတီ၊ သာသနိကအဆောက်အအုံများ၊ အရန်စေတီများအား ပြန်လည် ရှင်းလင်းဖယ်ရှားနေမှုများကို လည်းကောင်း၊ ပါရမီရပ်ကွက်ရှိ ဂန္ဓာရုံဘုန်းတော်ကြီးကျောင်း၌ ငလျင်ဒဏ်သင့်ပြည်သူများအား ဆေးကုသပေးနေမှုများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီများနှင့် သာသနိကဆောက်အအုံများ၊ အရန်စေတီများ ပြိုကျပျက်စီးမှုများကိုလည်းကောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား လည်းကောင်း၊ မြို့ပေါ်ရှိလူနေအိမ်များ ပြိုကျပျက်စီးမှုများအားလည်းကောင်း၊ ငလျင်ဒဏ်သင့်ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မန္တလေးတောင်ခြေရှိ ဇိနောဒယသီလရှင် စာသင်တိုက်၊ ခင်မကန်ကျောင်းတိုက်၊ ချမ်းမြသာစည်ပရိယတ္တိစာသင်တိုက်၊ ချမ်းအေးသာစံမြို့နယ် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းများသို့ သောက်သုံးရေ၊ ဆေးဝါးများနှင့်စားသောက်ဖွယ်ရာများအား သွားရောက်လှူဒါန်းကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် မန္တလေးမြို့ရှိ အင်ကြင်းကွန်ဒို၊ ဂရိတ်ဝေါဟိုတယ်တို့တွင် နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုများအားလည်းကောင်း၊ ချမ်းမြသာစည်လေယာဉ်ကွင်းအဟောင်းနှင့် မန္တလာသီရိအားကစားကွင်းတို့၌ ပြည်ပနိုင်ငံများမှ ဆေးအကူအညီပေးရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဆေးကုသပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် မန္တလေးမြို့ သမိုင်းဝင်အရိပ်မထွက်ဘုရားကြီး၊ မဟာမုနိရုပ်ရှင်တော်၊ အမရပူရမြို့နယ်ရှိ မဟာစန္ဒာမုနိဘုရားကြီးနှင့် စတုဘုမ္မိကကျွန်းကျောင်းမဂ္ဂင်ရိပ်သာနှင့် မိုးကုတ်ဆရာတော်ကြီး သီတင်းသုံးနေထိုင်တော်မူသော မင်္ဂလာတိုက်ကျောင်းတို့အား သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ငလျင်ဘေးဒဏ်သင့်ဒေသများ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့်တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားမှုများကိုလည်းကောင်း၊ ကျောက်သေတ္တာစေတီရွှေလျားသွားမှုအခြေအနေများအား နေ့ညမပြတ် CCTV ဖြင့် စောင့်ကြည့်နေမှုအခြေအနေများကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် နေရာများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ စေတနာရှင်အလှူရှင်များက လှူဒါန်းသော လှူဖွယ်ပစ္စည်းများအား လက်ခံခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ယင်းနောက် ကျောက်ဆည်မြို့ ဆင်မင်းဘိလပ်မြေစက်ရုံ၌ လုပ်ငန်းများ အမြန်ဆုံးလည်ပတ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ဆက်လက်၍ ဆင်မင်းဘိလပ်မြေစက်ရုံ၊ ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံနှင့် အယ်ဖာဘိလပ်မြေစက်ရုံတို့သို့ သွားရောက်၍ အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် လျှပ်စစ်မီးများအမြန်ဆုံးရရှိအောင် ဆောင်ရွက်ရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်လည်ပတ်နိုင်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

အလားတူ အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပြည်သူများကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများအား စားသောက်ရေးအဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့်ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရေးအတွက် အထူးရထားခရီးစဉ်များပြေးဆွဲမည်

**နေပြည်တော် ဧပြီ ၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ၂၀၂၅ ခုနှစ် မဟာသင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၁၁.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၂ | ၁၁.၄.၂၀၂၅ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |
| ၃ | ၁၁.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၄ | ၁၁.၄.၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၅ | ၁၂.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၆ | ၁၂.၄.၂၀၂၅ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |
| ၇ | ၁၂.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၈ | ၂၀.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၉ | ၂၀.၄.၂၀၂၅ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |
| ၁၀ | ၂၀.၄.၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၁၁ | ၂၁.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၁၂ | ၂၁.၄.၂၀၂၅ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |
| ၁၃ | ၂၁.၄.၂၀၂၅ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၁၄ | ၂၁.၄.၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |

အထက်ပါနေ့ရက်များအလိုက် အထူးရထားများအပြင် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်အဖြစ် အမှတ်(၁၁)အဆန်၊ (၁၂)အစုန်ရထားကို ပုံမှန်အတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်အဖြစ် အမှတ်(၇)အဆန်၊ (၈)အစုန် DEMU ရထားအား အောက်ဖော်ပြပါနေ့ရက်များအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၁၀.၄.၂၀၂၅ | (၇) အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၂ | ၁၀.၄.၂၀၂၅ | (၈) အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၃ | ၁၂.၄.၂၀၂၅ | (၇) အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၄ | ၁၂.၄.၂၀၂၅ | (၈) အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၅ | ၂၁.၄.၂၀၂၅ | (၇) အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၆ | ၂၁.၄.၂၀၂၅ | (၈) အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |

မြန်မာ့မီးရထားအနေဖြင့် ပြင်းထန်သောငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရထားလမ်းပိုင်းများကို အမြန်ဆုံးပြင်ဆင်၍ ပြေးဆွဲနိုင်ရေးဆောင်ရွက်ခဲ့ရာ ဧပြီ ၅ ရက်တွင် ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ရထားများပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်သည်။ ယခုအခါ ငလျင်ဘေးဒဏ်မကျရောက်မီက ပြေးဆွဲခဲ့သော သတ်မှတ်အမြန်နှုန်းများအတိုင်း ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ ရထားခရီးစဉ်များကို အချိန်မှန်မြန်ဆန်စွာ ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်သည်။

ရထားစီးခရီးသွားပြည်သူများအတွက် ရထားလက်မှတ်များ လွယ်ကူစွာဝယ်ယူရရှိနိုင်ရေးအတွက် အထက်တန်းလက်မှတ်ကို သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများနှင့် လက်မှတ်အရောင်းဌာနများတွင် ရောင်းချပေးသွားမည်ဖြစ်ပြီး ရထားလက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ ပုံမှန်ပြေးဆွဲနေသည့် ရထားများအတိုင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ (သတင်းစဉ်)

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၈၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဧပြီ ၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မင်းလက်ပံနှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၈၉ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ ပြည်ပနိုင်ငံသားများအတွက် ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ Counsellor Mr. Md. Fahad.Pervez.Bosunia နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar Cabri-to Moso နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ တူနီးရှားသမ္မတနိုင်ငံသံရုံးမှ Deputy Chief of Mission Mr. Wissem Moatemri နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ဂါနာသမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Bernaro Yanzy နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ နမီးဘီးယားသမ္မတနိုင်ငံသံရုံးမှ Second Secretary Ms. Laina S Mundilo နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရိုမေးနီးယားသံရုံးမှ Deputy Head of Mission Ms. Madalina Guta နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ Deputy Chief of Mission Ms. Bui Thi Hue နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးမှ Counsellor Mr.Tanvir Ahmad နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာအထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၈ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၈၇၃၉ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၂၃၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၀၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၈၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်စဉ်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ်ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက် ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Khin Hnin Yu” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကြွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဈေးမရပ်ကွက်နေ ခင်နှင်းယုအား ည ၇ နာရီ ၂၅ မိနစ်တွင် စလင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

ဝတ္ထုတိုကလျာ

# ထမင်းရည်ကို အတူပင်လျက်ရစေတော့

ချစ်သက်(မြန်မာစာ)



(၁)

"ဘွန္တော တေးဘုံမက ဝဋ္ဋဒုက္ခမှ မုချမုန်လွန်း ငှက်တောင်ကျွန်းသို့ စွမ်းတင်ပျော်ပါး အိုလူသားတို့"

ရွာဦးကျောင်းက တေးသီချင်းနှင့်အတူ ကျေးငှက်တို့၏ အသံက သူရိန်နေမင်းကြီးကို ကြိုဆိုလျက်ရှိကြသည်။

"ကိုရေချမ်း ခမ္မတေးလေးတွေ ဖွင့်ပါအုံးရှင့်"

"အေးပါကွာ။ ဖွင့်ပါ့မယ်"

"ကျွန်မ ဒီနေ့ပဲ ရှင့်နောက်လိုက်မှာနော်။ နောက်နေ့ကစ မလိုက်တော့ဘူး။ အိပ်ရေးပျက်တယ်ရှင့်"

ဦးရေချမ်းသည် ဇနီးဖြစ်သူ၏စကားကို ပြန်မပြောတော့ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။ ဆိုလိုသည်က-

"မင်း သဘောပေါ့"

ဦးရေချမ်းသည် အဟောအပြောကောင်းသကဲ့သို့ ဆရာတော်ကြီးများနှင့်လည်း တရားနှင့်ပတ်သက်၍ ဆွေးနွေးနိုင်သည်။ ထို့ကြောင့် ရွာဦးဘုန်းကြီးကျောင်းတွင် ဆွမ်းစားဆောင်ဆောက်ရန်အတွက် နေ့စားခပေး၍ အလှူခံရန်ဂေါပကလူကြီးများ၏ ဆုံးဖြတ်ချက်ဖြင့် ဦးရေချမ်းကို ငှားထားခြင်းဖြစ်သည်။ ဦးရေချမ်းသည်လည်း အလုပ်အကိုင်ရှားပါးသောကြောင့် ရရာအလုပ်ကို လက်လွှတ်မခံဘဲ လက်ခံလိုက်လေသည်။ သားသမီးမရှိသောကြောင့် ကံကောင်းသည်ဟုဆိုရပေမည်။ ရသောနေ့စားခနှင့် ဦးရေချမ်းတို့ ဝမ်းရေးကို အလွယ်တကူ ဖြေရှင်းနိုင်၏။ နံနက်စောစောထမှ ညနေ ၄ နာရီလောက်ဆို ဦးရေချမ်း အလုပ်သိမ်း၍ အိမ်ပြန်ရလေသည်။ ဤသည်မှာ ဦးရေချမ်း၏ နိစ္စဓူဝအလုပ်ပေတည်း။

(၂)

အလှူခံဌာနသည် ဘုန်းကြီးကျောင်းရှေ့တွင် တည်ရှိပြီး မျက်နှာချင်းဆိုင်၌ စာသင်ကျောင်းလည်း ရှိပေသည်။

"ဟဲလို ဟဲလို"

ဦးရေချမ်း မိုက်ကိုစမ်းလိုက်၏။ ထို့နောက်-

"ဒုတိယတန်းကျောင်းသူ မရီရီကလည်း မုန့်ဖိုးကိုမစားဘဲ ဆွမ်းစားဆောင်ဆောက်ရန်အတွက်ဆိုပြီး အလှူတော်ငွေ နှစ်ရာကျပ်ကို လှူဒါန်းသွားပါတယ်ခင်ဗျာ။ ဤသို့ လှူဒါန်းရသော ကုသိုလ်ကောင်းမှုကြောင့် ကျောင်းသူလေး မရီရီသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရားခုနစ်ပါးနဲ့ပြည့်စုံပါစေ၊ ပညာတတ်ကြီးဖြစ်ပြီး မိဘအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူဖြစ်ပါစေကွယ်။ သာဓု သာဓု သာဓုပါကွယ်"

ဦးရေချမ်းသည် လေယူလေသိမ်း အသံနေအသံထားမှန်မှန်ဖြင့် ရွတ်ဆိုဟောပြောနေတော့၏။ ရီရီဆိုသော ကျောင်းသူကလေး၏အပြုံးသည် ဦးရေချမ်း၏ အပြောအဆိုနှင့် ပန်းသင့်လှသည်။ အလှူရှင်များမှာလည်း ဝင်လာမစဲ တသဲသဲ ဖြစ်နေပါတော့သည်။

(၃)

"ရှင်ဆိုတာလဲ ကိုယ်ဝါသနာပါတာ လုပ်နေရတော့ပျော်နေတာပေါ့။ ကျွန်မကတော့ မပျော်နိုင်ပေါင်။ ချက်ဖို့ပြုတ်ဖို့နဲ့ အလုပ်ကိုရှုပ်နေတာပဲ။ ကဲ ဒီမှာထမင်းချိုင့် အချိန်တော့လင့်သွားတယ်"

ဦးရေချမ်းသည် လက်ပတ်နာရီကို ကြည့်လိုက်၏။

"ဟုတ်ပ့ါ မိန်းမရေ။ မင်းပြောမှ နာရီကြည့်ဖြစ်တယ်။ ၁၂ နာရီတောင်ကျော်ပေါ့။ မင်းကောစားပြီးပြီလား"

"မစားရသေးဘူးတော်ရေ မစားရသေးဘူး။ ထမင်းချက်မလို့ ကြည့်ခါမှ ဆန်ကကုန်နေတယ်လေ။ လှမြင့်ဆီ ဆန်သွားချေးလိုက်တာ။ တော်သေးတယ် အလိုက်သင့်ပေးလိုက်လို့။ သူက ကြီးပွားနေတယ်တော့။ သူ့အမျိုးသားက ပုသိမ်မှာ အလုပ်လုပ်တာ အဆင်ပြေတယ်ကြားတယ်။ သူများမိသားစုတွေများ အားကျလိုက်တာ။ ရွှေတွဲလဲ ငွေတွဲလဲ။ ဟွန်းတို့ဘဝကတော့ ရရစားစား ဝါးဝါးမျိုမျို"

ဇနီးဖြစ်သူ၏ စကားကို ကြားပြီးနောက်-

"မိန်းမရယ် ငါလဲ မင်းကို အဆင်ပြေအောင်ထားပေးတာပဲ။ စားဖို့၊ နေဖို့ အဆင်ပြေနေတာပဲ။ အခုအလုပ်ကလဲ ကိုယ့်ရပ်ရွာအဆင်ပြေအောင်၊ တိုးတက်အောင် တစ်ဖက်တစ်လမ်းကကူညီရင်း ဝမ်းရေးကိုဖြေရှင်းနေတာပဲ။ ဘုရားကကျွေးတဲ့ အစာဆိုတော့ အာဟာရပိုရှိတာပေါ့ မိန်းမရ ဟား...ဟား"

ဦးရေချမ်းသည် စကားလည်းပြောရင် အရွှန်းဖောက်လိုက်၏။

" ကိုယ့်ယောကျ်ားအလုပ်ကို ဂုဏ်ယူလိုက်စမ်းပါ မိန်းမရာ"

"ရှင်နော် ကျွန်မကိုထားပြီး ဘုန်းကြီးတော့ ရာသက်ပန် ဝတ်မသွားနဲ့အုံး"

"ဟား ဝတ်စရာလား။ နိဗ္ဗာန်နဲ့ မိန်းမဘယ်အရာ ရွေးမလဲလာမေးရင်။ ရေချမ်းတို့က ပြတ်ပြတ်ပဲအဖြေပေးလိုက်မယ် မိန်းမပဲရွေးမယ်လို့ ဟား...ဟား"

ဦးရေချမ်း၏ အပြောအောက်ဝယ် ဇနီးဖြစ်သူ ကြွေဆင်းသွားတော့၏။

(၄)

"လှမြင့် မျက်စိလည်လမ်းမှားပြီး အိမ်ရောက်လာတာလား"

အလုပ်ကပြန်လာသော ဦးရေချမ်းက စကားဆိုလိုက်ခြင်းဖြစ်သည်။ ထို့နောက် ဇနီးဖြစ်သူက-

"ကိုရေချမ်းရေ လှမြင့်အမျိုးသားကတော့ မြို့တက်ပြီး အလုပ်လုပ်ဖို့ အခေါ်လွှတ်လိုက်တယ်။ အလုပ်ကလဲ ရှင်နဲ့ဆိုအဆင်ပြေတယ်တဲ့။ နေ့စားတော့မှန်တယ်။ ပိုက်ဆံကတော့ ကိုယ်ကြိုးစားရင် ကြိုးစားသလောက်ရမယ်ပြောတယ်။ သူတို့နဲ့ပဲလုပ်ရမှာတဲ့။ အဖွဲ့အစည်းလိုက်ပေါ့ ရှင်ရယ်။ တစ်နေ့ကို အနည်းဆုံး နှစ်သောင်းလောက်ရမယ် ပြောတာပဲ။ ကျွန်မဆန္ဒကတော့ ရှင့်ကိုသွားစေချင်တယ်။ အရွယ်လေးရှိတုန်း"

အဆုံးပြောလိုက်သော ဇနီးဖြစ်သူ၏ စကားကြောင့် ဦးရေချမ်းမှာ ပြောပိုင်ခွင့်မရှိတော့ပေ။

"ဟုတ်တယ် ကိုရေချမ်းရေ၊ ကိုရေချမ်းလဲ အရွယ်ရှိတုန်း။ သွေးသားရင်းချာလိုခင်လို့ အိမ်ကယောကျ်ားက အခေါ်လွှတ်လိုက်တာ။ ပိုက်ဆံကတော့ ကျွန်မသာကြည့်။ အားလုံးပြည့်စုံနေတာပဲ။ ကိုရေချမ်းတို့ကိုလဲ ကျွန်မတို့လို ဖြစ်စေချင်တယ်။ ဇနီးဖြစ်သူအတွက် ပူစရာမလိုဘူး။ ကျွန်မ စောင့်ရှောက်ပေးထားမယ်။ စိတ်သာချ"

တစ်နေ့အနည်းဆုံး နှစ်သောင်းလောက်ရမည့် ငွေပမာဏကို ဇနီးဖြစ်သူ မက်မောနေသည်မှာ အပြစ်ပြောစရာမရှိပေ။ တစ်ဖက်ကလည်း အားလုံးအဆင်ပြေအောင်လုပ်ပေးမည့်ကတိကြောင့် ဦးရေချမ်း မြို့တက်အလုပ်လုပ်ရန် သဘောတူလိုက်လေသည်။ ဘယ်အလုပ်ကိုလုပ်ရမည့်အကြောင်း ဦးရေချမ်း မသိခဲ့။

(၅)

ဦးရေချမ်း မြို့ကိုတက်၍ အလုပ်လုပ်သည်မှာ မကြာလိုက် အိမ်ကိုပြန်ရောက်လာသည်။ ပြန်ရောက်ရောက်ချင်း လွယ်ထားသော လွယ်အိတ်ကိုချွတ်၍ အိမ်တိုင်တွင် ချိတ်လိုက်သည်။ ထို့နောက် ရေကိုတစ်ခွက်မော့သောက်လိုက်၏။ ဇနီးဖြစ်သူကို ခေါ်သော်လည်း အရိပ်အယောင်ပင်မတွေ့ရ၊ ဒေါသဖြစ်သွား၏။

"ဘယ်တွေ သွားနေတယ် မသိဘူး"

သိပ်မကြာလိုက် ဇနီးဖြစ်သူ ရောက်လာသည်။

"ကို ရေချမ်း ရှင့်အလုပ်က အဆင်မပြေဘူးလား။ ရွာကထွက်သွားတာ ရက်ပိုင်းပဲရှိသေးတယ်။ အခုပြန်လာတယ်ဆိုတော့။ ရှင်ဘာဖြစ်ခဲ့တာတုံး ကိုရေချမ်း"

ဦးရေချမ်းသည် ဇနီးဖြစ်သူ၏ ပြောစကားများကိုသာ နားထောင်နေ၏။ ဇနီးဖြစ်သူသည် အိမ်တိုင်တွင် ချိတ်ဆွဲထားသော လွယ်အိတ်ကိုယူ၍ ဖွင့်ကြည့်လိုက်၏။ ဇနီးဖြစ်သူ၏ မျက်ဝန်းသည် အပြုံးသားဖြစ်သွားသည်။

" အမယ်လေး ပိုက်ဆံတွေအများကြီးပါလား။ ရှင်ငွေတွင်းတွေ့တာတောင်ပြန်လာတာလား ကိုရေချမ်းရယ်။ သည်းခံပြီး လုပ်ပါရော့လား"

ဇနီးဖြစ်သူသည် ပိုက်ဆံကိုကိုင်၍ မိမိဖြစ်ချင်သော ဆန္ဒများကို ရေကိုကရားကသွန်သကဲ့သို့ တတွတ်တွတ် ပြောနေ၏။

"ကဲ...ပြောလို့ဝပြီလား။ မင်းပြောတဲ့ ငွေတွင်းက လက်တွေ့မှာ ငရဲတွင်းဖြစ်နေတာ မိန်းမရဲ့ ငရဲတွင်း။ ဒါကြောင့် ငါ ပြန်လာခဲ့တာ"

ဦးရေချမ်း၏ ပြောစကားကြောင့် ဇနီးဖြစ်သူ အပျော်များ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွား၏။

(၆)

လှမြင့်၏ အကူအညီဖြင့် ဦးရေချမ်း ပုသိမ်မြို့သို့ ရောက်ခဲ့သည်။

"သိန်းမောင်ရေ မင်းမိန်းမလှမြင့် ပြောလိုက်လို့ ငါလိုက်လာတာကွ။ ငါ့အတွက် အလုပ်ရှိတယ်ဆို"

သိန်းမောင်သည် ဆေးလိပ်ကို တစ်ရှိုက် ဖွာလိုက်သည်။

"ဟုတ်တယ် ရေချမ်း။ မင်းနဲ့ဆို တို့အလုပ်ကပိုအဆင်ပြေမှာကွ။ ငါတို့ဘုန်းကြီးကျောင်းတစ်ကျောင်းအတွက် အလှူလိုက်ခံရမှာကွ။ မင်းက အပြောအဆိုကအစ အကုန်အဆင်ပြေပြီးသား။ ပိုက်ဆံကတော့ ငါရှင်းပေးမယ်။ နှစ်သောင်းထက် မနည်းစေရဘူးကွာ"

"အေးပါကွာ။ မင်းရှိတော့ အားရှိတာပေါ့။ ကျေးဇူးပဲသိန်းမောင်ရာ"

" ကဲ... နားလိုက်အုံး ရေချမ်း။ မနက်အလုပ်စမယ်"

(၇)

ဦးရေချမ်းသည် နံနက်စောစော အိပ်ရာထလိုက်သည်။ မျက်နှာသစ် ရေနွေးအိုးတည်လိုက်၏။ သိပ်မကြာလိုက် နေမင်းကြီး၏အရောင်မှာ လောကကို အလှဆင်ရန် ထွက်ပြူစဖြစ်လာသည်။ ကျေးငှက်များ၏အသံနှင့်အတူ သိန်းမောင်၏အသံကို ကြားလိုက်ရသည်။

"ဟ ရေချမ်း အစောကြီးနိုးနေပါလား"

"ဟုတ်တယ် သိန်းမောင်ရေ။ ရွာမှာ အစောထနေကျဆိုတော့။ ဒီအချိန်ဆို နိုးနေပြီ"

ဦးရေချမ်းနှင့် သိန်းမောင်သည် နံနက်စာစားပြီးသည်နှင့် အလုပ်သွားရန် ပြင်ဆင်လိုက်ကြသည်။ သိန်းမောင်သည် ဦးရေချမ်းဝတ်ရန် ရှပ်အင်္ကျီအဖြူ ဝါးပတ်ခမောက်နှင့် ကြွေဖလားကို ပေးလိုက်သည်။

"ရေချမ်းရေ ငါတို့ ရပ်ကွက်ထဲ အလှူသွားခံမှာကွ။ အဖွဲ့လိုက် မင်းအဆင်ပြေပ့ါမလား"

"အဆင်ပြေပါတယ် သိန်းမောင်ရ။ ငါလုပ်နေကျပဲ။ ဟဲ ဟဲ မိုက်မပါတာလွဲလို့"

သိန်းမောင်နှင့် ဦးရေချမ်းတို့သည် အလှူခံရန် ထွက်လာကြတော့၏။

ဦးရေချမ်းသည် တစ်အိမ်ဝင်တစ်အိမ်ထွက်အလှူခံသည်။ မိမိတတ်သမျှ ဆုပေးသည်။ ဦးရေချမ်း၏ အပြောအဆို အမူအရာများကြောင့်လားမသိ အလှူငွေအတော်များများရသည်။ အလှူငွေများကို ကြည့်၍ သိန်းမောင် ပျော်နေ၏။ ထို့နောက် ဦးသိန်းမောင်၏အဖွဲ့ထဲက လူတစ်ယောက် သုတ်သီးသုတ်ပျာ ရောက်လာ၏။

"ဆရာ ကျော်ကြီးတို့အဖွဲ့ ရဲတွေဖမ်းသွားပြီဗျ။ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"

သိန်းမောင်သည် ဣန္ဒြေမပျက် ဦးရေချမ်းကိုကြည့်ကာ-

" ငါတို့ အသိုက်ပြောင်းကြမယ်ဟေ့။ ကျီးကန်း

စာမျက်နှာ ၂၅ သို့ ➤

# ရေဦးမြို့နယ်တွင် ဆောင်းပဲတီစိမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၈ ဒသမ ၂၄ တင်း ထွက်ရှိ



ရေဦး ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၂၄ တင်းထွက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၇၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ပဲတီစိမ်း ၂၇၆၃ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိမှာ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးခဲ့ပါတယ်" ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲတီစိမ်း အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သဖြင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

---

➤ စာမျက်နှာ ၂၄ မှအဆက်

ကျီးကန်း"

အခြားသူများ လှုပ်လှုပ်ရွရွဖြစ်နေသော်လည်း ဦးရေချမ်း သိန်းမောင်ကို ကြောင်၍ကြည့်နေသည်။

ထို့နောက်-

"သိန်းမောင် မင်းတို့ဟာ ဘာတွေတုံးကွ။ ရဲဖမ်းတာတွေကော။ အသိုက်ပြောင်းတာတွေကော။ ကျီးကန်းတွေကော"

ဦးရေချမ်း၏ အမေးစကားကြောင့် သိန်းမောင်ရယ်လိုက်သည်။

" ရေချမ်းရေ ကျော်ကြီးတို့အဖွဲ့ ရဲဖမ်းသွားတယ်။ အဲဒါ ရပ်ကွက်ပိုင်ထောက်ခံစာ မပြနိုင်လို့ဖမ်းသွားတာ။ မင်းကို ရှင်းရှင်းပြောရမယ်ဆိုရင်။ မြို့မှာက တောမှာလို တစ်ရွာဝင်တစ်ရွာထွက် အလှူခံလို့မရဘူးကွ။ မြို့မှာက ရပ်ကွက်ထောက်ခံစာပြရတယ်။ ထောက်ခံစာမရှိဘဲ အလှူခံလို့တွေ့ရင် ရဲကဖမ်းသွားကော။ ရှင်းပြီလား"

ဦးရေချမ်းသည် ခေါင်းကလေးကို တညိတ်ညိတ်။

"အသိုက်ပြောင်းမယ်ဆိုတာ။ အခု ငါတို့မြို့ဈေးထဲ သွားမယ်ပြောတာ။ ကျီးကန်း ကျီးကန်းဆိုတာ။ ဈေးထဲမှာ ကျီးကန်းပေါတယ်လေကွာ"

ဦးရေချမ်းသည် သိန်းမောင်၏ပြောစကားကိုသာ သေချာနားထောင်နေ၏။ သိန်းမောင်၏ ပြောစကားများထဲမှ ကျီးကန်း ကျီးကန်းဆိုသောစကားသည် အဖွဲ့ဝင်အားလုံး မိမိအန္တရာယ် မကျရောက်အောင် မျက်စိလျင်လျင် ထားကြဟုဆိုလိုခြင်းဖြစ်သည်။ ဦးရေချမ်းကို ထိုစကားဝှက်အား ဖုံးကွယ်ထားခြင်းဖြစ်သည်။

(၈)

ဦးရေချမ်းသည် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်ဖြင့် အလှူခံသည်။ အလှူရှင်များသည်လည်း တတ်အားသရွေ့ လှူဒါန်းကြသည်။ အလှူခံရင်းပင် တဖြည်းဖြည်းအချိန်ကုန်ဆုံးလာ၏။ နေမင်းကြီးပင် လောကကြီးကို နှုတ်ဆက်ချိန်ဖြစ်လာလေ၏။

"ရေချမ်းရေ ပြန်မယ်ဟေ့။ ဒီနေ့တော့ ဒီလောက်ပဲ"

သိန်းမောင်၏ ပြောစကားကြောင့် ဦးရေချမ်းနှင့်တကွ အဖွဲ့ဝင်များ စုစည်းလိုက်သည်။ ထို့နောက် သိန်းမောင်၏ အဆောင်သို့ပြန်ရန် ဦးတည်လိုက်ကြသည်။ သိန်းမောင်တို့သည် အလှူခံ၍ရလာသောငွေများကို ရေတွက်နေ၏။ ဦးရေချမ်းသည် နားမလည်သော အမူအရာဖြင့် ကြည့်နေသည်။ ဘာစကားမျှ မပြောပေ။

"ဟေ့ကောင်တွေ ငါမပြောဘူးလား။ ငါတို့တောက်လျှောက် အလှူခံလာတာ ဒီလောက်ရဖူးလို့လား။ ငါခေါ်လာတဲ့လူကြောင့် ငွေတွေဒီလောက်များတာ ဟား...ဟား...ဟား"

သိန်းမောင်သည် အားရပါးရ ရယ်လိုက်သည်။

"ရေချမ်းရေ တစ်မျိုးတော့ မထင်နဲ့ ဒီမှာမင်းဝေစု"

ထောင်တန်အုပ်လိုက် ဦးရေချမ်းကို ပေးလိုက်သည်။ ဦးရေချမ်းသည် ပိုက်ဆံကို မယူသေးဘဲ စကားဆိုလိုက်၏။

"သိန်းမောင် ဘုန်းကြီးကျောင်းအတွက်ကော"

"ဟား...ဟား...ဟား"

သိန်းမောင် ထပ်၍ကျယ်လောင်စွာ ရယ်လိုက်ပြန်သည်။

" မင်း သိပ်ရိုးသားတာပဲ ရေချမ်းရာ။ ဘုန်းကြီးကျောင်းအတွက် အလှူခံတာ နာမည်ခံကွ။ ဘုန်းကြီးကျောင်းပြုပြင်ဖို့ပြောမှ လူတွေက လှူမှာပေါ့ကွ။ ငါလုပ်စားနေတာ အံတိုနေပြီ။ ယူစရာရှိတာယူကွာ။ ကျန်တာမတွေးနဲ့ ကိုယ်ဝမ်းပြည့်ဖို့ အဓိက"

ဦးရေချမ်းသည် သိန်းမောင်တို့၏အခြေအနေကို သဘောပေါက်သွားသည်။ ဘုန်းကြီးကျောင်းကို အကြောင်းပြု၍ ပိုက်ဆံရှာနေကြခြင်းဖြစ်သည်။

" ဘုရား ဘုရား။ ငါတော့ လာမိတာမှားပြီထင်တယ်။ သံဃာပစ္စည်း အဆိပ်သီး။ ငါတစ်သက်လုံး စောင့်ထိန်းလာတဲ့သီလတော့ ပျက်ပြီလား။ ဟာ မဟုတ်ပါဘူးလေ။ ငါ ရိုးရိုးသားသားပဲ အလှူခံတာ။ ငါ အဲဒါတွေ မသိဘူးလေ။ ကိုယ်မသိလို့ လုပ်မိတာပဲ။ ငါမမှားဘူး"

ဦးရေချမ်းသည် အတွေးပေါင်းများစွာဖြင့် အိပ်မပျော်ခဲ့ပေ။ သိန်းမောင်တို့သည်လည်း အရက်သောက်ရင်း ဖဲကစားနေကြသည်။

(၉)

" ကဲ မင်း အဲဒီပိုက်ဆံတွေသုံးရဲလား။ သံဃာပစ္စည်း အဆိပ်သီးကွ။ ငွေတွင်း မဟုတ်ဘူး ငရဲတွင်း ငရဲတွင်း မိန်းမရဲ့"

ဇနီးဖြစ်သူသည် ဦးရေချမ်း၏အဖြစ်အပျက်များကို သိပြီးနောက် ပိုက်ဆံကိုင်ထားသော လက်များပင်တုန်နေ၏။

"အံ့သြပ့ါ ကိုရေချမ်းရယ်။ တော်ပါပြီ။ ဒီပိုက်ဆံတွေလဲ မမက်မောပါဘူး။ မချမ်းသာရင်နေ။ ရိုးရိုးသားသားနဲ့ သမ္မာအာဇီဝကျကျရတဲ့ ပိုက်ဆံပဲ မက်မောတယ်။ သွားစို့ ဘုန်းကြီးကျောင်းကို"

ဦးရေချမ်းသည် ပိုက်ဆံထည့်ထားသော လွယ်အိတ်ကိုလွယ်၍ တက်ကြွသော ခြေလှမ်းများဖြင့် ရွာဦးဘုန်းကြီးကျောင်းသို့ ဦးတည်လိုက်လေသည်။

---

## စွမ်းမာန်နှင်းလို့ ကျော်လွှားစို့

- ကမ္ဘာမြေ တစ်နေ့တခြား
ဖောက်ပြားရင်း ပြောင်းလဲမြန်၊
ဥတုရာသီ သွင်သဏ္ဌာန်များ
ကွဲပြား မူမမှန်၊
သဘာဝဘေး အကြောင်းခံ
ဆိုးကျိုးဒဏ် ဖန်လာသင့်၊
ချောက်ချားဖွယ် ဖြစ်စဉ်များအောက်
သက်ရောက်ပြိုလွင့်။

- မြေငလျင် လေမုန်တိုင်း
ဒီရေလှိုင်းနဲ့ ဘေးမျိုးစုံ၊
ရေကြီးရေလျှံ မြေပြိုခြင်းများ
ခါးသီးဖွယ်ကြုံ၊
ဆုံးရှုံးထိခိုက် အဖုံဖုံ
ဆက်စပ်ခြုံငုံ နင့်မဆုံး၊
စိတ်စွမ်းမာန် ချွတ်ခြုံမကျရအောင်
နှိုးထလို့ရုန်း။


- ငလျင် ခေါ် သဘာဝဘေးက
ချိန်ခါမနေး ဖြစ်ပေါ်နိုင်၊
ကြိုတင်ကာ မှန်းဆမသိပေ့ါ
သတိနဲ့နေထိုင်၊
ဘေးဒဏ်သင့် နွမ်းညှိုးငိုင်
ဝိုင်းဝန်းတူပြိုင် ဖေးကူမတ်၊
ထိခိုက်ရာတွေ စွမ်းဆောင်ရည်အခွင့်နဲ့
မြှင့်တင်လို့ရပ်။

- သဘာဝရဲ့ ဘေးဒဏ်အောက်
ဘယ်လောက်ပင် ကျရောက်မူ၊
ကြုံခဲ့ဒဏ် ပုံရိပ်နွမ်း
သင်ခန်းစာယူ၊
ရင့်ကျက်မှုနဲ့ သက်သေထူ
ညီညွတ်ခြင်း"မူ" "အောင်ပွဲ" မို့၊
ညှိုးချုန်းယိုင်ခွေ
ဆုံးရှုံးနိုင်ခြေ နည်းပါးစေရအောင်
နိုးထပြိုင် မားမားရပ်ကာဖြင့်
"စိတ်ဓာတ်သည်သာ လူ့စွမ်းပကား"တဲ့
အားသစ်ညီ ကြွံကြွံခံနိုင်ဖို့
အန်တုကာ စွမ်းမာန်များနဲ့
(ဆွေခပင်းတို့လေ ...)
ကျော်လွှားသွားစို့။ ။

**မင်းသွေးနွယ် (ဇီးကုန်း)**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# သိသင့်သိထိုက်သော မြို့ပြဆိုင်ရာငှားရမ်းဥပဒေများ

**စိန်လှိုင်ဖိုလ်**

မြန်မာနိုင်ငံရှိ မြို့ပြဒေသအသီးသီးတွင် နေထိုင်ကြသူများအနက် အချို့မှာ ကိုယ်ပိုင်အိမ်ရာ မရှိသဖြင့် ငှားရမ်း၍နေထိုင်ကြသည်။ အိမ်ရှင်က လည်း ငှားရမ်းခရရှိသဖြင့် နှစ်ဖက်အဆင်ပြေကြသည်။ သို့ရာတွင်အကြောင်းအားလျော်စွာ အိမ်ရှင်ဘက်မှ အိမ်ငှားကို ဖယ်ရှားပေးစေလိုမှု စွဲဆိုကြသည်များ လည်းရှိပါသည်။ ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှား ရမ်းခ ကြီးကြပ်ရေးဥပဒေသည် သာမန်အားဖြင့် အိမ်ငှားကို အသားပေးသည့်သဘောပြဋ္ဌာန်းချက်များ ရှိသော်လည်း အငြင်းပွားမှုများကို အဆုံးအဖြတ်ပေး ရာတွင် အိမ်ရှင်ဘက်မှ မှန်ကန်ပါက ဥပဒေနှင့်အညီ တရားရုံးများက စီရင်ဆုံးဖြတ်ပေးကြသည်များလည်း ရှိပါသည်။

အမှုတစ်ခုတွင်ဖြစ်ပါသည်။ ဒေါ်သီလှသည် စမ်းချောင်းမြို့နယ် ဝါးခယ်မလမ်း အမှတ်(၁၂) ဥပစာ ၏ပိုင်ရှင်ဖြစ်သည်။ ဒေါ်ခင်အုန်းကြည်သည် ရန်ကုန် မြို့၊ ငှားရမ်းခကြီးကြပ်ရေးဝန်ရုံး၊ အမှုတွဲအမှတ် စီ-၄၈/၇၃ တွင် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ-၁၄ အရ အိမ်ငှားအဖြစ် သတ်မှတ်ခြင်းခံ ရသော တရားဥပဒေအရ အိမ်ငှားဖြစ်သည်။

စမ်းချောင်းမြို့နယ် တရားမကြီးမှုအမှတ်-၁၀/၇၃တွင် အိမ်ရှင်ဒေါ်သီလှက အချင်းဖြစ်အိမ်ကို မိမိကိုယ်တိုင်နေထိုင်ရန်အတွက် အယူခံတရားပြိုင် ဒေါ်ခင်အုန်းကြည်ကို မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ-၁၄(၁)(ဂ)အရ ဥပစာမှ နှင်ထုတ်လိုမှု တရားစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက ယင်းအမှုကို စစ်ဆေး၍ စွဲဆိုသည့်အတိုင်း ဒီကရီချ မှတ်ပေးခဲ့သည်။ ယင်းဒီကရီကို အယူခံဝင်ရောက်သော အခါ တိုင်းတရားရုံးက ပယ်ဖျက်လိုက်သည့်အတွက် ဗဟိုတရားရုံးသို့ ဒေါ်သီလှက ဒုတိယအယူခံမှုတင် သွင်းခဲ့ပါသည်။

**ဗဟိုတရားရုံး၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဤအမှုတွင် ဆုံးဖြတ်ရန်အဓိကအချက်မှာ အယူခံတရားလိုသည် အချင်းဖြစ်ဥပစာကို မိမိ ကိုယ်တိုင်နေရန် ကိစ္စသက်သက်အတွက် ရိုးဖြောင့် သောသဘောဖြင့် ရယူလိုကြောင်း ဟုတ်၊ မဟုတ် ဦးစွာစီစစ်သုံးသပ်ခဲ့ပါသည်။

အယူခံတရားလို ဒေါ်သီလှသည် ယခုအခါ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊ အမှတ်(၁၃)တွင် နေထိုင်သည်။ ယင်းဥပစာတွင် အယူခံတရားလို ဒေါ်သီလှ၏ မိသားစု စုစုပေါင်း ၁၁ ဦး နေထိုင် ကြောင်း သက်သေထွက်ချက်များအရ တွေ့ရသည်။ ၎င်းဥပစာမှာ အလျား ၁၈ ပေ အနံ ၃၅ ပေခန့် ရှိကြောင်းသိရသည်။ တိုင်းတရားရုံးက ဥပစာ၏ စုစုပေါင်း စတုရန်းပေ အကျယ်အဝန်းနှင့် လူဦးရေ ၁၂ ဦးတို့ကို တွက်ချက်ပြီး တစ်ဦးလျှင် ပေ ၆၀ စတုရန်းခန့် ရရှိမည်ဖြစ်သဖြင့် ကျဉ်းမြောင်းသည် မဆိုနိုင်သောကြောင့်ဟု သုံးသပ်၍ အချင်းဖြစ်ဥပစာ ကို ဖယ်ရှားပေးရန် မလိုဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

ဥပစာ၏ စတုရန်းပေကို လူဦးရေနှင့်စားပြီး တစ်ဦးလျှင် စတုရန်းပေ မည်ရွေ့၊ မည်မျှရရှိမှုအပေါ် မူတည်၍ အဆုံးအဖြတ်ပေးရန်မသင့်ကြောင်း ဤ အမှုမှာ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ-၁၄(၁)(ဂ)အရ စွဲဆိုသည့် အမှုဖြစ်ကြောင်း ထို့ကြောင့် တရားလို သည် **အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် လိုအပ်သည်**ဟုယူဆလျှင် ခွင့်ပြုရမည်ဖြစ်ကြောင်း ဗဟိုတရားရုံးက ဆင်ခြင် သုံးသပ်ခဲ့ပါသည်။

ဤအမှုတွင် တရားလိုတို့၏ အိမ်ထောင်စုမှာ ၁၂ ဦးဖြစ်ပြီး ဥပစာ၏ အကျယ်အဝန်းမှာ ၁၈ ပေ x ၃၅ ပေခန့်သာရှိသည်။ ထို့ကြောင့် တရားလိုတွင် အချင်း ဖြစ်ဥပစာကိုရယူရန် လိုလောက်သည့်အကြောင်း ရှိသည်ဟု ဆိုရမည်ဖြစ်ကြောင်း ထို့နောက်တဖန် တရားလိုသည် မရိုးမဖြောင့်သောသဘောဖြင့် အချင်းဖြစ်ဥပစာကို ရယူရန်အတွက် တရားစွဲဆိုခြင်း ဖြစ်သည်ဟု သက်သေအထောက်အထားလည်း မရှိရာ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး မူလမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဗဟိုတရားရုံးက ပြန်လည်အတည်ပြုခဲ့ပါသည်။ **ဒေါ်သီလှနှင့် ဒေါ်ခင်အုန်းကြည် ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု ၁၉ တွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ -၁၄(၁)(ဂ)** အရအိမ်ရှင်အနေဖြင့်ဥပစာကိုအကြောင်းအားလျော် စွာရိုးဖြောင့်သောသဘောဖြင့် ရယူလိုသည်ဟုယူဆ လျှင် ခွင့်ပြုပေးရမည်ဖြစ်ကြောင်း သိရှိနိုင်ကြပါသည်။



၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ် ရေး ဥပဒေပုဒ်မ-၁၂(၁)(င)၏လိုအပ်ချက်မှာ အိမ်ရှင် သည်အဆောက်အအုံပြင်ဆင်ရန်အတွက်သဘောရိုး သာမက အကြောင်းအားလျော်စွာ reasonably required လိုအပ်ရမည် ဖြစ်ကြောင်းနှင့်ပတ်သက်၍ စီရင်ထုံးတစ်ခုကို ကိုးကား၍ ရေးသားတင် ပြပါဦးမည်။

ပဲခူးမြို့နယ်တရားရုံး တရားမကြီးမှု အမှတ်-၃/၇၃ တွင် ဒေါ်ဂုဏ်ဘီ ပါနှစ်ဦးတို့က ဒေါ်သိန်းမေပါ ငါးဦးတို့အပေါ် ပဲခူးမြို့၊ လိပ်ပြာကန်(၁)လမ်းနှင့် ကိုယ့်မင်းကိုယ့်ချင်း လမ်းထောင့်ရှိ အချင်းဖြစ်အိမ်မှ ဖယ်ရှားပေးရန်အတွက် ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ-၁၂(၁)(င) အရ တရားစွဲဆိုခဲ့သည်။ တရားရုံးက အမှုကို ကြားနာ စစ်ဆေးပြီး မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက် ဥပဒေ-၁၂ (၁)(စ) အရ ဒီကရီချမှတ်ပေးခဲ့သည်။ ယင်းဒီကရီကို နှစ်ဖက်စလုံးက မကျေနပ်ကြသဖြင့် ပဲခူးတိုင်းတရားရုံးသို့ အယူခံဝင်ခဲ့ကြသည်။ ပဲခူး တိုင်းတရားရုံးက မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ အိမ်ရှင်ဒေါ်ဂုဏ်ဘီပါနှစ်ဦးတို့ စွဲဆိုသည့် အတိုင်း ပုဒ်မ-၁၂(၁)(င)အရ ဒီကရီချမှတ်ပေးလိုက် သည်။ မူလတရားပြိုင် ငါးဦးရှိသည့်အနက် တရား ပြိုင် နှစ်ဦးတို့မှာ အချင်းဖြစ်အိမ်တွင် နေထိုင်သူများ မဟုတ်ကြသဖြင့် အမှုမှပယ်ထုတ်ခဲ့သည်။ သို့ဖြစ်၍ ကျန်တရားပြိုင် သုံးဦးတို့က ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဒုတိယ အယူခံမှု တင်သွင်းခဲ့ကြပြန်ပါသည်။

**ဗဟိုတရားရုံး၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဤအမှုတွင် အငြင်းပွားခြင်းမရှိသောအချက်မှာ အချင်းဖြစ်မူလ အိမ်ပိုင်ရှင်မှာ မစ္စတာဘစူး ဆိုသူဖြစ်သည်။ မစ္စတာဘစူးသည် ဒုတိယကမ္ဘာစစ် ကြီးအတွင်းက အိန္ဒိယပြည်သို့ပြန်သွားရာ မြန်မာ ပြည်သို့ ပြန်မလာတော့ချေ။ ၁၉၄၅ ခုနှစ်လောက်တွင် ပဲခူးမြို့ အရေးပိုင်က စစ်သားများအသုံးပြုရန် အချင်း ဖြစ်အိမ်ကို သိမ်းဆည်းထားခဲ့ရာ စစ်သားများ ဖယ်ရှား သွားပြီးနောက် အယူခံတရားလိုအမှတ်(၁) ဒေါ်သိန်း မေကို နေထိုင်ခွင့်ပြုခဲ့သည်။ ထို့နောက် ဒေါ်သိန်းမေ သည် မစ္စတာဘစူး၏ ကိုယ်စားလှယ်ဆိုသူများသို့ အိမ်လခတစ်လလျှင် ငွေကျပ် ၄၀ နှုန်းဖြင့်ပေး၍ အစဉ်တစိုက်နေထိုင်လာခဲ့သည်ကို ဗဟိုတရားရုံးက စိစစ် ဖော်ထုတ်ခဲ့ပါသည်။

ဤအမှုတွင် အရေးကြီးသော ဆုံးဖြတ်ရန်အချက် မှာ အယူခံတရားပြိုင်တို့သည် မည်သည့်အတွက် အယူခံတရားလိုတို့အား အခင်းဖြစ်ဥပစာမှ ဖယ်ပေး စေရန် တရားစွဲဆိုခဲ့ပါသနည်းဟူသော ပြဿနာ ပင်ဖြစ်သည်။ အဆိုပါပြဿနာနှင့် ပတ်သက်၍ အယူခံတရားပြိုင်တို့သည် နေထိုင်ရန်မရှိသဖြင့် မိမိတို့ကိုယ်တိုင် နေထိုင်ရန်အတွက် အလိုရှိသော ကြောင့် စွဲဆိုခြင်းဖြစ်သည်ဟုမူလရုံးမှ ဆုံးဖြတ်လျက် ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ-၁၂(၁)(စ)အရ ဒီကရီချမှတ်လိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် တိုင်းတရားရုံးက အယူခံ တရားပြိုင်များသည် အထက်ပါပုဒ်မ -၁၂(၁)(င) ခြွင်းချက်တွင် သတ်မှတ်ထားသော ပိုင်ရှင်များ မဟုတ်သဖြင့် အဆိုပါပုဒ်မအရ ဒီကရီကို ရပိုင်ခွင့် မရှိဟုဆုံးဖြတ်ပြီး ပုဒ်မ-၁၂(၁)(င)အရ အချင်းဖြစ် အဆောက်အအုံကို ပြန်လည်ဆောက်ရန် သို့မဟုတ် အရေးကြီးပြုပြင်မှုများကို ပြုလုပ်ရန်အတွက် အိမ်ရှင်က ရယူလိုသည်ဟုဆိုပြီး ဒီကရီချမှတ် ပေးလိုက်သည်။

အယူခံတရားပြိုင်တို့သည် ၎င်းတို့အပေါ်တွင် အိမ်ငှားဖြင့် လက်ရှိနေထိုင်လျက်ဖြစ်သော နေအိမ်မှ ထွက်ခွာသွားရန် အိမ်ရှင်က အနိုင်ဒီကရီရရှိထားပြီး ဖြစ်သည့်အပြင် ထွက်ခွာပေးရန် ဇာရီပြုလုပ်ထားပြီး ဖြစ်သောကြောင့် ၎င်းတို့နေထိုင်ရန် အိမ်ပိုင်ယာပိုင် မရှိသဖြင့် အချင်းဖြစ်အိမ်ကို ဝယ်ယူ၍ အယူခံတရား လိုများအား ဖယ်ရှားစေလိုသည်ဟု ဖော်ပြထား ကြောင်း တွေ့ရှိရသည်။ တရားစွဲဆိုရခြင်းအကြောင်း မှာ နေရာမရှိ၍ ကိုယ်တိုင်နေထိုင်ရန် တရားစွဲဆို ခြင်းဖြစ်ကြောင်း ဒေါ်ဂုဏ်ဘီက အတိအလင်း အစစ်ခံ ထွက်ဆိုခဲ့သည်။ အယူခံတရားပြိုင် ဒေါ်ဂုဏ်ဘီတို့ သည် အချင်းဖြစ်အိမ်ကိုဝယ်ယူပြီး ၎င်းတို့နေထိုင်ရန် ရယူလိုသောကြောင့် အယူခံတရားလို ဒေါ်သိန်းမေ တို့အပေါ် တရားစွဲဆိုကြောင်းထင်ရှားသည်။ သို့ရာ တွင် ဒေါ်ဂုဏ်ဘီ တို့သည် **ပုဒ်မ-၁၂(၁)(င)အရ တရား စွဲဆိုနိုင်ရန် ၁၉၄၅ ခုနှစ် မေလ ၁ ရက် မတိုင်မီက ပိုင်ရှင်ဖြစ်ရန်လိုကြောင်း၊ သို့သော် ၁၉၆၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင်မှ ပိုင်ရှင်များဖြစ်လာရာ ထိုပုဒ်မအရ တရားစွဲဆိုပိုင်ခွင့် သို့မဟုတ် ဒီကရီ ရပိုင်ခွင့်မရှိကြောင်း တရားရုံးတော်က သုံးသပ်ဆုံး ဖြတ်ခဲ့သည်။**

ထို့ပြင် ပုဒ်မ ၁၂(၁)(င)၏ လိုအပ်ချက်မှာ အိမ်ရှင်သည် အဆောက်အအုံ ပြင်ဆင်ရန်အတွက် သဘောရိုးနှင့်သာမက အကြောင်းအားလျော်စွာ လည်း (Reasonably required) လိုအပ်ရမည် ဖြစ်သည်။ ဤအမှုတွင် အယူခံတရားပြိုင်တို့သည် မူလက ၎င်း၏ အဆိုလွှာ၌ဖြစ်စေ၊ ရှေ့နေထံမှပေးပို့ သော နို့တစ်စာတွင်ဖြစ်စေ၊ ဒေါ်ဂုဏ်ဘီ၏ အစစ်ခံချက် တွင်ဖြစ်စေ၊ မည်သို့မျှ အကြောင်းအားလျော်စွာ အလိုရှိသည်ဟု လုံးဝဖော်ပြထားခြင်းမရှိပေ။ ထိုမျှ သာမကဘဲ ဒေါ်ဂုဏ်ဘီက ၎င်း၏ အစစ်ခံချက်တွင် အချင်းဖြစ်အိမ်ကို နောက်ထပ်ပြင်ဆင်ရန် လို/မလို ကို တတ်ကျွမ်းသောအင်ဂျင်နီယာများအား ပြသခဲ့ ဖူးခြင်းမရှိကြောင်းနှင့် နောက်ထပ်စစ်ဆေးရန်ကို လည်း သဘောမတူနိုင်ပါဟု ထွက်ဆိုထားသည်။

ဒေါ်ဂုဏ်ဘီ၏ သက်သေ ဦးဘသောင်း (လိုပြ-၁) ကလည်း အချင်းဖြစ်အိမ်မှာ နောက်ထပ် ၁၅ နှစ်ခန့် ပြင်ဆင်ရန် မလိုသေးပါဟု ထွက်ဆိုထားသည်။ သို့ဖြစ်၍ အချင်းဖြစ်အိမ်မှာ အယူခံတရားပြိုင် ဒေါ်ဂုဏ်ဘီတို့က အကြောင်းအားလျော်စွာပြင်ဆင်ရန် လိုအပ်သည်ဟုလည်း ယူဆနိုင်ရန် အကြောင်း တစ်စုံတစ်ရာမရှိဟု ဆိုရမည်ဖြစ်ကြောင်း အယူခံရုံး တော်က စိစစ်သုံးသပ်ခဲ့ပါသည်။

အထက်ဖော်ပြပါအကြောင်းများကြောင့် အယူခံ တရားပြိုင် ဒေါ်ဂုဏ်ဘီတို့သည် ပုဒ်မ -၁၂(၁)(င)အရ ဖြစ်စေ၊ ၁၂(၁)(စ)အရဖြစ်စေ ဒီကရီကို ရယူရန် အခွင့်အရေးမရှိကြောင်း ထင်ရှားသဖြင့် ဤအယူခံကို ခွင့်ပြုပြီး မူလရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်ကြောင်း ရုံးတော်က အမိန့်ချမှတ်ခဲ့ပါသည်။

ဒေါ်သိန်းမေပါ ၃ နှင့် ဒေါ်ဂုဏ်ဘီ ပါ ၂ ၁၉၇၃ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ်-၁၃ အမှုစီရင်ထုံး ဖြစ်ပါသည်။ မြို့ပြအိမ်ငှားဥပဒေပါပြဋ္ဌာန်းချက်များ သည် အတန်းငယ်ရှုပ်ထွေးသည့်သဘောရှိရာ စာဖတ် သူများအနေဖြင့် မရှင်းလင်းသည်များရှိပါက ထပ်မံ ဖတ်ရှုခြင်းဖြင့် ဥပဒေဗဟုသုတ ရရှိစေလိုကြောင်း တင်ပြလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## ယင်းမာပင်ခရိုင်တွင် ပဲကြီးကေအားလုံး ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၅ ဒသမ ၂၈ တင်းထွက်ရှိ



**ယင်းမာပင် ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ပဲကြီးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၁၄၃၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲကြီး စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၈၆၅ ဧက၊ ကနီမြို့နယ်တွင် ၁၃၅၁၅ ဧက စုစုပေါင်း ဧက ၁၄၃၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၂၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲကြီးဧက ၁၄၃၈၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲကြီးခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်း မျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ပဲကြီး စိုက်တောင်သူများအနေဖြင့် ပဲကြီး စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပဲကြီးကို ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။ (၂၀၆)

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း နေလှန်းဆား ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလက ဒေသထွက် နေလှန်းဆား ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ နေလှန်းဆား ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ မတ်လအတွင်း နေလှန်းဆား ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။လက်ရှိ ဧပြီလထဲမှာလဲ ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲကောင်းပါတယ်"ဟု ဖျာပုံမြို့နယ် နေလှန်းဆား ထုတ်လုပ်ရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။



ဖျာပုံမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါနေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၆၀၀၀ ထိ ပေါက်ဈေးရှိပြီး ဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ခရမ်းမြို့နယ် ကမာချိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ခရမ်း ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကမာချိုက်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်က ကမာချိုက်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကမာချိုက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ ဒသမ ၃၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကမာချိုက်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၇၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## မိုင်းယန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**မိုင်းယန်း ဧပြီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မိုင်းယန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသောလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကော်နမ့်ခဲဝမ်မိုင်ကျေးရွာနှင့် ကော်နန့်ခဲကောင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၂၂ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ငါးဦးကို ငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်ထံမှ သိရသည်။

**အောင်ရဲကျော်**

## သနပ်ပင်မြို့နယ် သနတ်တန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သနပ်ပင် ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သနတ်တန်းကျေးရွာအုပ်စု သနတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ သနတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့်ဆောင်ရွက်ခဲ့သည့် ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေး ပြောကြားသည်။

သနတ်တန်းကျေးရွာ၌ အရှည် ၉၁၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများအနက် ငွေကျပ် သိန်း ၁၀၀ အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

**မီးကြွင်းမီးကျန် မထားရန်**
**ကျင့်ကြံသတိ အမြဲရှိ**

# မိုးမိုး(အင်းလျား)၏ ပျောက်သောလမ်းမှာစမ်းတဝါး လုံးချင်းဝတ္ထုကို လေ့လာခြင်း

"ပျောက်သောလမ်းမှာ စမ်းတဝါး"သည် ထူးခြားမှုရှိသော ဝတ္ထုရှည်ဖြစ်သည်။ စာရေးဆရာမ မိုးမိုး (အင်းလျား)၏ ပထမဆုံး ဝတ္ထုလုံးချင်းဖြစ်သည်။ မိုးမိုး(အင်းလျား)၏ ပထမဦးဆုံးအမျိုးသားစာပေဆုရရှိသည့်ဝတ္ထုရှည်ဖြစ်သည်။ ၁၉၇၄၊ ဂျပန်ဘာသာသို့ ပြန်ဆိုထုတ်ဝေခံရခြင်းတို့မှာ ထူးခြားချက်များဖြစ်သကဲ့သို့ မြန်မာဝတ္ထုရှည်သမိုင်းတွင် တွေ့၊ ချစ်၊ ကွဲ၊ လွမ်း၊ ပြန်ပေါင်း စသည့်သမားရိုးကျလမ်းဟောင်းမှခွဲထွက်ကာ မင်းသားနှင့်မင်းသမီး မင်္ဂလာဆောင်ခံပွဲမှ ဇာတ်ကိုစဖွင့်လိုက်ခြင်းမှာလည်း ထူးခြားချက်တစ်ခုပင်ဖြစ်သည်။

မင်္ဂလာဆောင်ခံပွဲတွင် ဇာတ်လိုက်မောင်ကြည်သာ၏ အားနည်းပျော့ညံ့ချက်ကို စတင်တွေ့ရသည်။ သတို့သမီး နီနီလှိုင်၏စိတ်လှုပ်ရှားမှု၊ သတို့သား ရောက်မလာသေး၍ ပူပန်သောကရောက်နေမှုကိုမြင်ရသည်။ နီနီလှိုင်၏ ပူပန်မှုမှာအထွတ်အထိပ်သို့ရောက်လာ၏။ သူငယ်ချင်းများစုံနေပြီ၊ စားစရာများ မမှာရသေး။ ဆူညံပွက်လောရိုက်နေကြပြီ။ နီနီလှိုင် မနေသာတော့။ ကိုကြည်သာ၏သူငယ်ချင်း ကိုကြည်ဝင်းကိုမေးမိသည်။

"ဘယ်လိုလဲကိုကြည်ဝင်းရဲ့ သူဘာသွားလုပ်တာလဲ"

"သူ ... သူ ... ငွေသွားရှာနေတာ"

ဝတ္ထုဇာတ် စဖွင့်လိုက်သည်နှင့် စိုးရိမ်စရာ၊ စိတ်မသက်သာဖွယ်များက စ၍ဆီးကြိုနေသည်။ ပြီးတော့ မင်္ဂလာဦးညတွင် ကိုကြည်သာသူငယ်ချင်း ကိုစိုးမြင့်တို့ ဇနီးမောင်နှံနေထိုင်ရာ နှင်းဆီကုန်းရှိ အိမ်တွင် သွားရောက်ညအိပ်ကြရသည်။

ထိုမှ ၁၂ ပေသာသာကျယ်ဝန်းသော ကိုကြည်သာတို့၏ တိုက်ခန်းလေးသို့ပြောင်းခဲ့ရသည်။ ဤတိုက်ခန်းကျဉ်းလေးတွင် ကိုကြည်သာ၏အဘွား ဖွားမြင့်၊ အဖေ၊ ဒေါ်သူဇာ၊ အစ်ကို ကိုထွန်းသာနှင့်ဇနီးမခင်မာ အပြင်သားသမီးသုံးယောက်၊ကိုကြည်သာ၏ညီမလေးနှင့်ဆိုပါက အားလုံး ကိုးယောက်။ ကိုကြည်သာနှင့် နီနီလှိုင်တို့ပါ ပေါင်းစပ်လိုက်လျှင် ၁၁ ယောက်၊ မလူးသာမလှည့်သာ ...။

ဤသို့လိုက်နေစဉ် ပြဿနာများကို နေ့စဉ်ကြုံတွေ့နေခဲ့ရသည်။ နီနီလှိုင်(လှိုင်)အတွက် စိတ်ဖိစီးမှုများ၊ လူမှုရေးဒုက္ခများ၊ ကိုကြည်သာ၏အဒေါ်ဖြစ်သူ၊ အဘွားဖြစ်သူ၊ မရီးဖြစ်သူ မခင်မာ၊ ညီမဖြစ်သူ အေးမြစံသာတို့၏ အပြောအဆို၊ အပြုအမူ၊ အထက်စီးမှ ဆက်ဆံမှုတို့ကို ခါးစည်းခံနေခဲ့ရသည်။

နောက်ဆုံး နီနီလှိုင်မည်သို့မျှမပျော်နိုင်၊ စိတ်ဖိစီးမှုသောကဝေဒနာများက ဆင့်ကဲဆင့်ကဲပေါ်ပေါက်လာသည်။ မိမိမှာ ကိုယ်ဝန်ဆောင်နေရသည်။ ကလေးမွေးဖွားလျှင် ပို၍အခက်အခဲများနှင့် ကြုံနိုင်သည်။ ထို့ကြောင့် နီနီလှိုင်က သူ့ခင်ပွန်းကိုကြည်သာကို အိမ်ရှာခိုင်းသည်။ လွတ်လွတ်လပ်လပ် တစ်အိုးတစ်အိမ်နှင့်နေချင်သည်။ စိတ်ချမ်းသာချင်သည်။ အိမ်ထောင်မှုအရသာကိုခံစားချင်သည်။ ကိုကြည်သာမှာ သူ့ရုံးအလုပ်များနှင့်သာပိနေသည်။ အိမ်မရှာအားဟုဆိုသည်။

နောက်ဆုံး နီနီလှိုင် ကိုကြည်သာနှင့်ညှိသည်။ အိမ်ရှာ၍မရခင်စပ်ကြား ယခင်နေခဲ့ဖူးသည့် သူ့သူငယ်ချင်းများရှိရာ ဘော်ဒါဆောင်တွင် ပြန်နေမည်။ သည်ရက်အတွင်း ကိုကြည်သာကို အမြန်ဆုံးအိမ်ငှားနေနိုင်ရန် အရှာခိုင်းသည်။ ကိုကြည်သာသဘောတူခဲ့သည်။ နီနီလှိုင် ဘော်ဒါဆောင်သို့ ပြန်ရောက်စဉ် တစ်နေ့ဘော်ဒါဆောင်ပိုင်ရှင် အဒေါ်ကြီးက ကန်လမ်းထဲတွင် သူ့မိတ်ဆွေ၏ လုံးချင်းသစ်သားအိမ်ငှားရန်ရှိကြောင်းပြောသည်။ ကိုကြည်သာနှင့် နီနီလှိုင်တို့ သွားကြည့်ကြသည်။ ငှားဖြစ်သည်။

ဤအိမ်ကလေးတွင် ပျော်ရွှင်စွာနေခဲ့ကြသည်။ သို့ရာတွင် တစ်ဦးတည်းဝင်ငွေဖြင့် စားသောက်နေရရာ မလုံလောက်သဖြင့် ခြံတွင်းရှိ ဒန့်သလွန်ရွက်၊ ကင်ပွန်းချဉ်ရွက်များကို ခူးယူချက်ပြုတ်စားသောက်နေခဲ့ရသည်။ သည်ကြားထဲ ကိုယ်ဝန်ကို ဆေးရုံတွင်သွားပြရသည့် ဒုက္ခအထွေထွေကို မိုးမိုး(အင်းလျား)က သူ့ဇာတ်ကောင် နီနီလှိုင်ကို သရုပ်ဖော်ပြသည်။ နောက်ဆုံး ဆေးခန်းမှ ပါရဂူဆရာမကြီးထံ ကိုယ်ဝန်ပြသရန် အဆောင်အတူနေ သူငယ်ချင်း ကြည်မေဦးက လမ်းညွှန်ပြမှ ပိုက်ဆံအတော်ကုန်ခဲ့ကာ သမီးလေးကို မွေးဖွားနိုင်ခဲ့သည်။

"ပျောက်သောလမ်းမှာ စမ်းတဝါး" ဝတ္ထုရှည်တွင် နီနီလှိုင်က တက်ကြွထက်မြက်နေသလောက် ကိုကြည်သာက ပျော့ညံ့အားရစရာမကောင်းလှ၊ ဤသည်နှင့်ပတ်သက်၍ မိုးမိုး(အင်းလျား)က သူ့ဇာတ်ကောင် နီနီလှိုင်ကို ဤသို့ပြောစေသည်။

**❖ နီနီလှိုင်ဟူသည့် ဘွဲ့ရမိန်းကလေးတစ်ဦး သူ့ချစ်သူနှင့်အတူ လက်ထပ်နေထိုင်ပြီး သာယာသည့် သီရိဂေဟာလေး တည်ဆောက်လိုသည့်ဆန္ဒဖြင့် ကြိုးစားရုန်းကန်ခဲ့သော်လည်း နောက်ဆုံးတွင် အရှုံးနှင့်သာရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဇာတ်လမ်းဖြစ်သည်။ ရန်ကုန်မြို့ပြရှိ လူလတ်တန်းစားတို့၏ဘဝကို သရုပ်ဖော်ထားသည့် ဝတ္ထုရှည်ဖြစ်သည်။ လှိုင်၏သရုပ်ပေါ်လွင်သည်။ ချစ်သူကိုချစ်သည်။ ခင်ပွန်းအဖြစ် ရောက်ရှိခဲ့သော်လည်း အချစ်မပြယ်။ အိမ်ထောင်ရေးဘဝကို လှပအောင်တည်ဆောက်ချင်သည်။ ❖**

"ကိုကိုက ကိုယ့်အိမ်ထောင်ကို ဂရုစိုက်ရမှန်း မသိဘူး၊ သိပ်လျစ်လျူရှုနေနိုင်တာပဲ"

"ယောက်ျားတစ်ယောက်ဟာ အချိန်မှန်မှန် အိမ်ပြန်လာတယ်၊ ရတဲ့ငွေကို မှန်မှန်အပ်တယ်၊ မိန်းမကို မနှိပ်စက်ဘူးဆိုရင် အဲဒီမိန်းမ အင်မတန်ကံကောင်းတာ လှိုင်ရဲ့"

"လှိုင်တော့ ယောက်ျားဆိုတာ ရှေ့ကဦးဆောင်နိုင်ရမယ်၊ အားကိုးအားထားပြုထိုက်ရမယ်၊ ကြုံလာသမျှကို ရှေ့ကဦးဆောင်နိုင်ရမယ်၊ ရင်ဆိုင်ဖြေရှင်းရမယ်၊ ဒါမှ အိမ်ထောင်ရှင်ယောက်ျားပဲ၊ အရက်သမား၊ ဖဲသမားကိုတော့ စာရင်းထဲတောင် ထည့်မစဉ်းစားဘူး"

ကိုကြည်သာနှင့်လှိုင်တို့မှာ တစ်ဦးနှင့်တစ်ဦး ဘဝင်မကျ အဆင်မပြေ မကျေနပ်ကြတာမျိုးတွေ ရှိသည်။ ဤကြားထဲတွင် ကိုကြည်သာတို့၏အိမ်သို့ ရုံးကသူ့သူငယ်ချင်းကိုမြင့်အောင် လက်ထပ်ပြီး မိန်းမနှင့်အတူရောက်လာသည်။ နေစရာအခက်အခဲကြောင့် အိမ်တွင် ခဏနေပါရစေဟုဆိုသည်။ လှိုင် ကိုယ်ချင်းစာကာ သူတို့အိပ်သည့်အိပ်ခန်းတွင် နေရာပေးသည်။ သူတို့က အိမ်ရှေ့ခန်းထွက်၍ အိပ်ကြသည်။ နှစ်ယောက်ပင် မလုံမလောက်ရှိနေသည့် အိမ်ထောင်တစ်ခုတွင် သူငယ်ချင်းဇနီးမောင်နှံက တစ်လကျော်ကြာနေထိုင်လာသောအခါ အကြွေးတင်လာသည်။

ဤအခန်းတွင် စာရေးဆရာမ မိုးမိုး(အင်းလျား) ကိုပင် အပြစ်တင်ရလေမလား၊ စေတနာလွန်ကဲသည့် ကိုကြည်သာကိုပင် အပြစ်တင်ရလေမလား၊ အလိုက်မသိတတ်သော ကိုကြည်သာ၏သူငယ်ချင်းဇနီးမောင်နှံကိုပင် အပြစ်တင်ရလေမလားဟု စာဖတ်သူတစ်ယောက်အနေဖြင့် တွေးလိုက်မိသည်။

ကိုကြည်သာနှင့်လှိုင်လက်ထပ်သည့်ညက နှင်းဆီကုန်းရှိ ကိုစိုးမြင့်အိမ်တွင် သွားရောက်နေခဲ့စဉ်က သုံးညအိပ်ခန့်သာ။ ယခုကိုမြင့်အောင်တို့က တစ်လကျော်ကြာပြီဆိုတော့ ခေတ်ပညာတတ်များဖြစ်ကြပါလျက် သူတစ်ပါးအိမ်တွင် ဤမျှကြာအောင်နေခြင်းသည် ကိုကြည်သာနှင့်နီနီလှိုင်တို့ ပို၍အဆင်မပြေဖြစ်ကာ တစ်ကွဲတစ်ပြားစီဖြစ်အောင် ဖန်တီးလိုက်ခြင်းပေလား။ တကယ်လည်း ၎င်းတို့တစ်ယောက်တစ်နေရာစီကွဲကြပြန်သည်။

"ကဲ... လှိုင် တော်ပါတော့ကွာ၊ မင်းအိမ်မှာမထားနိုင်ရင် ပြန်လွှတ်လိုက်တော့မယ်ဟေ့ ငါလည်း ပြန်မလာတော့ဘူး .. ကဲ ..."

ကိုကြည်သာက သူ့မိဘတိုက်ခန်းပြန်သွားသည်။ နီနီလှိုင်က သမီးငယ်ကိုခေါ်ကာ ပဲခူးရှိမိခင်ထံပြန်ခဲ့သည်။ မကြာမီ ကိုကြည်သာထံမှ စာရသည်။ လှိုင်အလုပ်ရတော့မည်ဟု သိရသည်။ ပြီးတော့ ကန်လမ်းတွင် ငှားနေသည့်အိမ် ဈေးတည့်သွားပြီဖြစ်၍ အိမ်ဝယ်သူများ ပြောင်းလာတော့မည်။ လကုန်ဖယ်ပေးရမည်ဟုသိရသည်။

သမီးငယ်ကို နီနီလှိုင်အမေက ရန်ကုန်သို့ပြန်မလွှတ်။ သူတို့ခေါ်ထားကြ၏။ အလုပ်လုပ်မည်ဖြစ်၍ ကလေးနှင့်မဖြစ် ထားခဲ့ဟုဆိုသည်။ နီနီလှိုင်တစ်ယောက်တည်း ရန်ကုန်ပြန်လာသည်။ ပစ္စည်းများသိမ်းဆည်းရသည်။ ပစ္စည်းအချို့ အိမ်ဘေးမှအဒေါ်ကြီးထံအပ်ကာ အဝတ်အိတ်ဆွဲပြီး ဘော်ဒါဆောင်သို့ ပြန်ရောက်ခဲ့ပြန်သည်။ ကိုကြည်သာက သူ့အဝတ်အစားတွေ ၃၇ လမ်းတိုက်ခန်းသို့ သယ်သွားခဲ့ပြီ။ ပထမတော့ ၃၇ လမ်းရှိ ကိုကြည်သာ၏မိဘတိုက်ခန်းသို့ ပြန်ပြောင်းနေရန် နီနီလှိုင် စိတ်ကူးမိသည်။ သို့သော် ဒေါ်သူဇာ၏ ဆက်ဆံရေးကြောင့် အဆောင်တွင်ပင်နေဖြစ်သည်။ သူသည် ခွန်အားရှိသမျှ သပ်သပ်ရပ်ရပ် တင့်တယ်အောင် ကြိုးစားဖန်တီးခဲ့ရသော အိမ်ထောင်လေး ခုတော့ပြိုကွဲချေပြီ။

နီနီလှိုင်အလုပ်ဝင်သည်။ ကိုကြည်သာ့အဘွားက "ဒီတစ်ခါ အိမ်ရှာလို့ရရင် အတူတူပြန်နေကြပါအေ၊ လင်နဲ့မယားဆိုတာ အတူနေတာပဲ ကောင်းပါတယ်၊ အိမ်ထောင်ဆိုတာ နှစ်ခုကွဲနေရင် ပြဿနာတက်တာပဲ"

ဤအခြေအနေတွင် ဝွတ္တာလစ်လမ်း၌ အိမ်တစ်လုံးငှားရန်ရှိကြောင်းသိရ၏။ "စပေါ်က သုံးထောင်တဲ့၊ ဘွားမြင့်က ငွေနှစ်ထောင် ထုတ်ပေးတယ်၊ ကျန်တာကို ဖေဖေက ရှာပေးမယ်တဲ့"

ကိုကြည်သာနှင့်လှိုင်တို့ ဝွတ္တာလစ်လမ်းရှိ အိမ်သို့ ပြောင်းရွှေ့ခဲ့ရပြန်၏။ နှစ်ဦးသား ပျော်ကြပြန်သည်။ နှစ်ဦးသား၏အပျော်ကို ကုန်ဈေးနှုန်းက ဖျက်ဆီးပြန်သည်။ ယခင်က ကိုကြည်သာတစ်ဦးတည်း၏လစာဖြင့်မလောက်။ ယခုနှစ်ယောက်ပေါင်း လစာ ငါးရာကျော် ရရှိနေသော်လည်း မလောက်ငါ။ ကိုကြည်သာနှင့် လှိုင်တို့ ချစ်စကားများမဆိုနိုင်၊ ဆန်အကြောင်း၊ ဆီအကြောင်း၊ မလောက်ငကြောင်း ချွေတာရန်အကြောင်းများသာ ပြောဖြစ်ကြသည်။

ဤသို့သောကာလတွင် ဘွားမြင့်ဆုံးသည်။ ဘွားမြင့်ဆုံးတော့ အသုဘစရိတ်အတွက် ငွေလိုလာသည်။ ဘွားမြင့်မကွယ်လွန်မီက အိမ်စပေါ် နှစ်ထောင်ကိုစ္စပေါ်လာသည်။ ဒေါ်သူဇာက ခုမှ သိသည်ဟုဆိုကာ ဒေါသပုန်ထသည်။ အသုဘကိစ္စပြီးသည့်နောက် နီနီလှိုင် ဆုံးဖြတ်ချက်ချရပြန်သည်။ အိမ်ကိုပြန်အပ်ကာ စပေါ်ငွေပြန်ထုတ်ပြီး ဒေါ်သူဇာကိုပေးသည်။ ပြီးတော့ ကိုကြည်သာကို ပဲခူးသို့ပြောင်းနေရန်ညှိသည်။ ကိုကြည်သာက ရန်ကုန်က မခွာလို။ နောက်ဆုံး အိမ်ကိုပြန်အပ်ကာ နီနီလှိုင် ခွင့်တစ်လယူပြီး ပဲခူးသို့ပြန်သည်။ ကိုကြည်သာ ဘုတာရုံသို့ အမီလိုက်တွေ့သော်လည်း နီနီလှိုင် ပဲခူးသို့ပြန်ခဲ့သည်။

နီနီလှိုင်ဟူသည့် ဘွဲ့ရမိန်းကလေးတစ်ဦး သူ့ချစ်သူနှင့်အတူ လက်ထပ်နေထိုင်ပြီး သာယာသည့် သီရိဂေဟာလေး တည်ဆောက်လိုသည့်ဆန္ဒဖြင့် ကြိုးစားရုန်းကန်ခဲ့သော်လည်း နောက်ဆုံးတွင်အရှုံးနှင့်သာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်ဇာတ်လမ်းဖြစ်သည်။

ရန်ကုန်မြို့ပြရှိ လူလတ်တန်းစားတို့၏ဘဝကို သရုပ်ဖော်ထားသည့် ဝတ္ထုရှည်ဖြစ်သည်။ လှိုင်၏ သရုပ်ပေါ်လွင်သည်။ ချစ်သူကိုချစ်သည်။ ခင်ပွန်းအဖြစ် ရောက်ရှိခဲ့သော်လည်း အချစ်မပြယ်။ အိမ်ထောင်ရေးဘဝကို လှပအောင် တည်ဆောက်ချင်သည်။ အိမ်ထောင်ရေးသုခကို မျှော်လင့်သည်။ ကြိုးစားတည်ဆောက်သည်။ သို့သော် မအောင်မြင်။ သူ့ခင်ပွန်း ကိုကြည်သာမှာ မိဘ၊ အဒေါ်တို့၏အရိပ်အာဝါသအောက်မှရုန်းမထွက်နိုင်သူ၊ ရန်ကုန်တွင်သာနေလိုသူ၊ အိမ်ထောင်ကို ဦးစီးလုပ်ကိုင်နိုင်စွမ်းမရှိသူ၊ ယောက်ျားတစ်ယောက်၏ စွမ်းရည်၊ သတ္တိ၊ မာနကို မပြနိုင်သူအဖြစ် တွေ့ရသည်။

အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့၏မှတ်ချက်အရ နေရေး၊ ထိုင်ရေး၊ ဆွေရေး၊ မျိုးရေးကြောင့် အိမ်ထောင်အဆင်မပြေဖြစ်ရသော လူငယ်ဇနီးမောင်နှံနှစ်ဦး၏ဘဝကို ပီပြင်အောင် သရုပ်ဖော်နိုင်ခဲ့သည်။ ဘဝအခြေအနေအရ ချို့တဲ့၍မဖြစ်မနေ ရင်ဆိုင်ရုန်းကန်ရမည်ဟူသော အပြုသဘောအားနည်းသော်လည်း နဂိုအခြေအနေမှန်ကို သရုပ်ပေါ်အောင်ဖော်ပြနိုင်စွမ်းရှိသည်ဟူသည့်ဖွင့်ဆိုချက်အတိုင်း ဆရာမ မိုးမိုး (အင်းလျား)သည် "ပျောက်သောလမ်းမှာ စမ်းတဝါး" ဟူသည့်ခေါင်းစီးနှင့်အညီ နီနီလှိုင်နှင့်ကိုကြည်သာ (လှိုင်နှင့်ကိုကို)တို့၏ဘဝများသည်လည်း စမ်းတဝါးဝါးဖြင့် လမ်းပျောက်ကို ရှာဖွေနေကြဆဲပင်ဖြစ်သည်။ သို့ရာတွင် ဆရာမ မိုးမိုး(အင်းလျား)၏ "ပျောက်သောလမ်းမှာ စမ်းတဝါး"ဝတ္ထုရှည်ကိုဖတ်မိကြသည့် ယနေ့လူငယ်များသည် ချစ်သူဘဝမှ အိမ်ထောင်သည်ဘဝသို့ကူးပြောင်းကြမည်ဆိုပါက အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုပ်ထိုးဆိုသကဲ့သို့ အချစ်တစ်ခုတည်းဖြင့် အိမ်ထောင်ကို တည်ထောင်၍မရနိုင်ကြောင်း၊ မျက်ကန်းတောတိုး ဆောင်ရွက်ကြပါက ဆရာမ မိုးမိုး(အင်းလျား)ဝတ္ထုထဲမှ ကိုကြည်သာနှင့် နီနီလှိုင်တို့လို ဒုက္ခမျိုးစုံနှင့်ကြုံတွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ချစ်သူနှစ်ဦး အိမ်ထောင်တည်ထောင်ကြမည်ဆိုလျှင် အစစအရာရာပြည့်စုံအောင် ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်ကြောင်း၊ ငွေကြေးနှင့်တကွ နေထိုင်ရန် အိမ်၊ အိမ်ထောင်ပရိဘောဂများ၊ အလုပ်အကိုင်များပြည့်စုံမှသာ အိမ်ထောင်ပြုကြမည်ဆိုပါက အစစအရာရာအဆင်ပြေပြီး အိမ်ထောင်မှုသုခ အပြည့်အဝခံစားကြရမည်ဖြစ်ကြောင်း သင်ခန်းစာရရှိသည်။

သို့ဖြစ်ပါ၍ မိုးမိုး(အင်းလျား)၏ "ပျောက်သောလမ်းမှာ စမ်းတဝါး"ဝတ္ထုရှည်သည် ယနေ့လူငယ်များအတွက် သတိပြုစရာ၊ ဆင်ခြင်စရာ၊ သင်ခန်းစာပြုစရာ ဝတ္ထုရှည်တစ်ပုဒ်ဖြစ်ကြောင်း မှတ်တမ်းတင်သုံးသပ်အပ်ပါသည်။

**ပုသိမ်အောင်သန်းဦး**

# အရွယ်မတိုင်မီဆံပင်ဖြူခြင်းအကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ

ပေါက်ပေါက်

ဆံပင်ဖြူခြင်းသည် အရွယ်ကျလာခြင်း၏ ပထမဦးဆုံးသောထင်သာမြင်သာ လက္ခဏာတစ်ခုဖြစ်သည်။ တချို့လူများတွင် အသက် ၂၀ ခန့်ကတည်းက ဆံပင်ဖြူကြသော်လည်း၊ တချို့လူများတွင် အသက် ၅၀ ကျော်သည့်တိုင်အောင် ဆံပင်ဖြူသည့်လက္ခဏာ မပြသေးပေ။ ယေဘုယျအားဖြင့် လူဖြူများက အသက် ၃၀ အရွယ်တွင် စတင်ဆံပင်ဖြူလာတတ်ကြပြီး လူမည်းများတွင် အသက် ၄၀ အရွယ်ကျော်မှသာ ဆံပင်ဖြူကြသည်ကို လေ့လာသိရှိရသည်။

**ဆံပင်ဖြူရသော အကြောင်းရင်း**

ဆံပင်မွေးအိတ်၏အောက်ခြေရှိ မယ်လနင်ခေါ် အမည်းရောင်ခြယ်ထုတ်ပေးနေသည့် ဆဲလ်များ စွမ်းဆောင်ရည်ကျဆင်းပြီး မယ်လနင် ထုတ်လုပ်မှု လုံးဝရပ်ဆိုင်းသွားခြင်း သို့မဟုတ် လျော့နည်းသွားခြင်းကြောင့် ဆံပင်ဖြူခြင်းကို ဖြစ်စေသည်။

**အရွယ်မတိုင်မီ ဆံပင်ဖြူခြင်း**

မျိုးရိုးလိုက်ခြင်း၊ အလုပ်များ၍ပင်ပန်းလွန်းခြင်း၊ ပြင်းစွာနာမကျန်းဖြစ်ခြင်း၊ အာဟာရချို့တဲ့ခြင်း၊ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှုများခြင်း၊ ခံနိုင်ရည်စွမ်းအားထက်ကျော်လွန်ပြီး စဉ်းစားတွေးတောကာ စိတ်ဖိစီးမှုများခြင်း၊ မကြာခဏ ဆံပင်ပေါင်းတင်ခြင်း သို့မဟုတ် ကြိမ်ဖန်များစွာဆံပင်ဆေးဆိုးခြင်း၊ ကျွမ်းကျင်မှုမရှိသူနှင့်ဆံပင်ပြုပြင်ခြင်း၊ ဓာတုပစ္စည်းကုန်စင်အောင်ဆံပင်မဆေးကြောခြင်း၊ ခရုသင်းရောဂါ၊ သိုင်းရွိုက်အကျိတ်ရောဂါ၊ အရိုးသိပ်သည်းဆအားနည်းရောဂါနှင့် Werner Syndrome ခေါ် အရွယ်ရောက်ခါစကတည်းက တဖြည်းဖြည်းနှင့် အိုမင်းတတ်တဲ့ရောဂါစွဲကပ်ခြင်း၊ အရက်၊ ဆေးလိပ်သောက်ခြင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ဆီကြော် အစားအစာများ အလွန်အကျွံစားသောက်ခြင်း၊ ဗီတာမင်ဘီ-တွဲ ချို့တဲ့ခြင်း၊ သိုင်းရွိုက်ဟော်မုန်း ပြဿနာရှိခြင်း၊ အရွယ်နှင့်မမျှ စိုးရိမ်သောကဗျာပါဒများခြင်း စသည်တို့ကြောင့် အရွယ်မတိုင်မီ ဆံပင်ဖြူခြင်းကိုဖြစ်စေနိုင်သည်။

**ဆံပင်ဖြူခြင်းအတွက် သင့်လျော်သောအစားအစာများ**

ဆလတ်ရွက်၊ ကညွတ်၊ ပူဒီနာရွက်၊ ကိုက်လန်၊ ပဲသီး ခေါ် ပဲတောင့်ရှည်၊ မုန်ညင်းစိမ်း၊ ဟင်းနုနယ်၊ မုန်လာရွက် စသည့်ဟင်းရွက်စိမ်းများစားပါ။ အာလူး၊ မုန်လာဥနီ၊ ပန်းဂေါ်ဖီ(အဖြူ)၊ မှို၊ ခရမ်းသီး၊ ကန်စွန်းဥ၊ သခွားသီး၊ ချင်း စားပါ။ ချိစ်၊ ဆိတ်နို့၊ နွားနို့၊ ဒိန်ချဉ် စသည့်နို့နှင့်နို့ထွက်ပစ္စည်းများစားပါ။ ထောပတ်သီး၊ ငှက်ပျောသီး၊ နာနတ်သီး၊ ပန်းသီး စသည့်သစ်သီးဝလံများစားပါ။ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသောဥအမျိုးမျိုး၊ ပင်လယ်စာလတ်လတ်ဆတ်ဆတ်များ၊ အမဲအသည်း၊ သိုးသား၊ တူနာငါး၊ ငါးသေတ္တာ၊ ဆယ်လ်မွန်ငါး၊ အနီရောင်အသားမျိုးစုံ၊ ကြက်သားစားပါ။ ဂျုံနှင့်လုပ်ထားသောအစားအစာများစားပါ။ ရွှေဖရုံစေ့၊ သစ်ကြားသီး၊ ဗာဒံစေ့၊ သီဟိုဠ်စေ့၊ နေကြာစေ့ စသည့်အခွံမာသီးအစေ့အဆန်များစားပါ။ မြေပဲ၊ ပဲကြီး၊ ပဲပိစပ် စသည့်ပဲအမျိုးမျိုးစားပါ။ ကွေကာအုပ်စားပါ။ တရုတ်ဆီးသီးခြောက်စားပါ။

**ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းကောင်းများ**

ဆေးလိပ်သောက်ခြင်းက ဆံပင်ကိုအာဟာရပြုပေးသည့် ဆံချည်မျှင်သွေးကြောလေးများကို ပိတ်သွားစေသည့်အတွက် အမည်းရောင်ခြယ်ပစ္စည်းထုတ်လုပ်သည့်ဆဲလ်များသေဆုံးခြင်း၊ လျော့နည်းခြင်းကြောင့် ဆံပင်ဖြူလာရခြင်းဖြစ်သည်။ အရက်သေစာအလွန်အကျွံသောက်သုံးခြင်းက ကျန်းမာရေးကို ဘေးဖြစ်စေသလို၊ ဘေးထွက်ဆိုးကျိုးအဖြစ် ဆံပင်ဖြူစေသည်။ ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်း၊ တရားရှုမှတ်ခြင်းတို့ဖြင့် စိတ်ဖြေလျှော့အနားယူပါ။ စိတ်ဖိစီးမှုအမျိုးမျိုးက ငယ်ငယ်ရွယ်ရွယ်နှင့် ဆံပင်ဖြူခြင်းကိုဖြစ်စေတတ်၍ အိုမင်းရင့်ရော်စေမည့် အတွေးများကိုရှောင်ပါ။ ခေါင်းဖြီးရာတွင် ပလတ်စတစ်ဘီး မသုံးပါနှင့်။ သံ၊ သစ်၊ ဝါး စသည်တို့ဖြင့်ပြုလုပ်ထားသည့် ဘီးများသာသုံးပါ။ တီဗီမှထုတ်လွှင့်လိုက်သောX-ray နှင့် သံလိုက်လှိုင်းများက ဆံပင်ဖြူစေသောကြောင့် ထိန်းချုပ်ကိရိယာ (Remote)ကိုသုံး၍ တီဗီနှင့်ကိုးပေအကွာခန့်က တီဗီ



အဖွင့်အပိတ်ကိုလုပ်ပေးပါ။ ဦးရေပြားအနှိပ်ခံခြင်းကလည်း သွေးလှည့်ပတ်မှုအားကောင်းစေ၍ ဆံပင်ဖြူခြင်းကိုထိရောက်စွာကာကွယ်နိုင်သည်။ နံနက်စောစောစိုစွတ်သောမြေပေါ်တွင် ခြေဗလာဖြင့်လမ်းလျှောက်ခြင်းက ဆံပင်ဖြူခြင်းမှကာကွယ်ပေးသည်။ ဖြစ်နိုင်လျှင် ဆံပင်ကိုအရောင် ဆိုးခြင်း၊ ဖြောင့်ခြင်း၊ ကောက်ခြင်းမလုပ်ပါနှင့်။ ၎င်းဆေးများထဲတွင်ပါရှိသည့် ဟိုက်ဒြိုဂျင်ပါအောက်ဆိုက်ဓာတုဆေးများက ဆံသားကိုထိခိုက်ပျက်စီးစေရုံသာမက အရွယ်မတိုင်မီ ဆံပင်စောစောဖြူတတ်သည်။ ဦးရေပြားသန့်ရှင်းရေးဂရုစိုက်ပါ။ ရက်သတ္တပတ်လျှင် အနည်းဆုံး နှစ်ကြိမ်မှသုံးကြိမ်ထိ ခေါင်းလျှော်ပါ။ ရေနွေးမသုံးဘဲ ရေအေးဖြင့်သာခေါင်းလျှော်ပါ။ ခေါင်းလျှော်ပြီးနောက် ဆံပင်အခြောက်ခံစက်ကို အပူရှိန်ပြင်းပြင်းမသုံးပါနှင့်။ အပြင်းဖျားနာပြီးနောက် ရောဂါအရှိန်နှင့်ဆေးဝါးပြင်းပြင်းတွေကြောင့် ဆံပင်ပျက်စီးဆုံးရှုံးတတ်သလို၊ ဆံပင်လည်းဖြူတတ်သည်။ အိပ်ရေးမဝခြင်း၊ အအိပ်ပျက်ခြင်းကလည်း ဆံပင်ဖြူစေသည်။ စည်သွပ်ဘူးများနှင့် အချိုရည်တို့ကိုအထူးရှောင်ရှားသင့်သည်။

**ဆံပင်ဖြူတွေကို ဖုံးကွယ်နည်း**

မိမိအသားရောင်နှင့်လိုက်ဖက်မှုရှိသော ဆံပင်အရောင်ဆေးမှုတ်ပေးပါ။ ထိုအရောင်များက ရက်အနည်းငယ်ခံပြီး ဆံပင်ဖြူများကို ယာယီအားဖြင့် ဖုံးကွယ်ပေးထားနိုင်သည်။ Highlights ဖောက်ပါ။ လိုင်းဖော်ထားသည့် အရောင်များကြားတွင်ရောနှောသွားသဖြင့် ဆံပင်အဖြူကို ရုတ်တရက်မတွေ့နိုင်တော့ပေ။ ဆံပင်ထက်ဝက်ခန့်ဖြူနေပါက ဆံပင်ကို အရောင်ဆေးဆိုးရန်လိုအပ်သည်။ ထိုအခါ မိမိအသက်အရွယ်၊ မျက်နှာပုံပန်းသဏ္ဌာန်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပေါ်မူတည်ပြီး လိုက်ဖက်မည့် အရောင်ကို ဆေးဆိုးပေးသင့်သည်။

**အရွယ်မတိုင်ခင် ဆံပင်ဖြူခြင်းအတွက် အိမ်တွင်းကုထုံးများ**

သံလွင်ဆီတစ်မျိုးတည်း သို့မဟုတ် သံလွင်ဆီနှင့် ကြက်ဆူဆီတို့ကိုရော၍ ခေါင်းတွင်ရွှဲရွှဲလိမ်းပြီး မျက်နှာသုတ်ပုဝါဖြင့် တစ်နာရီခန့်ပေါင်းထားပြီးနောက်၊ ခေါင်းလျှော်လိုက်ပါ။ ပုံမှန်ခေါင်းလျှော်ပြီး၍ ရေဆေးချသည့်အခါ ပျားရည်နှစ်စက် သို့မဟုတ် သုံးစက်ထည့်ထားသော ရေတစ်ဖန်ခွက်ဖြင့် ခေါင်းလောင်းဆေးပေးပါ။ ကြက်ဥတစ်လုံး၊ ကြက်ဆူဆီစားပွဲတင်ဇွန်းနှစ်ဇွန်း၊ ရှုလကာရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ အလှဆီ(ဂရစ်စလင်း) လက်ဖက်ရည် ဇွန်းတစ်ဇွန်းတို့ကို အမြှုပ်ထလာအောင်ခေါက်ပြီး ဦးရေပြားနှင့်ဆံပင်ကို သုတ်လိမ်းပေးပါ။ တတ်နိုင်သလောက် ကြာကြာထားပြီးမှ ပြန်ဆေးပစ်ပါ။ ကြက်ဥတစ်လုံး၊ ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ သံလွင်ဆီလက်ဖက်ရည်ဇွန်းနှစ်ဇွန်း တို့ကိုလည်း ဖော်ပြပါနည်းအတိုင်း သုံးနိုင်သည်။ ရေဖန်ခွက်ဆယ်ခွက်မှ ၁၂ ခွက်ခန့် နေ့စဉ်သောက်ပါ။ ဆီးဖြူသီးပြုတ်ရည်ပျစ်ပျစ်နှင့် ခေါင်းလျှော်ပေးပါ သို့မဟုတ် ဆီးဖြူသီးကိုထောင်းထု၍ တစ်ညဉ့်သိပ်ရေစိမ်ထားပြီး၊ ထိုအရောအနှောများကို ဦးရေပြားနှင့် ဆံပင်အနှံ့လိမ်းကျံပေးပါ သို့မဟုတ် ဆီးဖြူသီးကို ထောင်းထု၍ အုန်းဆီစစ်စစ်ရောထည့်ကာ အရောင်မည်းလာသည်ထိ ဆူအောင်ပြုတ်ပါ။ အအေးခံပြီးနောက် ဦးရေပြားနှင့် ဆံသားအနှံ့လိမ်းကျံပါ။ အိန္ဒိယနိုင်ငံတွင်အနီရောင်ပန်းပွင့်သော ဒန်းဆိုးဆေးအပင်များကို ဆံပင်ဖြူ ခြင်း၊ ဆံပင်နှစ်ခွဖြစ်ခြင်း၊ ဆံပင်အရှည်မြန်စေခြင်းတို့အတွက် ရှေးယခင်ကတည်းက အသုံးပြုလာခဲ့ကြသည်။ ထိုဒန်းပင်အရွက်ကိုကြိတ်ခြေ၍ ရေမချိုးခင် တစ်နာရီခန့် ကြိုတင်၍ ဦးခေါင်းပေါ်လိမ်းကျံပြီးနောက် ခေါင်းလျှော်ချပါ။ လက်ဖက်ရည်ဖျော်ထားသော လက်ဖက်အချိုခြောက်အနှစ်များဖြင့် ဦးရေပြားအနှံ့လိမ်းကျံပြီးနောက် တစ်နာရီခန့်အကြာမှာ ခေါင်းလျှော်ချပါ။ ချင်းလက်တစ်ဆစ်ခန့်ကို အခွံနွှာကြိတ်ခြေ၍ ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းဖြင့် ရောကာ နေ့စဉ်သောက်ပါ။ အုန်းဆီနှင့် သံပုရာရည်တို့ကိုဆတူရော၍ ဦးရေပြားပေါ်နှိပ်နယ်ပေးပါ။ ဆံပင်ဖြူကိုသက်သာစေသည့်အပြင် ဆံသားအရောင်တောက်ပြောင်ကာ ဆံပင်ကျန်းမာလာစေသည်။ ရက်သတ္တပတ်လျှင် နှစ်ကြိမ်ခန့် ဦးရေပြားကို နွားနို့ထောပတ်စစ်စစ်ဖြင့် နှိပ်နယ်ပေးပါ။ ပျဉ်းတော်သိမ်းရွက်များကို အုန်းဆီဖြင့်ရော၍ အရောင်မည်းလာသည်ထိပြုတ်ပါ။ အအေးခံပြီးနောက် ဦးရေပြားကိုလိမ်းကျံပေးခြင်းဖြင့် ဆံသားကိုအားတိုးစေပြီး အမြစ်မှခိုင်ခံ့ကာ ဆံပင်ကျွတ်ခြင်းနှင့် ဆံပင်ဖြူခြင်းတို့မှ ကာကွယ်ပေးနိုင်သည်။ နွားနို့ သကြားမပါသည့် ကော်ဖီမှုန့်ပြင်းပြင်းဖျော်ထားသော ကော်ဖီခွက်ထဲကို ဆားလက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့်ရော၍ ဆံပင်ကို လိမ်းပေးပါ။ တစ်နာရီခန့်ထားပြီးနောက် ပုံမှန်လျှော်နေကျ ခေါင်းလျှော်ရည်ဖြင့်ခေါင်းလျှော်ပါ။ ကြက်သွန်နီကိုကြိတ်ခြေ၍ ဦးရေပြားအနှံ့လိမ်းပေးပါ။ ဤနည်းက ဆံသားမည်းနက်စေရုံသာမက ဦးခေါင်းထိပ်ပြောင်နေသူများကိုလည်း ဆံပင်ပြန်ပေါက်လာစေသည်။ သံပုရာရည်ဖြင့် ခေါင်းလျှော်ပါ။ လက်ခလယ်နှစ်ချောင်းကိုသုံး၍ လက်ထိပ်ဖျားများဖြင့် ဦးရေပြားအနှံ့ သွေးပူလာသည်ထိ နေ့စဉ်နှိပ်နယ်ပေးပါ။ မာလကာပင်၏အရွက်ကြိတ်ခြေ၍ ရလာသောအရည်ဖြင့် ဦးရေပြားကို ဆွတ်လိမ်းပေးပါ သို့မဟုတ် မာလကာရွက်ကိုပြုတ်၍ခေါင်းလျှော်ပါ။ ရှားစောင်းလက်ပပ်ဂျယ်လီအနှစ်ဖြင့် ဆံသားနှင့် ဦးရေပြားတို့ကို ပွတ်လိမ်းပေးပါ။ အနီရောင်အပွင့်ပွင့်သော ဒန်းပင်အရွက်တစ်ဆကို မုန်ညင်းဆီလေးဆဖြင့် ဆူပွက်လာသည်ထိပြုတ်ကာ၊ အအေးခံပြီးနောက် လိမ်းပေးပါ။ ဘူးသီးကိုကြိတ်ခြေ၍ ရလာသော အရည်ကိုနှမ်းဆီ သို့မဟုတ် သံလွင်ဆီဖြင့်ရောစပ်လိမ်းပေးခြင်းဖြင့် ဆံသားမည်းလာစေရုံမျှမက ဆံပင်ထူ၍ တောက်ပြောင်လာစေနိုင်သည်။ ပူဒီနာရွက်ခြောက်များကို ရေအေးထဲတွင် နှစ်နာရီခန့်စိမ်ထားပြီး၊ ထိုအရည်များဖြင့် ခေါင်းလျှော်ပါ။ သစ်ကြားသီးအခွံများကို မိနစ် ၂၀ ကြာပြုတ်၍အအေးခံပြီး၊ ထိုပြုတ်ရေဖြင့် ဆံပင်ကိုလိမ်းပါ။ သစ်ကြားသီးထဲရှိ သဘာဝကော့ပါး၊ ဇင့်ဓာတ်တို့က ဆံပင်နက်စေသည့် Melanin ဓာတ်ကို အားဖြည့်ပေးသဖြင့် နေ့စဉ် သစ်ကြားသီး ငါးလုံးခန့် စားပေးပါ။ ရခိုင်ငှက်ပျောသီးအခွံကို အခြောက်ခံ၍ အုန်းဆီသို့မဟုတ် နှမ်းဆီဖြင့်စိမ်၍လိမ်းပေးပါ။ ထောလပတ်ရွက်ကို အုန်းဆီတွင်ရောစပ်ပြီးလိမ်းကျံပေးပါက ဆံသားနက်မှောင်ရှင်သန်စေသည်။ ကြောင်ပန်းမြစ် ၃၁ ကျပ်သားကို အမှုန့်ပြု၍ ပျားရည် ၆၄ ကျပ်သားနှင့် သမအောင်မွှေပါ။ ထိုအရောအနှောများကို မြေအိုးတစ်လုံးတွင်ထည့်၍ အဝတ်ကိုရွှံ့အစိုသုတ်ကာ အိုးကိုအလုံပိတ်ပြီး စပါးထဲမြှုပ်ထားပါ။ တစ်လကြာသော်ပြန်ဖော်၍ နေ့စဉ် ၁၀ ပဲသားစီစားပါ။ ဆံပင်ဖြူများနက်မှောင်လာလိမ့်မည်။ ကျည်းနီသီးအဆန်ကိုသွေး၍ တစ်ခေါင်းလုံးလိမ်းပေးပါ။ ရက်သတ္တနှစ်ပတ်အတွင်း ဆံသားနက်ပြောင်လာစေသည်။ မန်ကျည်းမှည့်၊ ဆား၊ ပွေးကိုင်းရွက် ငါးကျပ်သားစီတို့ကို ပျားရည်၊ သကြားတစ်ဆယ်ကျပ်သားစီ ရော၍စားပေးပါ။ ဒန္တသုခပင်စည်နှင့် အရွက်တို့ကိုပြုတ်၍အအေးခံကာ ထိုအရည်ဖြင့် ခေါင်းလျှော်ပါ။

တတ်နိုင်သလောက် စိတ်ပျော်ရွှင်အောင်နေထိုင်ပါ။ လှပမှုရေးရာတွင် ဆံပင်က သက်ရှိလူသားတိုင်းအတွက်အရေးပါသော်လည်း၊ ဆံပင်အရောင် တစ်ခုတည်းဖြင့် အလှအပပြီးပြည့်စုံသွားမည်ဟု မဆိုနိုင်ပေ။ မိမိဘဝကို အမှန်တကယ် ကျေနပ်နှစ်သက်ပြီး ပျော်ရွှင်စွာ ဖြတ်သန်းခြင်းကသာ တကယ့်အလှစစ်စစ်ကို ပိုင်ဆိုင်နေသူတစ်ယောက်ပါ။

# ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ ကန်လွန်မီးတောင် ပေါက်ကွဲမှုဖြစ်ပွား



မနီလာ ဇွန် ၈

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင်ရှိသော ကန်လွန်မီးတောင်သည် ဒေသစံတော်ချိန် ယနေ့ နံနက် ၅ နာရီ ၅၁ မိနစ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒစောင့်ကြည့်ရေးအင်စတီကျူက ထုတ်ပြန်ခဲ့သည်။

မီးတောင်ပေါက်ကွဲပြီးနောက် မီးခိုး၊ ချော်ရည်နှင့်ပြာမှုန်များသည် မီးတောင်၏ အနောက်တောင်ဘက် မီတာ ၄၀၀၀ ခန့်ထိ ပျံ့နှံ့ခဲ့ကြောင်း၊ မီးတောင်မှ ကျဆင်းလာသော ချော်ရည်ပူများသည် လူနေအဆောက်အအုံများရှိရာဘက်သို့ စီးဆင်းလာနေကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒစောင့်ကြည့်ရေးအင်စတီကျူက ထုတ်ပြန်ခဲ့သည်။

"ဒီနေ့မနက်က ကန်လွန်မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါတယ်။ မီးခိုး၊ ချော်ရည်နဲ့ ပြာမှုန်တွေလဲ မီးတောင်ဝန်းကျင်ပျံ့နှံ့နေပါတယ်။ ချော်ရည်ပူတွေလဲ လူနေအိမ်တွေရှိရာဘက်ကို စီးဆင်းလာနေတဲ့အတွက် ဘေးလွတ်ရာရွှေ့ပြောင်းတာတွေ ပြုလုပ်နေပါတယ်"ဟု ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒစောင့်ကြည့်ရေးအင်စတီကျူမှ ခန့်မှန်းရေးဌာနခွဲအကြီးအကဲ အန်တိုနီယာဘောနက်စ်က ပြောကြားခဲ့သည်။

ကန်လွန်မီးတောင်သည် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သော်လည်း အရေးပေါ်သတိပေးချက် ထုတ်ပြန်မှုမရှိဘဲ သာမန်သတိပေးချက်သာ ထုတ်ပြန်ထားသေးကြောင်း၊ ကန်လွန်မီးတောင်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက နောက်ဆုံးပေါက်ကွဲခဲ့ပြီး ထိုအချိန်က သတိပေးချက်အဆင့် (၃) တွင်သာ ရှိကြောင်း၊ သတိပေးချက် အဆင့်(၃) သည် ပေါက်ကွဲနိုင်သည့်အလားအလာရှိကာ မငြိမ်မသက်ဖြစ်နေသော မီးတောင်ဟု သတ်မှတ်ထားကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ နီဂရော့စ်ကျွန်းတစ်လျှောက်တွင် မီးတောင်များစွာရှိပြီး ကန်လွန်မီးတောင်သည် မကြာခဏ ပေါက်ကွဲမှုဖြစ်သော မီးတောင် ၂၄ လုံးထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တရုတ်နိုင်ငံအတွင်း ရေကြီးရေလျှံမှုလျှော့ချရေးနှင့် မိုးခေါင်မှုပြဿနာ ကာကွယ်ရေးအတွက် ဆောင်ရွက်သွားရန် ဒုတိယဝန်ကြီးချုပ်တိုက်တွန်း

ပေကျင်း ဇွန် ၈

တရုတ်နိုင်ငံ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ် ကျန်းဂူကျင်းက နိုင်ငံအတွင်း ရေကြီးရေလျှံမှုပြဿနာကို လျှော့ချနိုင်ရေးအတွက် အရှိန်မြှင့်တင် ဆောင်ရွက်သွားရန်နှင့် မိုးခေါင်မှုပြဿနာ ကာကွယ်ရေးကို စီမံချက်များဖြင့် ဆောင်ရွက်သွားရန် တာဝန်ရှိသူအသီးသီးကို တိုက်တွန်းခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နိုင်ငံတော်ဒုတိယဝန်ကြီးချုပ် ကျန်းဂူကျင်းသည် ဇွန် ၇ ရက်က ပေကျင်းမြို့တွင် ကျင်းပခဲ့သော ရေကြီးရေလျှံမှု ထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားမှု ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားညီလာခံတွင် တက်ရောက်လာသော တာဝန်ရှိသူများကို ရေကြီးရေလျှံမှု လျှော့ချရေးနှင့် မိုးခေါင်မှုပြဿနာ ကာကွယ်ရေးကို အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကာကွယ်ရေးအစီအမံများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရေကြီးရေလျှံမှု အမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း အစရှိသည့် အသေးစိတ်လုပ်ငန်းများကို ဆောင်ရွက်သွားရေးအတွက် ကျွမ်းကျင်ပညာရှင်များကို ရွေးချယ်တာဝန်ပေးသွားရန် ညွှန်ကြားထားကြောင်း၊ ရေဘေးအန္တရာယ်နှင့်ပတ်သက်ပြီး အရေးကြီးဆုံးသောအချက်မှာ တောင်တန်းဒေသနှင့် မြို့ပြဒေသများတွင်ဖြစ်ပေါ်သည့် ရေကြီးရေလျှံမှု အမျိုးအစားအလိုက်ကို သတ်သတ်မှတ်မှတ် ခွဲခြားအချိန်ပြည့် စောင့်ကြည့်သွားနိုင်ရေးအတွက် နည်းပညာအကူအညီကို ရယူသွားမည်ဖြစ်ကြောင်း ကျန်းဂူကျင်းက ပြောကြားခဲ့သည်။

"နိုင်ငံအတွင်း ရေကြီးရေလျှံမှုပြဿနာကို လျှော့ချနိုင်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်သွားဖို့နဲ့ မိုးခေါင်မှုပြဿနာ ကာကွယ်ရေးကို စီမံချက်တွေနဲ့ဆောင်ရွက်သွားဖို့အတွက် တာဝန်ရှိသူအသီးသီးကို တိုက်တွန်းပါတယ်"ဟု တရုတ်နိုင်ငံ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ် ကျန်းဂူကျင်းက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# နယူးဇီလန်နိုင်ငံ လက်ဗင်မြို့ကို လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးမှုများရှိခဲ့

ဝယ်လင်တန် ဇွန် ၈

နယူးဇီလန်နိုင်ငံ လက်ဗင်မြို့တွင် ဇွန် ၇ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး လေဆင်နှာမောင်းကြောင့် နေအိမ်တချို့ ပျက်စီးကာ အခြေခံအဆောက်အအုံတချို့လည်း ပျက်စီးခဲ့ကြောင်း နယူးဇီလန်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းကြောင့် အိမ်ခေါင်မိုးများ ကွာကျခြင်း၊ ခြံစည်းရိုးများ ပြုတ်ထွက်ခြင်း၊ နေအိမ်များအတွင်းရှိ ပစ္စည်းများ ပျက်စီးမှုများရှိခဲ့ကာ လေဆင်နှာမောင်းကြောင့် သစ်ပင်ကြီးတချို့လဲကျကာ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ပြီး အမှတ်(၁)ပြည်ထောင်စုလမ်းမကြီးကို ယာယီပိတ်ထားကြောင်း၊ ဝီလ်တန်လမ်းမကြီးကိုလည်း လမ်းပိုင်းတချို့ပျက်စီးမှုကြောင့် ယာယီပိတ်ထားရကြောင်း၊ ပိတ်ထားသည့်လမ်းများသည် ခိုင်ခံ့မှုမရှိဘဲ အန္တရာယ်ရှိသည့်အတွက် ဖြတ်သန်းသွားလာခြင်း လုံးဝမပြုလုပ်ရန်လည်း နယူးဇီလန်အာဏာပိုင်အဖွဲ့အစည်းက တင်းကျပ်စွာတားမြစ်ထားကြောင်း သိရသည်။



"လက်ဗင်မြို့မှာ အားကောင်းတဲ့ လေဆင်နှာမောင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ နေအိမ်တချို့ ပျက်စီးခဲ့သလို အခြေခံအဆောက်အအုံတချို့လဲ ပျက်စီးခဲ့ပါတယ်။ ဝီလ်တန် လမ်းမပေါ်မှာတော့ ပျက်စီးမှုနှုန်း မြင့်မားခဲ့ပါတယ်။ ဒါကြောင့်လမ်းကိုယာယီပိတ်ထားပါတယ်"ဟု နယူးဇီလန် မီးသတ်နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂရေ့ဂိုလက် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အိုင်ယာလန်နိုင်ငံ ကာရီကောင်တီတွင် လောင်ကျွမ်းနေသည့် တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့

ဒပ်ဗလင် ဇွန် ၈

အိုင်ယာလန်နိုင်ငံ ကာရီကောင်တီတွင် ဇွန် ၇ ရက်မှစ၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိခဲ့ကြောင်း ကာရီကောင်တီ မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

တောမီးလောင်ကျွမ်းမှုသည် မိုးလေဝသ အခြေအနေကြောင့် အချိန်တိုအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ပြီး ကန်မဲလ်ဒေသမှ စနင်မ်လမ်း တစ်လျှောက် တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ကာရီကောင်တီအနီးရှိ တောင်တန်းဧရိယာမှ တောမီးစတင်လောင်ကျွမ်းလာခဲ့ခြင်းဖြစ်ပြီး နေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းမှုမရှိစေရေးအတွက် အဓိကထား ငြိမ်းသတ်ပေးလျက်ရှိကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုဟာ သဘာဝ အရင်းအမြစ်ပေါ်မှာ ကြီးမားတဲ့ရိုက်ခတ်မှုတွေ ဖြစ်ပေါ်စေပါတယ်။ တောမီးကြောင့် အမျိုးသားဥယျာဉ်နဲ့ သဘာဝသစ်တောကြိုးဝိုင်းတွေလဲ ပျက်စီးခဲ့ရတယ်။ တောမီးလောင်ကျွမ်းမှုကနေ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေနဲ့ အပူချိန်တွေမြင့်တက်လာတဲ့အတွက် တောရိုင်းတိရစ္ဆာန်တွေလဲ သေဆုံးမှုများပြားခဲ့တယ်။ စားကျက်တွေလဲ ရှားပါးလာတယ်။ ကာရီကောင်တီအနီးမှာ လောင်ကျွမ်းနေတဲ့ တောမီးဟာ ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်လာပြီဖြစ်ပါတယ်။ တောမီးကြောင့် အစားထိုးလို့မရတဲ့အရာတွေ ဆုံးရှုံးလာပြီးတော့ ရေရှည်အတွက် အနုတ်လက္ခဏာဆောင်တဲ့ ပျက်စီးမှုတွေလဲ ဖြစ်ပေါ်လာစေပါတယ်"ဟု အိုင်ယာလန် သဘာဝနှင့် ဇီဝမျိုးစုံမျိုးကွဲဝန်ကြီး အိုဆူလီဗန်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

ဂျကာတာ ဇွန် ၈

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ယနေ့ နံနက်အစောပိုင်းက ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း နိုင်ငံ၏ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းတွင်ရှိသော အာချေးပြည်နယ်တွင် ယနေ့ နံနက်အစောပိုင်းက ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့သော်လည်း ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း၊ ကနဦးထုတ်ပြန်ချက်တွင် ငလျင်၏ပြင်းအားကို ၆ ဒသမ ၂ ဟုသတ်မှတ်ခဲ့သော်လည်း တိကျသေချာသော စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ၅ ဒသမ ၉ မဂ္ဂနီကျူဟု ပြန်လည်ပြင်ဆင်ခဲ့ကြောင်း သိရသည်။

ငလျင်သည် ယနေ့ နံနက် ၂ နာရီ ၄၈ မိနစ်တွင် ဆီနာဘန်းမြို့၏ အရှေ့တောင်ဘက် ၆၂ ကီလိုမီတာအကွာကို ဗဟိုပြု၍ ပင်လယ်ကြမ်းပြင်အောက် အနက် ကီလိုမီတာ ၃၀ တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ကြောင့် ကြီးမားသောလှိုင်းလုံးများ မဖြစ်ပေါ်နိုင်သဖြင့် ဆူနာမီသတိပေးချက် ထုတ်ပြန်မထားခြင်းဖြစ်ကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"ငလျင်ဒဏ်သင့်ဒေသဖြစ်တဲ့ ဆီနာဘန်းမြို့မှာ အသေးစားထိခိုက်ပျက်စီးမှုတွေ ဖြစ်ခဲ့ပေမဲ့ ကြီးကြီးမားမားထိခိုက်ပျက်စီးတာနဲ့ အသေအပျောက်မရှိပါဘူး"ဟု ခရိုင်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် လျှော့ပါးရေးအေဂျင်စီမှ အကြီးတန်းအရာရှိ ဇိုပန်က ပြောကြားခဲ့သည်။

ကျွန်းစုနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ငလျင်မကြာခဏ လှုပ်ခတ်နေသော ပစိဖိတ်မီးကွင်းပေါ်တွင် တည်ရှိပြီး နိုင်ငံတွင် မီးတောင် ၁၂၇ လုံးရှိပြီး မကြာခဏလှုပ်ရှားနေသည်ဟု မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ







# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏ မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်နိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြား






အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်နိုင်ငံ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားတွင် ကျေးဇူးတင်ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၈**

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ငလျင်ထန်လျင်နှင့် နောက်ဆက်တွဲငလျင်များကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသို့ အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လာရောက်လုပ်ဆောင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းစဉ်များပြီးမြောက်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် တရုတ်နိုင်ငံ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)





ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com